မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၃၂၉)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်   ၂၀၁၂ ခုနှစ်၊ ဩဂုတ် ၃၀ ရက်၊ သောကြာနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးရေးအတွက် ကဏ္ဍများစွာတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကိုရီးယားသမ္မတနိုင်ငံ လုံခြုံရေးနှင့် ပြည်သူ့စီမံခန့်ခွဲရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. YOO Jeong Bok ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံက မြန်မာနိုင်ငံတွင် စံပြကျေးရွာများ ဖော်ဆောင်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ကူညီပေးလျက်ရှိသဖြင့် များစွာကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာ-ကိုရီးယား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ကော်မတီဖွဲ့စည်းပြီး မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးရေးအတွက် ကဏ္ဍများစွာတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆွေတော်၏ ယခုခရီးစဉ်သည် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးက ယခုအချိန်တွင် နှစ်နိုင်ငံဆက်ဆံမှု ပိုမိုကောင်းမွန်လာပြီး အထူးသဖြင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာပါကြောင်း၊ မြန်မာနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အလွန်အရေးကြီးပါကြောင်း၊ ယင်းသို့ဖွံ့ဖြိုးမှသာ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံက ဖော်ဆောင်အောင်မြင်ခဲ့သော ကျေးရွာသစ်လှုပ်ရှားမှု အတွေ့အကြုံများကို မြန်မာပြည်သူများသို့ လက်ဆင့်ကမ်းပေးလျက်ရှိရာ မနက်ဖြန်တွင် ကျေးရွာသစ်လှုပ်ရှားမှုစင်တာ ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ◯

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံ လုံခြုံရေးနှင့် ပြည်သူ့စီမံခန့်ခွဲရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr.YOO Jeong Bok ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ယနေ့ **မာတိကာ**

ဂါနာကျောင်းသား ၁၀၀ ကျော် တရုတ်အစိုးရပညာသင်ဆုရရှိ — စာမျက်နှာ - ၄

နိုင်ငံရေးသမားနှင့် မီဒီယာ — ဆောင်းပါး — စာမျက်နှာ - ၆

စံချိန်စံညွှန်း သတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်း — စာမျက်နှာ - ၈၊ ၉

အောင်မင်္ဂလာ အဝေးပြေးယာဉ်ရပ်နားစခန်းရှိ လမ်းများ အားလုံး ဒီဇင်ဘာအပြီး အဆင့်မြှင့်မည် — စာမျက်နှာ - ၁၁

အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှု အကောင်းဆုံးသည် ပညာရေးဖြစ်သည် — စာမျက်နှာ - ၁၅

တံခါးခေါက်ဝင်ရောက်သူပိုမိုများပြားနိုင်ရေး အားလုံးတွင်တာဝန်ရှိပါသည်

ခင် ၅ တ နှာ

မိုးရေစက်များကြားမှ မရိုးနိုင်သည့် သီလဝါစက်မှုဇုန်စက်ရုံများ မြင်ကွင်းများကိုကြည့်ရင်း စီးပွားရေးဧည့်လမ်းညွှန် ကိုတေဇာထွန်း တစ်ယောက် သက်ပြင်းကို ချမိသည်။

သူ၏နေရာသို့ လာရောက်ခဲ့ရသည်မှာ ယခုအကြိမ်အပါအဝင်ဆိုပါက အကြိမ် (၃၀)ပင်ကတော့မည်မထင်ပါ။ များပြားလှသည့် တစ်ဦးချင်းသို့မဟုတ် စီးပွားရေးလုပ်ငန်းရှင်ရှေ့ပြေးအကြိုအုပ်စုများကို လိုက်ပါပို့ဆောင်ပေးနေသည်မှာ အကြိမ်များစွာပင်ဖြစ်နေပြီ ဖြစ်သော်လည်း အမှန်တကယ် ရင်းနှီးမြှုပ်နှံရန် ပြန်လည်လာရောက်သူထက် လာရောက်လေ့လာစုံစမ်းသူက ပိုမိုများပြားသည်ကတော့ ကိုတေဇာထွန်း ကိုယ်တွေ့ပင်။

စီးပွားရေးဖြင့် ကျောင်းပြီးကတည်းက ဧည့်လမ်းညွှန်ဘဝကို ရွေးချယ်ရင်း မြန်မာနိုင်ငံတွင် လာရောက်ကာ စီးပွားရေးလုပ်ကိုင်လိုသူများကို ၎င်းတို့သိလိုသည့် မေးခွန်းများနှင့် သွားလိုသည့်နေရာများသို့ လိုက်ပါပို့ဆောင်ရသည့်အလုပ်ကို သူနှစ်သက်သည်။ ၂၀၁၂ခုနှစ်အတွင်း ပြဋ္ဌာန်းခဲ့သည့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဥပဒေကြောင့် သူတို့ကဲ့သို့ စီးပွားရေးဧည့်လမ်းညွှန်များ ဝင်ငွေလမ်း ပိုမိုဖြောင့်တန်းတော့မည်ဟု ယူဆထားသော်လည်း ရင်းနှီးမြှုပ်နှံရန် လာရောက်သူအများစုမှာ ထပ်မံဝင်ရောက်ရန် အချိန်အခါစောင့်ဆိုင်းနေသည်ကိုသာ မြင်တွေ့နေရပြီး ရင်းနှီးမြှုပ်နှံမှု မျှော်မှန်းသလောက် မဝင်လာသေးသည်ကို တွေးမိရင်း ကိုတေဇာထွန်း ဒုတိယမြောက် သက်ပြင်းကို ထပ်မံချမိသည်။

"ကျွန်တော်တို့အနေနဲ့ အခြားနိုင်ငံတွေလို မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံခွင့်ရဖို့ အများကြီးမျှော်လင့်ပါတယ်။ သမ္မတကြီးအပါအဝင် အစိုးရပိုင်းကလည်း မူဝါဒပိုင်းပြင်ဆင်မှုတွေ၊ ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းလာမှုတွေကို အားရကျေနပ်မှုရှိပါတယ်။ သို့သော်လည်း ကျွန်တော်တို့အနေနဲ့ စီးပွားရေးအလုံးအရင်းနဲ့ ဝင်ရောက်မြှုပ်နှံမှုကိစ္စရပ်တွေကိုတော့ သေသေချာချာ ပြင်ဆင်သုံးသပ်နေရတာရှိပါတယ်။ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုအတွက်

စာမျက်နှာ ၁၀ ကော်လံ ၁ ◆

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အလုပ်အကိုင်အခွင့်အလမ်း

နိုင်ငံတစ်နိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်းသည် လူတစ်ဦးချင်း၊ မိသားစုတစ်စုချင်း လူမှုစီးပွားဘဝ တိုးတက်လာရုံမက နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်လည်း များစွာ အထောက်အကူပြုလျက်ရှိပါသည်။ တစ်နည်းအားဖြင့် ပြောလျှင် ပြည်သူလူထု၏ဆင်းရဲမှုကို လျှော့ချပေးခြင်း ဖြစ်သည်။ မိသားစုတိုင်း အလုပ်အကိုင်များ တိုးတက်ရရှိလာပါမှ မိသားစုအတွင်း ဝင်ငွေတိုးကာ လူမှုဘဝမြင့်မားလာမည်ဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံအများစုတွင် ပြည်သူများ၏ လူမှုဘဝသာယာရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိရေးအတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။ အထူးသဖြင့် ကျွန်ုပ်တို့အိမ်နီးချင်း တရုတ်နိုင်ငံတွင် အလုပ်အကိုင် အခွင့်အလမ်းပြပွဲများ၊ အလုပ်အကိုင်ခေါ်ယူရေးစင်တာများ ထူထောင်ပြီး အလုပ်အကိုင်ရရှိရေးအတွက် ဆောင်ရွက်ပေးနေကြောင်း ကြားသိရပါသည်။ ကျွန်ုပ်တို့နိုင်ငံတွင်လည်း မကြာသေးမီက ရန်ကုန်နှင့် မန္တလေးမြို့ကြီးများ၌ အလုပ်အကိုင်အခွင့်အလမ်းပြပွဲများ ကျင်းပပြီး အလုပ်အကိုင်များ ဖန်တီးပေးလာနိုင်သည်ကိုလည်း သတိပြုမိပါသည်။

အလုပ်အကိုင်အခွင့်အလမ်းပြပွဲဆိုသည်မှာ အလုပ်ပေးချင်သူ၊ အလုပ်ခန့်ချင်သူ အလုပ်ရှင်များ၊ ကုမ္ပဏီပိုင်ရှင်များ၊ စက်ရုံအလုပ်ရုံပိုင်ရှင်များနှင့် အလုပ်လိုချင်သူများ တိုက်ရိုက်ထိတွေ့ပြီး အလုပ်ခန့်ပေးခြင်းဖြစ်သည်။ အလုပ်အကိုင်အခွင့်အလမ်းပြပွဲများသည် အလုပ်ရှင်များက အရည်အချင်းပြည့်ဝသော အလုပ်သမားများကို တစ်နေရာတည်းတွင် ရွေးချယ်ခေါ်ယူနိုင်မည်ဖြစ်သကဲ့သို့ အလုပ်လျှောက်ထားသူများကလည်း မိမိတို့စိတ်ကြိုက်အလုပ်များကို ရွေးချယ်လုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။ အလွန်ထိရောက်သော အလုပ်အကိုင်ဖန်တီးပေးမှုပင် ဖြစ်ပါသည်။

ဤကဲ့သို့သော အလုပ်အကိုင်အခွင့်အလမ်းပြပွဲများကို ရန်ကုန်နှင့် မန္တလေးမြို့ကြီးများသာမက အခြားသော အလုပ်အကိုင် ဖန်တီးပေးနိုင်မည့် မြို့ကြီးများ၌လည်း ကျင်းပပေးမည်ဆိုပါက အလုပ်ရှင်နှင့် အလုပ်လျှောက်ထားသူများ တိုက်ရိုက်ထိတွေ့ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။ ယခုအခါ နိုင်ငံတစ်ဝန်း အသေးစားစီးပွားရေးလုပ်ငန်းများ အမြန်ဆုံးထူထောင်လုပ်ကိုင်ကြရန် နိုင်ငံတော်က တိုက်တွန်းအားပေးလျက်ရှိရာ မကြာမီ အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားလာနိုင်ပါသည်။

အလုပ်လိုချင်သူ၊ အလုပ်လျှောက်ထားသူများအနေဖြင့် အလုပ်နှင့်ပတ်သက်သော ကျွမ်းကျင်တတ်မြောက်မှုများ ပိုင်ဆိုင်ထားရန် အထူးအရေးကြီးပါသည်။ ဥပမာ ကွန်ပျူတာသင်တန်း၊ စာရင်းကိုင်သင်တန်း၊ စီမံခန့်ခွဲရေးသင်တန်း၊ အင်္ဂလိပ်စာသင်တန်း၊ ယာဉ်မောင်းစက်ပြင်သင်တန်း စသည်ဖြင့် လုပ်ငန်းခွင်အသုံးချသင်တန်းများတက်ရောက် တတ်မြောက်ကျွမ်းကျင်ထားရန် လိုအပ်ပါသည်။ သို့မှသာ အလုပ်ခန့်ထားခံရရန် အဆင်ပြေမည်ဖြစ်ပါသည်။ ထို့ကြောင့် အလုပ်အကိုင်အခွင့် အလမ်းပြပွဲများသာမက အလုပ်ခေါ်ယူရေးစင်တာများ ထူထောင်ပေးခြင်းဖြင့် အလုပ်အကိုင်ဖန်တီးပေးရေးကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်မည်ဟု ယုံကြည်မိပါကြောင်း။ ။

ပြည်တွင်းသတင်း

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

နေပြည်တော် ဩဂုတ် ၂၉

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦး ဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံ အင်ကြင်းတောစသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာ တစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနီယသုံးဌာနကို နေပြည်တော်သတ္တဌာန အနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၆၊ ဦးဝင်းငွေ (အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၀၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း- ၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၀၄၊ စီမံရေးရာဌာနမှူး ဖုန်း- ၀၉-၆၄၀၀၃၉၄ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

မြန်မာ-ဒိန်းမတ် ရေအရင်းအမြစ်ဆိုင်ရာဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၉

Myanmar-Danish Water Days 2013 ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီခွဲက ကန်တော်ကြီးပဲလေ့စ် ဟိုတယ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက Myanmar-Danish Water Days အစီအစဉ်သည် မြန်မာနှင့်ဒိန်းမတ် နှစ်နိုင်ငံ ပူးပေါင်း၍ ရေနှင့်သက်ဆိုင်သော အခန်းကဏ္ဍများတွင် နည်းပညာပိုင်းဆိုင်ရာများ မျှဝေနိုးနှောပြီး ရေ့ဆက်လက်၍ ကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများဖြစ်ထွန်းလာမည်ဟုမျှော်လင့်ပါကြောင်း၊ ရေနှင့်ပတ်သက်သည့် အသိပညာများ၊ အတွေ့အကြုံများ၊ စီမံချက်လုပ်ငန်းဖော်ဆောင်မှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြခြင်းဖြင့် ရလဒ်ကောင်းများ ထွက်ပေါ်လာမည်ဖြစ်ကြောင်း၊ လက်ရှိရေလိုအပ်ချက်နှင့် ရရှိနိုင်မည့် ရေအရင်းအမြစ်များ မျှတနိုင်ရန်အတွက် အဆင့်မြင့်ရေပေးဝေရေးစနစ် ဆောင်ရွက်နိုင်မည့် နည်းပညာကိုလည်း ပူးပေါင်းဖော်ထုတ် အကောင်အထည်ဖော်သွားကြရမည် ဖြစ်ကြောင်း၊ ယခုအစီအစဉ်မှ တစ်ဆင့် နှစ်နိုင်ငံအကြား ပိုမိုခိုင်မာသည့် ပူးပေါင်းဆောင်ရွက်မှု ရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် ရေကဏ္ဍအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့်အစီအစဉ်များထွက်ပေါ်လာအောင် ဆောင်ရွက်ပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်းပြောကြားသည်။

ယင်းနောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စေတနာမှန်သော်လည်း နေရာမမှန်သောအမှိုက်ကန် ပြောင်းရွှေ့ပေးစေလို

ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် အမှတ်(၂)ရပ်ကွက် ရန်အောင်လမ်းသွယ်(၄)လမ်းသည် နေ့စဉ် နံနက် ၆ နာရီမှ ၁၀ နာရီအထိ နံနက်ခင်း ယာယီဈေးတန်းအဖြစ် ဟင်းသီးဟင်းရွက်၊ ကုန်စိမ်း၊ သစ်သီး၊ ကုန်စုံ၊ သားငါးများနှင့်စားသောက်ဆိုင်များဖွင့်လှစ်ရောင်းချလျက်ရှိသည်။

အဆိုပါဈေးတန်း ဆိုင်ခန်း၊ စားသောက်ဆိုင်များမှ ထွက်ရှိလာသော အမှိုက်များ စွန့်ပစ်ရန်အတွက် စည်ပင်သာယာမှ အုတ်စီကွန်ကရစ်အမှိုက်ကန်တစ်ခုကို တိုက်အမှတ် ၇/၂ရှေ့ မျက်နှာစာတွင် စေတနာအမှန်ဖြင့် တည်ဆောက်ပေးထားသည်။ ဈေးသည်များအားလုံးကလည်း အဆိုပါ အမှိုက်ကန်အတွင်းသို့ လာရောက်စွန့်ပစ်ကြသည်။ **(အပေါ်ပုံ)**

နံနက်ဈေးတန်းသည် နံနက် ၁၀ နာရီတွင် ပိတ်သိမ်းသွားကြသော်လည်း အနံ့ပေါင်းစုံထွက်နေသည့် စွန့်ပစ်အမှိုက်မှအနံ့ဆိုးများ ထွက်ရှိကျန်နေခဲ့သည်။ ညဉ့်နက်သန်းခေါင်တွင်မှ စည်ပင်ဝန်ထမ်းများက လာရောက်သိမ်းဆည်းသည်။ ဈေးသိမ်းချိန် နံနက် ၁၀ နာရီမှ ညဘက် လာရောက်အမှိုက်သိမ်းချိန်အထိ စွန့်ပစ်အမှိုက်မှ အနံ့ဆိုးများကို ရပ်ကွက်နေပြည်သူများ ကျန်းမာရေးထိခိုက်မှု နေ့စဉ်ခံစားနေကြရသည်။

လူနေအိမ်ခြေနှင့် အလှမ်းကွာသောနေရာတွင်အမှိုက်ကန်ကို ပြောင်းရွှေ့တည်ဆောက်ပေးပါရန်နှင့် လိုအပ်ပါက ရွှေ့ပြောင်းသယ်ယူနိုင်ရန်အတွက် လိုအပ်သော အမှိုက်တင်လှည်းများကို ရပ်ကွက်နေပြည်သူများက ပါဝင်လှူဒါန်းရန် ဆန္ဒသဘောထားရှိနေကြပါကြောင်း ရပ်ကွက်နေပြည်သူများ၏ဆန္ဒကို ထင်သာမြင်သာ ပြုပြင်စရာကဏ္ဍမှ တင်ပြအပ်ပါသည်။ **(၀၄၃)**

ထင်သာမြင်သာ ပြုပြင်စရာ

မှော်ဘီ မူလွန်ကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရေး ဂျပန်အစိုးရက ထောက်ပံ့

ရန်ကုန် ဩဂုတ် ၂၉

ဂျပန်နိုင်ငံအစိုးရ၏ အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အမှတ် (၄)ရပ်ကွက် ကွက်သစ်မူလတန်းလွန်ကျောင်း၌ ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် အမေရိကန်ဒေါ်လာ ၁၁၆၄၃၄ ကို လူသားချင်း စာနာထောက်ထားမှု အထောက်အပံ့အဖြစ် ပေးအပ်ရန် ဆုံးဖြတ်ခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာဂျပန်သံရုံးမှ သံအမတ်ကြီး Mr.Mikio NUMATA နှင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အမှတ် (၄)ရပ်ကွက် ကွက်သစ် မူလတန်းလွန်ကျောင်း ကျောင်းဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအေးကိုတို့သည် ဩဂုတ် ၂၈ ရက်က အထောက်အပံ့ပေးရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

မှော်ဘီမြို့နယ် အမှတ်(၄) ရပ်ကွက် ကွက်သစ်မူလတန်းလွန်ကျောင်းသည် ၂၀၀၈ခုနှစ် နာဂစ်ဒဏ်ကြောင့်လည်း ပျက်စီးယိုယွင်းမှုများ ရှိခဲ့သည်။ ထို့အပြင် ကျောင်းနယ်မြေဧရိယာမှာ မြေနိမ့်ဒေသတွင် တည်ရှိနေပြီး မိုးရာသီတွင် ကျောင်းပရဝဏ်အတွင်း ရေဝပ်မှုအခက်အခဲများကိုလည်း ရင်ဆိုင်ကြုံတွေ့နေရသည်။ သို့ဖြင့် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားနိုင်မှုအခြေအနေသည် ယိုယွင်းနိမ့်ကျလျက်ရှိပြီး စာသင်ကျောင်းဆောင်သစ် အလျင်အမြန် လိုအပ်လျက်ရှိနေသည်။ ထို့အတွက်ကြောင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များက ကျောင်းဆောင်သစ် တစ်ဆောင် တည်ဆောက်နိုင်ရေးအတွက် အင်တိုက်အားတိုက် ဆောင်ရွက်နေကြသော်လည်း ငွေကြေးဆိုင်ရာအခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

ဤကဲ့သို့သော အခြေအနေများ ဖြစ်ပေါ်နေ၍ အဆိုပါ မူလတန်းလွန်ကျောင်းအတွက် ပေ (၇၀×၃၀) သံကူကွန်ကရစ် နှစ်ထပ်ကျောင်းဆောင်တစ်ဆောင်နှင့် အိမ်သာ၊ ကျောင်းသုံးပရိဘောဂများအတွက် ထောက်ပံ့ပေးရန် ဆုံးဖြတ်ခဲ့သည်။ ဤအထောက်အပံ့သည် အဆိုပါကျောင်းတွင် ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူများအတွက် ပိုမိုကောင်းမွန်သော သင်ကြားမှုအခြေအနေများကိုဖြစ်ပေါ်စေပြီး ဂျပန်-မြန်မာနှစ်နိုင်ငံချစ်ကြည်ရေးကို တိုးတက်ခိုင်မာလာလိမ့်မည်ဟု မျှော်လင့်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာပြည်မှာ ပထမဆုံး အသံထွက် အက်ဆေး စာအုပ်

အင်္ဂလိပ်စာ ဆရာဘဝ နှစ် (၄၀) ပြည့် အထိမ်းအမှတ်

ဂုဏ်ထူး ဦးအောင်ခိုင်

ESSAYS & LETTERS

CD

မြို့မချိုဈေး → ၂၇၂ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။ 01 252 919

ပြည်တွင်းသတင်း



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၉

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr. Derek Mitchell အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြန်မာ-အမေရိကန် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာ့ဒီမိုကရေစီ အရေးတွင် တပ်မတော်၏ အရေးပါမှုများ၊ လွှတ်တော်အတွင်း တပ်မတော်သား ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်များ၊ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုဆိုင်ရာ ကိစ္စရပ်များနှင့် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr. Derek Mitchell အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ တက်ရောက်ကြပြီး အမေရိကန်သံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်စစ်သံမှူး Colonel William C.Dickey နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သံအမတ်ကြီး ဦးတင်ယုအား လတ်ဗီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးပူးတွဲခန့်

နေပြည်တော် ဩဂုတ် ၃၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ယုအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် လတ်ဗီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

❍ **ရှေ့ဖုံးမှ**

ထို့ပြင် ကိုရီးယားနိုင်ငံမှ ဆမ်ဆောင်းကုမ္ပဏီက မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ညှိနှိုင်းဆောင်ရွက်နေမှု၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် ဆက်သွယ်၍ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်နေမှု၊ ကိုရီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၏ မြန်မာနိုင်ငံခရီးစဉ်တွင် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ချေးငှားရန် သဘောတူညီခဲ့မှု၊ မြန်မာနိုင်ငံတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစဉ် (၈) ရပ်ချမှတ်၍ ဝန်ကြီးဌာနပေါင်းစုံ ပူးပေါင်းဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးကျော်ဆန်း၊ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ကိုရီးယားနိုင်ငံဝန်ကြီး ဦးဆောင်သောအဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး တက်ရောက်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း အိန္ဒိယသံအမတ်ကြီးနှင့်တွေ့ဆုံ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၉

ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း လမ်းတံတားများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အိန္ဒိယနိုင်ငံ အထောက်အပံ့ အမေရိကန်ဒေါ်လာ ငါးသန်းဖြင့် ဆက်လက်ဆောင်ရွက်သွားမည့် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ၊ ရခိုင်ပြည်နယ်အတွင်း မူလတန်းကျောင်း ၁၀ ကျောင်း ဆောက်လုပ်နိုင်ရေး အမေရိကန်ဒေါ်လာတစ်သန်း ထောက်ပံ့လှူဒါန်းရေးဆိုင်ရာကိစ္စရပ်များ၊ ရခိုင်ပြည်နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်တွေဆိပ်ကမ်းစီမံကိန်း၊ ကုလားတန်မြစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး

သက်နိုင်ဝင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Gautam Mukhopadhaya တို့သည် ယနေ့ ညနေ ၃နာရီတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

အိန္ဒိယနိုင်ငံ အထောက်အပံ့အဖြစ် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ငါးသန်းဖြင့် (၅)နှစ်စီမံကိန်းအတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၅ သန်းကိုထောက်ပံ့ပြီး ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း လမ်းတံတား၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံ အဆောက်အအုံများ ဆောက်လုပ် သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆီးဂိမ်းအပြည်ပြည်ဆိုင်ရာဘိလိယက်နှင့် စနူကာဒိုင်သင်တန်းပို့ချမည်

ရန်ကုန် ဩဂုတ် ၂၉

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဒိုင်လူကြီးအဖြစ် ဝင်ရောက်တာဝန်ထမ်းဆောင်ရန်အတွက် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်တွင် ဒိုင်လူကြီးများလိုအပ်လျက်ရှိရာ ဒိုင်လူကြီးအဖြစ် ထမ်းဆောင်ရန်စိတ်ပါဝင်စားသူများသည် အောင်ဆန်းကွင်းရှိ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်သို့ စက်တင်ဘာ ၅ ရက် နောက်ဆုံးထားပြီး စာရင်းပေးပို့ကြပါရန်နှင့် အသေးစိတ်သိရှိလိုပါက အတွင်းရေးမှူး ဖုန်း-၀၁-၃၇၅၁၀၄၊ ၀၉-၇၃၀၂၀၉၁၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

နေပြည်တော်ကောင်စီနယ်မြေအတွင်း စာပေရေချမ်းစင် ၄၂ ခု ဖွင့်လှစ်ထား ပြည်သူများ ဗဟုသုတပွားများရရှိပြီး ကြည်နူးဝမ်းသာလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၉

စာပေရေချမ်းစင် ဆိုသည်မှာ လမ်းဘေးတွင်ထားရှိသည့် သောက်ရေချမ်းစင်ကို လူတန်းစားမရွေး အခမဲ့လွယ်ကူစွာ သောက်သုံးနိုင်သကဲ့သို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်ထားရှိသည့် စာပေရေချမ်းစင်များကိုလည်း လူတန်းစားမရွေး လွယ်ကူစွာဖတ်ရှုနိုင်ရန်နှင့် ပြည်သူများအချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် ရည်ရွယ်ဖွင့်လှစ်ထားခြင်း ဖြစ်သည်။

နေပြည်တော်ကောင်စီနယ်မြေ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် ပုဗ္ဗသီရိမြို့နယ် နေပြည်တော်ဘူတာကြီးနှင့် လယ်ဝေးမြို့နယ် နေပြည်တော်လေဆိပ်တို့တွင် အများပြည်သူဝန်ဆောင်မှု စာပေရေချမ်းစင် (Book Corner) နှစ်ခုကို နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိဖွင့်လှစ်၍ ပြည်သူလူထုကို ဝန်ဆောင်မှုပေးလျက်ရှိပြီး နေ့စဉ်ထုတ်သတင်းစာ၊ ဂျာနယ်များ၊ လစဉ်ထုတ်မဂ္ဂဇင်း၊ ရုပ်ပြ၊ ဝတ္ထုနှင့် သုတစာအုပ်များကို ဝယ်ယူစင်တင်ပေးထားလျက်ရှိသည်။

နံရံကပ်စာပေရေချမ်းစင် (Mini Book Corner) ၄၀ကို နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်တို့၏ လူစည်ကားရာ ဆေးရုံ၊ ဈေး၊ကားဂိတ်၊ တရားရုံး၊ ဘဏ်၊ ဘုရား၊ ဘူတာရုံ အစရှိသည့် နေရာများတွင် ဖွင့်လှစ်ထားရှိပြီး အဆိုပါ ရေချမ်းစင်တွင် နိုင်ငံရေးရာ၊ လူမှုရေးရာ၊ စီးပွားရေးရာ၊ ပညာရေးရာ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးရာ၊ ကျန်းမာရေးရာ၊ ဘာသာရေးရာ၊ သိပ္ပံနှင့် နည်းပညာရေးရာ၊ ယဉ်ကျေးမှုနှင့်အနုပညာရေးရာ၊ အားကစားရေးရာ၊ အတ္ထုပ္ပတ္တိရေးရာနှင့် ပြည်သူ့နီတိရေးရာစသည့် စာပေ ၁၂ မျိုးကို ထည့်သွင်းထားရှိလျက်ရှိသည်။

ပြည်သူများအတွက် လွယ်ကူစွာဖတ်ရှုနိုင်သည့် နေရာများတွင်ထားရှိခြင်း၊ ကဏ္ဍစုံလင်ပြီး စာအုပ်များကို အချိန်တိုအတွင်း ဖတ်ရှုနိုင်သော စာအုပ်များဖြစ်၍ ဆေးရုံစောင့်ရင်း၊ ဈေးရောင်းရင်း၊ ခရီးသွားရင်း၊ အလုပ်မပျက် ဖတ်ရှုနိုင်ခြင်းတို့ကြောင့် အသိပညာဗဟုသုတများ တိုးပွားရရှိကြ၍ ဝမ်းသာကျေနပ်ကြကြောင်း၊ စာအုပ်အသစ်များကို လဲလှယ်ပေးထားသည့်အတွက်လည်း ကျေးဇူးတင်ရှိကြောင်းနှင့် နောင်တွင်လည်း စာအုပ်အသစ်များကို မကြာခဏလဲလှယ်ပေးရန်နှင့် အရေအတွက် တိုး၍ထားရှိရန် အကြံပြုကြကြောင်း သိရှိရသည်။

(နေပြည်တော် မြန်/ဆက်)

ဖခင် အမည်မှန်

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၊ အထက(၁၉)တက္ကသိုလ်ဝင်တန်း(B) တွင်ပညာသင်ကြားနေသော မမေသွင်၏ဖခင်အမည်မှန်မှာ ဦးစိုးလှိုင် ၉/ပမန(နိုင်)၀၅၁၄၀၆ ဖြစ်ပါသည်။

ဆိုင်ခန်းငှားမည်(ပွဲစားမလို)

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ အမှတ် (၅၂)၊ ယောမင်းကြီးလမ်းနှင့် ဗိုလ်ရာညွန့်လမ်းထောင့်ရှိ Royal Yaw Minkyi ကွန်ဒို၊ မြေညီထပ်၊ အခန်း(H)၊ ပြင်ဆင်ပြီး။

ဆက်သွယ်ရန်

ဖုန်း-၀၉-၄၉၂၄၂၆၅၆၊၀ ၉-၇၃၂၅၀၀၃၆၊ ၀၉-၆၄၁၂၂၁၈

Fix Mobile Phone ပြုပြင်ရေးအတတ်သင် သင်တန်း

၃၁လမ်း၊ ၇၅×၇၆ လမ်းကြား

ဖုန်း-၀၉-၂၂၁၀၅၆၂၊ ၀၉-၄၂၈၃၁၃၄၅၂၊

၀၉-၃၃၁၇၃၃၇၆၊ ၀၉-၄၉၃၅၁၁၈၀

သင်တန်းစရက် - Software (၆-၉-၂၀၁၃)ရက်

- Hardware (၂၁-၉-၂၀၁၃)ရက်

ယခုချက်ချင်း ဆက်သွယ်စုံစမ်းပါ။

Phone ပြုပြင်နည်းစာအုပ် မကြာမီ ထွက်မည်။

သင်တန်းကာလ(၁)လ၊ လက်တွေ့ Phone ပြင်(၁)လ အလုပ်ဆင်းရမည်။



နိုင်ငံတကာသတင်း

ဖိလစ်ပိုင်စီးပွားရေး ခန့်မှန်းသည်ထက်တိုးတက်

မနီလာ ဩဂုတ် ၂၉

ဖိလစ်ပိုင် စီးပွားရေးသည် ဝန်ဆောင်မှုကဏ္ဍနှင့် ကုန်ဈေးနှုန်းနှင့် အစိုးရအသုံးစရိတ် သုံးစွဲမှုအခြေအနေ တိုးတက်လာခြင်းတို့ကြောင့် ခန့်မှန်းထားသည်ထက် တိုးတက်ခဲ့ကြောင်း ဩဂုတ် ၂၉ ရက် ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဖိလစ်ပိုင်စီးပွားရေးသည် ယခုနှစ်ဆန်းပိုင်းမှစပြီး ဧပြီမှ ဇွန်သုံးလတာကာလအတွင်း ၇ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ခဲ့သည်ဟု ဆိုသည်။ ယင်းနိုင်ငံ၏ စီးပွားရေးသည် စတုတ္ထသုံးလတာကာလအတွင်း ၇ ရာခိုင်နှုန်းကျော် ဆက်လက်တိုးတက်လိမ့်မည်ဟု ခန့်မှန်းထားသည်။

သို့ရာတွင် ယင်းနိုင်ငံသည် ရင်းနှီးမြှုပ်နှံသူများက အရှေ့ပေါ်စီးပွားရေးလုပ်ငန်းများ ရုပ်သိမ်းသွားသဖြင့် မကြာသေးသည့် သီတင်းပတ်များက ထိခိုက်မှုများရှိခဲ့သည်။ ယင်းစီးပွားရေးရုပ်သိမ်းမှုကြောင့် အိန္ဒိယ၊ အင်ဒိုနီးရှားနှင့် ထိုင်းကဲ့သို့သော နိုင်ငံများတွင် စတော့ဈေးကွက်များနှင့် ငွေကြေးထိခိုက်မှုများလည်းရှိခဲ့သည်။

ယင်းငွေကြေးဈေးကွက် ထိခိုက်ခဲ့ခြင်းအပေါ် အမေရိကန်ဗဟိုဘဏ်က လာမည့်လအတွင်း စောနိုင်သမျှစောစော ကူညီပေးဖွယ်ရှိသည်။ **(ဘီဘီစီ)**

ဆီးရီးယားအစိုးရ ဓာတုလက်နက်သုံး တိုက်ခိုက်ဟု သုံးသပ်မိကြောင်း အမေရိကန်သမ္မတ ပြောကြား

နယူးယောက် ဩဂုတ် ၂၉

ဆီးရီးယားအစိုးရအနေဖြင့် လွန်ခဲ့သော သီတင်းပတ်က ဒမတ်စကတ်မြို့အနီး ဓာတုလက်နက်သုံးပြီး တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်ဟု အမေရိကန်က သုံးသပ်မိကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ပြောကြားလိုက်သည်။ ဓာတုလက်နက်များအသုံးပြုခြင်းသည် အမေရိကန်အမျိုးသားအကျိုးစီးပွားကို ထိခိုက်စေပြီး ဆီးရီးယားစစ်ပွဲအတွက်လည်း ပိုမိုပျက်စီးစေနိုင်ကြောင်း ၎င်းက ပြောကြားသည်။ သို့ရာတွင် အမေရိကန်နိုင်ငံအနေဖြင့် ဆီးရီးယားအရေး စစ်ရေးအရ ကြားဝင်ရန်ဆုံးဖြတ်ချက်မချရသေးဟု သမ္မတအိုဘားမားက ပီဘီအက်စ်သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားလိုက်သည်။ ဆီးရီးယားအရေးကို ကုလသမဂ္ဂ၌ ဆွေးနွေးရန် တစ်ရက်အလို သမ္မတအိုဘားမားက အထက်ပါအတိုင်း မှတ်ချက်ပြုပြောဆိုခဲ့ခြင်းဖြစ်သည်။

ဗြိတိန်နိုင်ငံက ဆီးရီးယား အရပ်သားများအား ကာကွယ်ခွင့် အခွင့်အာဏာအစီအမံများချမှတ်ဆောင်ရွက်ရန် ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်နိုင်ရေး မူကြမ်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံသို့ တိုက်တွန်းထားသည်။ သို့ရာတွင် ဆီးရီးယား၏ မဟာမိတ်ရုရှားက ဆုံးဖြတ်ချက်ကို သဘောတူရန်ငြင်းဆိုထားသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနကမူ ရုရှားနိုင်ငံ၏ ရပ်တည်ချက်အပေါ် ဝေဖန်ပြောကြားလိုက်သည်။ ဆီးရီးယားခေါင်းဆောင်များအတွက် တံတိုင်းလုပ်ပေးမည့် သံတမန်များကို ခွင့်မပြုနိုင်ကြောင်း အမေရိကန်က ပြောကြားလိုက်သည်။ **(ဘီဘီစီ)**

ဂါနာကျောင်းသား ၁၀၀ ကျော် တရုတ်အစိုးရပညာသင်ဆုရရှိ

ပေကျင်း ဩဂုတ် ၂၉

၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် တရုတ်အစိုးရက ထောက်ပံ့သော ပညာတော်သင်ဆုကို ဂါနာနိုင်ငံကျောင်းသား ၁၁၁ ဦးတို့ရရှိခဲ့ကြောင်း၊ ယခုနှစ် ပညာသင်ဆုရကျောင်းသားများမှာ ယခင်နှစ်ထက် အရေအတွက် နှစ်ဆတိုးလာကြောင်း ဂါနာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ကောင်ကျန့်ဟောင်က ပြောကြားခဲ့သည်ဟု ဩဂုတ် ၂၇ ရက်က ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

"နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဟာ အရေးကြီးတဲ့အခန်းကဏ္ဍဖြစ်သလို ပညာရေးနယ်ပယ်မှာလည်း တရုတ်-ဂါနာ နှစ်နိုင်ငံ ပူးပေါင်းလက်တွဲဆောင်ရွက်မှုတွေ ရှိလာတာကြာပါပြီ။ ဂါနာနိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုနဲ့ လေ့ကျင့်ရေးလုပ်ငန်းတွေမှာ ခိုင်ခိုင်မာမာ ထောက်ပံ့ပေးခဲ့ပါတယ်"ဟု ဟောင်က ဆက်လက်ပြောကြားခဲ့သည်။

သံရုံးရှိ စာရင်းဇယားအချက်အလက်များအရ ၁၉၉၈ ခုနှစ်ကတည်းက တရုတ်အစိုးရက ဂါနာကျောင်းသားများကို ပညာသင်ဆုချီးမြှင့်သူဦးရေ ၅၄၉ ဦးရှိကာ ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း တရုတ်အစိုးရက ဂါနာနိုင်ငံသားသင်တန်းသား ၁၅၀၀ တို့အတွက် ကူညီပံ့ပိုးမှုပေးခဲ့ကြောင်း သိရသည်။ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်လာသည်နှင့်အမျှ တရုတ်နိုင်ငံသည် ဂါနာလူငယ်များအတွက် နိုင်ငံခြားပညာသင် အခွင့်အလမ်းများအတွက် ရည်မှန်းချက်များထဲမှ တစ်ခုဖြစ်လာခဲ့သည်။

"နှစ် ၅၀ ကျော်ကြာအောင် ဂါနာနဲ့ တရုတ် နှစ်နိုင်ငံတို့ဟာ နယ်ပယ်လုပ်ငန်းအားလုံးမှာ ရင်းရင်းနှီးနှီး အတူအလုပ်လုပ်လာကြတာပါ။ တရုတ်နိုင်ငံနဲ့ ဆက်ဆံရေးကြောင့် ဂါနာနိုင်ငံအတွက် အများကြီး အကျိုးရှိခဲ့ပါတယ်"ဟု ဂါနာနိုင်ငံ သမ္မတ၏ ဇနီး လေ့ဒီနာဒရာမနီမာဟာမာက ပြောကြားခဲ့သည်။ ၎င်းက ဂါနာကျောင်းသားများကို ဂါနာနိုင်ငံ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးစားသင်ယူကြရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်း ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

အီရတ်နိုင်ငံ ကားဗုံးပေါက်မှုဖြစ်စဉ်ကြောင့် တစ်ရက်အတွင်း ၃၂ ဦးသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၂၉

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်၌ ဩဂုတ် ၂၈ ရက် နံနက်က ဗုံးပေါက်ကွဲမှုဖြစ်စဉ်များကြောင့် ၃၂ ဦးသေဆုံးခဲ့ရပြီး ၁၅၂ ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း အီရတ် ရဲတပ်ဖွဲ့ဝင်များက ပြောကြားခဲ့သည်။

ယင်းကဲ့သို့ ကား ၁၂ စီးအထိ ဗုံးပေါက်ကွဲမှုဖြစ်စဉ်များ**(အောက်ပုံ)**နှင့် မာမွတ်ဒီရပ်မြို့အနီး စားသောက်ဆိုင်၌ အသေခံဗုံးခွဲမှုတို့မှာ နံနက်ခင်းပိုင်း၌ နာရီများစွာ မကွာခြားဘဲ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက ပြော ကြားခဲ့သည်။ ၎င်းဗုံးပေါက်ကွဲမှုတွင် သေဆုံးသူအရေအတွက် တိုးလာနိုင်ကြောင်း ကျန်းမာရေးဝန်ထမ်းများက ပြောကြားကြသည်။

အီရတ်နိုင်ငံ၌ မကြာသေးမီနှစ်များအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် သေဆုံးရသူများပြားခဲ့ပြီး တစ်လအတွင်း သေဆုံးမှုနှုန်း အမြင့်ဆုံးဦးရေ ၃၀၀၀ ထိပင်ရှိခဲ့သည်ဟုသိရသည်။

ကုလသမဂ္ဂထောက်ပံ့ရေး မစ်ရှင်မှ သတင်းထုတ်ပြန်ချက်အရ ပြီးခဲ့သည့်ဇူလိုင်လက အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အီရတ်နိုင်ငံ၌ သေဆုံးသူ ၁၀၀၀ ကျော်ရှိပြီး အခြား ၂၃၀၀ ကျော် ဒဏ်ရာရရှိခဲ့ရာ ငါးနှစ်တာကာလအတွင်း သေဆုံးမှုအများဆုံး လတစ်လဖြစ်သည်ဟုဆိုသည်။ **(ဆင်ဟွာ)**



မူဂျာဟစ်စစ်သွေးကြွခေါင်းဆောင် အိန္ဒိယရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ပြီ

နယူးဒေလီ ဩဂုတ် ၂၉

အိန္ဒိယ မူဂျာဟစ်ဒင်း(အိုင်အမ်) စစ်သွေးကြွအဖွဲ့ အကြီးအကဲဟု စွပ်စွဲခံရသူ ယာရှင်းဘတ်ကဲလ်အား အိန္ဒိယနိုင်ငံ၌ ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ပြီဖြစ်ကြောင်း၊ ယင်းစစ်သွေးကြွအဖွဲ့သည် မကြာသေးမီက တိုက်ခိုက်မှုများ ဆက်တိုက်ကျူးလွန်ခဲ့ကြောင်း တာဝန်ရှိသူများကပြောကြားသည်။ယင်းစစ်သွေးကြွအဖွဲ့သည် ပွန်း၊ ဘန်ဂလော၊ ဟိုက်ဒရာဘတ်နှင့် ဒေလီမြို့များ၌ ဗုံးပေါက်ကွဲမှုများ၏ နောက်ကွယ်တွင်ရှိသောအဖွဲ့ ဖြစ်နိုင်ကြောင်း ရဲတပ်ဖွဲ့က ယူဆထားသည်။

မစ္စတာဘတ်ကဲလ်သည် ယင်းစစ်သွေးကြွအဖွဲ့ကို ပူးတွဲ ထူထောင်သူတစ်ဦးဖြစ်ပြီး အိန္ဒိယအစိုးရက အလိုအရှိဆုံးသော ပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ၎င်းကို နီပေါနယ်စပ်၌ ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ပြောကြား

ယာရှင်းဘတ်ကဲလ်ကို ဩဂုတ် ၂၈ ရက် ညပိုင်းက ဘီဟာပြည်နယ်မြောက်ပိုင်း၌ ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး ဆုရှီးကူမာရှင်ဒီက ဩဂုတ် ၂၉ရက် နံနက်တွင် သတင်းထောက်များကို ပြောကြားသည်။

အသက် ၃၀ အရွယ်ရှိ အဆိုပါ စစ်သွေးကြွခေါင်းဆောင်ကို အက်စတာအမည်ရှိ အိုင်အမ်အဖွဲ့ဝင်တစ်ဦးနှင့်အတူ ဖမ်းဆီးလိုက်သည်ဟု ဆိုသည်။ **ဘီဘီစီ**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
စက်မှုမြေကွက်များလေလံတင်ဌားရမ်းရေးအဖွဲ့
လေလံအစီအစဉ်ပြောင်းလဲကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စက်မှုမြေကွက်များ လေလံတင်ငှားရမ်းရေးအဖွဲ့၏ နိုင်ငံပိုင်သတင်းစာများတွင် ကြေညာခဲ့သော လေလံအစီအစဉ်ကို Detail Business Plan များတင်ပြရန် အစီအစဉ်အပါအဝင် လုပ်ငန်းလိုအပ်ချက်အရပ်ရပ်အရ ၄-၉-၂၀၁၃ရက်တွင် ကျင်းပမည့်လေလံပြိုင်ပွဲကို ရက်ပြောင်းရွှေ့ကြောင်း၊ Commercial Operation စတင်မည့်အချိန်အပါအဝင် ပြီးပြည့်စုံသော Detail Business Plan ကို ၃၀-၉-၂၀၁၃ ရက် နောက်ဆုံးထား၍ တင်ပြရန်နှင့်လေလံပြိုင်ပွဲကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ပါသည်။

(ပြင်ဆင်ဖြည့်စွက်ထားသည့် လေလံစည်းကမ်းချက်များပါဝင်သော လျှောက်လွှာပုံစံသစ်အား ၃-၉-၂၀၁၃ရက်မှစတင်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ဌာနစု (၂)တွင် လာရောက်လဲလှယ်နိုင်ပါသည်။)

စက်မှုမြေကွက်များလေလံတင်ငှားရမ်းရေးအဖွဲ့

'ကံကောင်း'
အိမ်၊ ခြံ၊ မြေ အကျိုးဆောင်
သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ(၃)၊ (၂)၊ (၁)
အောင်ချမ်းသာတိုးချဲ့၊ V.I.P အကွက်များ၊ လုံးချင်းတိုက်များ
သန်လျင်၊ ကျောက်တန်းမြေကွက်များရောင်းဝယ်ရန်ရှိသည်။
(သန်လျင်၊ ကျောက်တန်း၊ သီလဝါသီးသန့်)
ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉၊ ၀၉-၄၂၀၁၈၅၅၇၇
၀၉-၄၄၀၀၀၅၀၁၈၊ ၀၉-၇၃၂၂၇၅၅၆



ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဇော်လင်း ၉/ရမသ(နိုင်)၁၂၅၉၁၃၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။
ဖုန်း-၀၉-၄၀၂၇၁၈၇၂၁

● *ကျောဖုံးမှ*

ဆွေးနွေးခဲ့သည့်အပြင် Saemaul Undong Center သို့လည်း သွားရောက်၍ ကိုရီးယားသမ္မတနိုင်ငံ တစ်ဝန်းရှိ ကျေးရွာသစ်စီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်မှုများကိုလည်း လေ့လာခဲ့ပါကြောင်း၊ ကျေးလက်၏ ဆင်းရဲမွဲတေခြင်းကိုဖြေရှင်းရန်အတွက် သမ္မတပတ်ချုံဟီးလ်က လယ်သမားများ၏ ကိုယ့်အားကိုယ်ကိုးစိတ်နှင့် စုပေါင်းလုပ်ကိုင်ချင်စိတ်ကို မြှင့်တင်ပေးပြီး ကျေးရွာကို တိုးတက်အောင် လုပ်ရမည်ဟူသည့် အတွေးပေါ်ပေါက်ခဲ့ပါကြောင်း၊ ယင်းကိုအခြေခံကာ ကျေးရွာ၏ နေထိုင်မှုဘဝပတ်ဝန်းကျင်ကို ပြောင်းလဲစေသည့် Saemaul ကျေးရွာသစ်လှုပ်ရှားမှုကို စတင်ပျိုးထောင်ခဲ့ပါကြောင်း။

ပြည်သူများကိုယ်တိုင်က ငွေအားနှင့် လူအားစိုက်ထုတ်ခြင်းဖြင့် ရွာပြုပြင်ခြင်းလုပ်ငန်းများဖြစ်သည့် ရွာဧရိယာချဲ့ထွင်ခြင်း၊ အမိုးအကာလုံခြုံအောင် ပြုပြင်ခြင်း၊ ယာယီတံတား၊ ချောင်းများပြုပြင်ခြင်းများကို ဆောင်ရွက်ခဲ့ကြပါကြောင်း၊ ထို့နောက် တစ်နိုင်ငံလုံး၏ ကျေးရွာပေါင်း ၃၅၀၀၀ မှာ တစ်ရွာလျှင် ဘိလပ်မြေအိတ်ပေါင်း ၃၃၅ အိတ်ကို အခမဲ့ထောက်ပံ့ပေးခဲ့ပါကြောင်း၊ ယင်းသို့သောအနေအထားနှင့် ကျေးရွာသစ်လှုပ်ရှားမှုကို စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ကိုရီးယားနိုင်ငံသည် ကမ္ဘာ့အချမ်းသာဆုံး ၁၀ နိုင်ငံစာရင်းထဲသို့ ဝင်ရောက်လာနိုင်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာပါကြောင်း။

ထူထောင်ထား

ထို့အပြင် ကိုရီးယားနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန်အတွက် သမ္မတ ပတ်ချုံဟီးလ်က Korean Development Institute (KDI) ကို ၁၉၇၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါကြောင်း၊ ဆယ်စုနှစ် သုံးခုအတွင်း နိုင်ငံတကာနှင့် ပြည်တွင်းစီးပွားရေး အခြေအနေများနှင့် စီမံကိန်းများအပေါ် လေ့လာဆန်းစစ်၍ မူဝါဒများနှင့်လမ်းညွှန်ချက်များ ချမှတ်ပေးနိုင်ခဲ့ပါကြောင်း၊ အလားတူ မိမိတို့နိုင်ငံတွင်လည်း မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတက္ကသိုလ်(Myanmar Development Institute -MDI) တစ်ခု ထူထောင်ရန် ရည်ရွယ်ထားပါကြောင်း၊ လက်ရှိကာလတွင် (Myanmar Development and Resource Institute) ကို ထူထောင်ထားပါကြောင်း၊ ၎င်းသည် MDI ၏ ရှေ့ပြေးစီမံကိန်းပင် ဖြစ်ပါကြောင်း။

စီမံဆောင်ရွက်

မြန်မာနိုင်ငံရှိ ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုရီးယားနိုင်ငံ Saemaul Undong ပညာရှင်များက ကျေးရွာသစ်လှုပ်ရှားမှု ရှေ့ပြေးစီမံကိန်းကို ၂၀၁၂ ခုနှစ် စက်တင်ဘာလမှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ဟု သိရှိရပါကြောင်း၊ ယခုကဲ့သို့ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်စေရန် ကူညီပေးမှုများမှာ မြန်မာနိုင်ငံ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် လွန်စွာအရေးပါလှပါကြောင်း၊ ကျေးရွာသစ်လှုပ်ရှားမှုလုပ်ငန်းများ ပိုမိုတိုးချဲ့ ဆောင်ရွက်လာနိုင်စေရန်အတွက် ယခုဖိုရမ်မှာ ဆက်လက်ဆွေးနွေးအကောင်အထည်ဖော်သွားရန်လိုအပ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များကို လက်တွေ့အကောင်အထည်ဖော်သည့်အခါ အစုအဖွဲ့စုဖွဲ့မှုသည် အဓိကအကျဆုံးဖြစ်သည့်အတွက် မြို့နယ်များနှင့် ကျေးရွာများတွင် စိတ်တူကိုယ်တူများစုစည်း၍ အစုအဖွဲ့ဖြင့် အကျိုးတူလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ကာနောင်တွင် အစုအဖွဲ့အဆင့်မှ ကျေးရွာသမဝါယမအသင်းများအသွင်သို့ လူထုယုံကြည်မှုရချိန်တွင် ပြောင်းလဲဖွဲ့စည်းခြင်းကို စီမံဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

မိမိတို့အစိုးရ တာဝန်ယူသည့် လ ၃၀ ကာလအတွင်း ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရေးအတွက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများနှင့် ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲမှုများစသည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ကျန်ရှိနေသည့် လ ၃၀ အတွင်း ပြည်သူဗဟိုပြုလူမှုစီးပွားဖွံ့ဖြိုးရေး ဦးစားပေးလိုအပ်ချက်များဖြစ်သော လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေလုံလောက်စွာရရှိရေး၊ အလုပ်အကိုင်များ တိုးတက်ရရှိနိုင်မည့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ၊ စက်မှုဇုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

တောင်သူလယ်သမားများအတွက် အဓိကဝင်ငွေနှင့် ဒုတိယဝင်ငွေ ရရှိရန်၊ တောင်သူလယ်သမားတစ်ဦးချင်းအနေဖြင့် နည်းပညာနှင့် အရင်းအနှီး မလုံလောက်သည့်အတွက် ဆင်းရဲမှုနှင့် အကြွေးတင်မှုတို့မှ မလွတ်မြောက်နိုင်သည့်အခြေအနေကို ကျော်လွှားနိုင်ရန် တစ်ဦးတစ်ယောက်ချင်း လက်လီစိတ်ပြီး နည်းပညာနှင့် အရင်းအနှီးပေးရန် ခက်ခဲသည့်အတွက်ကြောင့် ယခုကဲ့သို့ မြို့နယ်အစုအဖွဲ့များနှင့် ကျေးရွာအစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ စုဖွဲ့သည့်အခါတွင်လည်း နယ်မြေဒေသနှင့်ဆီလျော်သည့် တောင်သူလယ်သမားများ လက်ရှိတစ်ပိုင်တစ်နိုင်မွေးမြူနေသော ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ ဘဲ၊ ဆိတ်၊ ငါးတို့အနက် ယင်းတို့ဆန္ဒအရ စုဖွဲ့ဆောင်ရွက်မှုကို လိုအပ်သလိုဆောင်ရွက်သွားရမှာ ဖြစ်ပါကြောင်း။

တစ်ပိုင်တစ်နိုင် အဆင့်ထက် ပိုမိုပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ပေါင်းစည်းလယ်ယာအဖြစ် လုပ်ကိုင်နိုင်သည့် တောင်သူလယ်သမားကြီးများ ရွေးချယ်ပြီး ပေါင်းစည်းလယ်ယာလုပ်ကိုင်နိုင်ရေးကို တိုးချဲ့ဆောင်ရွက်ရမှာဖြစ်ပါကြောင်း၊ အချို့မြို့နယ်၊ ကျေးရွာတို့တွင် တစ်ရွာလုံး ငါးမွေးခြင်း၊ တစ်ရွာလုံး ဆိတ်မွေးခြင်း၊ တစ်ရွာလုံး ကြက်မွေးခြင်းမျိုးရှိပါက ရွေးချယ်စုစည်း၍ ကျေးရွာမွေးမြူရေးနှင့် သားငါးထုတ်လုပ်ရေးအစုအဖွဲ့ (ကျေးရွာအသင်းခွဲ) ကို သီးခြားဖွဲ့စည်းဆောင်ရွက်ရမှာ ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် အဓိကဝင်ငွေအတွက် စိုက်ပျိုးသောရာသီသီးနှံများကို အနည်းဆုံး လေးငါးလကြာမှ ဝင်ငွေရနိုင်သည့်အတွက် ကြားကာလတွင် နေ့စဉ် ဝင်ငွေရစေရန် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို တစ်ချိန်တည်း ပူးပေါင်းပြုလုပ်သည့် ပေါင်းစည်းလယ်ယာလုပ်ငန်းကို အကောင်အထည်ဖော်ပေးရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်ရာတွင် နိုင်ငံတကာအသိုင်းအဝိုင်း၏ အသိပညာဗဟုသုတ၊ အတွေ့အကြုံနှင့် အရင်းအမြစ်များကို အသုံးပြုနိုင်ရန်အတွက် မိမိတို့အစိုးရအနေဖြင့် ပြည်သူများအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ရာ၌ ပိုမိုထိရောက်ရေးအတွက် ခိုင်မာသည့်လုပ်ဆောင်ချက်များကို ဆောင်ရွက်သွားရန်၊ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးတွင် ထိရောက်မှုရှိစေမည့် နေပြည်တော် သဘောတူညီချက် (Nay Pyi Taw Accord) ကို အတည်ပြုထုတ်ပြန်ကြေညာပြီး ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းအားသာမက နိုင်ငံတကာမှ အကူအညီများ၊ အကြံဉာဏ်များ၊ ပူးပေါင်းဆောင်ရွက်မှုများလိုအပ်လျက်ရှိပါကြောင်း၊ ယနေ့ဖိုရမ်တွင်လည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနှင့်ကိုရီးယားနှစ်နိုင်ငံတို့မှ ပညာရှင်များ၊ ကျွမ်းကျင်သူများက ဆွေးနွေးခြင်း၊ အတွေ့အကြုံဖလှယ်ခြင်းများ ဆောင်ရွက်သွားပြီး ၎င်းဖိုရမ်မှ မိမိတို့နိုင်ငံအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် မူဝါဒများ၊ ရလဒ်ကောင်းများပေါ်ထွက်နိုင်ရန် မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အသေးစားချေးငွေလုပ်ငန်းသည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အဓိကအခြေခံကျသည့် လုပ်ငန်းဖြစ်ပါကြောင်း၊ ပြည်သူအတွက် လတ်တလော သက်သာချောင်ချိမှုရရှိစေရုံသာမက နောင် ၄/၅ နှစ်အတွင်း ငွေချေးစရာမလိုတော့ဘဲ မိမိပိုင်ငွေကြေးဖြင့် အလုပ်လုပ်နိုင်အောင်နှင့် ၎င်းမှတစ်ဆင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင် မျှော်မှန်းဆောင်ရွက်ပေးနေခြင်း ဖြစ်ပါကြောင်း။

အသေးစား ချေးငွေလုပ်ငန်းအတွက် မြန်မာနိုင်ငံရှိ ကျေးရွာပေါင်း ၆၀၀၀၀ ကျော်က ပြည်သူများကို အသင်းသားတစ်ဦးလျှင် ကျပ်တစ်သိန်းနှုန်း ရင်းနှီးငွေထုတ်ချေးမည်ဆိုပါက ကျပ်ဘီလီယံ ၆၀၀ ကျော် လိုအပ်မည်ဖြစ်ပြီး နောင် ၄/၅ နှစ်အတွင်း မိမိဘာသာ ရပ်တည်လာနိုင်အောင်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်အောင် တစ်ဦးလျှင် ကျပ်ငါးသိန်းအထိ တိုးမြှင့်ထုတ်ချေးမည်ဆိုပါက ကျပ်ဘီလီယံ ၃၀၀၀ ခန့် လိုအပ်မည်ဖြစ်ပါကြောင်း၊ အဆိုပါငွေကြေးများရရှိနိုင်ရန် Microfinance Bank ထူထောင်ဆောင်ရွက်သည့်တိုင် လိုအပ်သည့်ငွေကြေးကို လုံလောက်အောင် မရရှိနိုင်သည့်အတွက် နိုင်ငံတကာအဖွဲ့အစည်းများ၊ ကမ္ဘာ့ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့များ၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများအနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်ကျင်းပ

ယင်းနောက် ကိုရီးယားနိုင်ငံမဟာဗျူဟာနှင့် ဘဏ္ဍာရေးဆိုင်ရာဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Tae Young Yoon၊ KDI အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဗဟိုဌာန၏ အမှုဆောင်ဒါရိုက်တာ Dr.Hongtaek CHUN နှင့် ကိုရီးယားနိုင်ငံလုံခြုံရေးနှင့်ပြည်သူ့ရေးရာစီမံခန့်ခွဲရေးဝန်ကြီး Mr. Yoo Jeong Bok တို့က အသီးသီး အမှာစကားပြောကြားကြပြီး ဆွေးနွေးပွဲကို အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ အမှတ်တရဓာတ်ပုံရိုက်ကြသည်။

ယခုဖိုရမ်ကို ကိုရီးယားသမ္မတနိုင်ငံ မဟာဗျူဟာနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကိုရီးယားဖွံ့ဖြိုးရေးတက္ကသိုလ်၊ မြန်မာနိုင်ငံအစိုးရ သမဝါယမဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြုလုပ်ခြင်းဖြစ်ကြောင်း သိရှိရသည်။

ကိုရီးယားသမ္မတနိုင်ငံ လုံခြုံရေးနှင့် ပြည်သူ့စီမံခန့်ခွဲရေးဝန်ကြီးဌာနက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဖောင်ကြီးရှေ့ကျေးရွာနှင့် သန်လျင်မြို့နယ် သနပ်ပင်ကျေးရွာတို့ကိုရွေးချယ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးရွာသစ်စီမံကိန်းကို ၂၀၁၂ ခုနှစ်မှစတင်အကောင်အထည်ဖော်ခဲ့ကြောင်း၊ ဖောင်ကြီးအရှေ့ကျေးရွာ၌ ဆောက်လုပ်ထားသည့် Saemaul Undong Complex Center စုပေါင်းခန်းမဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၃၀ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းလုပ်ငန်းများကို တိုင်းဒေသကြီး/အခြားပြည်နယ်တို့တွင်လည်း တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာသစ်လှုပ်ရှားစီမံကိန်း နားလည်မှုစာချွန်လွှာကို ယနေ့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအစိုးရနှင့် ကိုရီးယားသမ္မတနိုင်ငံအစိုးရတို့အကြား ၂၀၁၃ ခုနှစ်အတွက် အကူအညီပေးရေးဆိုင်ရာ မူဘောင်အစီအစဉ်သဘောတူ လက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ကိုရီးယားသမ္မတနိုင်ငံ အစိုးရတို့အကြား အကူအညီပေးရေးဆိုင်ရာ မူဘောင်အစီအစဉ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီခွဲတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအစိုးရနှင့် ကိုရီးယားသမ္မတနိုင်ငံ အစိုးရတို့အကြား ၂၀၁၃ ခုနှစ်အတွက် အကူအညီပေးရေးဆိုင်ရာ မူဘောင်အစီအစဉ်အရ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA) မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် မြန်မာနိုင်ငံ၏ အဓိကလမ်းများဖွံ့ဖြိုးတိုးတက်ရေး ပင်မစီမံချက်၊ အမျိုးသားစာရင်းအင်းစနစ် အကောင်အထည်ဖော်ရေးစီမံချက်၊ ညီလာခံများကျင်းပရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးနည်းဗျူဟာ အကောင်အထည်ဖော်ရေးစီမံချက်၊ စက်မှုလယ်ယာစိုက်ပျိုးခြင်းအတွက် မြေယာပြုပြင်ပြောင်းလဲမှု စီမံချက်နှင့် (KOICA) နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးစီမံချက်တို့တွင် ပူးပေါင်းဆောင်ရွက်ရန်တို့ဖြစ်ပြီး နိုင်ငံတော်အစိုးရကိုယ်စား ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းနှင့် ကိုရီးယား သမ္မတနိုင်ငံကိုယ်စား အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး မစ္စတာဂင်မ်ဟဲယုန်း (H.E.Mr.KIM, Hae-yong) တို့က သဘောတူ လက်မှတ်ရေးထိုးခဲ့သည်။

မြန်မာနိုင်ငံတော်အစိုးရနှင့် ကိုရီးယားသမ္မတနိုင်ငံ အစိုးရတို့အကြား အကူအညီပေးရေးဆိုင်ရာ မူဘောင်အစီအစဉ် လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် နိုင်ငံတော်အစိုးရကိုယ်စား ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းနှင့် ကိုရီးယားသံအမတ်ကြီး မစ္စတာဂင်မ်ဟဲယုန်းတို့ သဘောတူလက်မှတ် လဲလှယ်စဉ်။ (သတင်းစဉ်)

အဆိုပါ မူဘောင်အစီအစဉ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သဖြင့် မြန်မာ-ကိုရီးယားနှစ်နိုင်ငံအကြား စီးပွားရေး၊ လူမှုရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကူအညီပေးအပ်ခြင်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် အထောက်အကူများ ရရှိစေမည်ဖြစ်ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေမည်ဖြစ်သည်။

အဆိုပါသဘောတူလက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဒုတိယဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

▲ *ကျောဖုံးမှ*

စင်ကာပူအသင်းမှာ ယခုပွဲအနိုင်ရလျှင် နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်ရှိသော်လည်း မမျှော်လင့်ဘဲ ဂိုးပြတ်ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ စင်ကာပူအသင်းမှာ ဦးဆောင်ဂိုးသွင်းယူနိုင်သော်လည်း ဂိုးများပြန်ပေးရကာ ရှုံးနိမ့်ခဲ့ခြင်းဖြစ် သည်။ မလေးရှားနှင့် အင်ဒိုနီးရှားတို့ပွဲမှာ မျှော်လင့်ထားသည့်အတိုင်း သရေရလဒ်ဖြင့်သာ ပြီးဆုံးခဲ့သည်။ ၆၂ မိနစ်တွင် အင်ဒိုနီးရှားမှ တစ်ဦးအထုတ်ခံခဲ့ရပြီး မလေးရှားအသင်းပယ်နယ်တီကန်ခွင့်ရသော်လည်း လွဲချော်ခဲ့သည်။

အုပ်စု(ခ) ပွဲစဉ်များပြီးဆုံးသွားပြီဖြစ်ရာ မလေးရှားနှင့် အင်ဒိုနီးရှားတို့က နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ ရှစ်မှတ်စီရရှိပြီး ဂိုးကွာခြားချက်ဖြင့် မလေးရှားက အုပ်စုပထမ၊ အင်ဒိုနီးရှားက အုပ်စု ဒုတိယတို့ ရရှိကြသည်။ စင်ကာပူ၊ လာအိုနှင့် ဖိလစ်ပိုင်တို့မှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

ယှဉ်ပြိုင်ကစား

ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၃၁ ရက်တွင် ဝဏ္ဏသိဒ္ဓိကွင်း၌ ပြုလုပ်သွားမည်ဖြစ်ပြီး ပထမပွဲအဖြစ် ဩစတြေးလျနှင့် အင်ဒိုနီးရှား၊ ဒုတိယပွဲအဖြစ် မလေးရှားနှင့် ဗီယက်နမ်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

* *ကျောဖုံးမှ*

အမျိုးသား ၆၇ ကီလိုအောက်ပွဲ၌ စိုင်းညဏ်လင်း(မြန်မာ-ခ)၊ အမျိုးသား ၅၅ ကီလိုအောက်ပွဲ၌ စောပလန်ရာဂွန် (မြန်မာ-ခ)၊ အမျိုးသား ၈၄ ကီလိုအောက်ပွဲ၌ ခင်ညွန့် (မြန်မာ-ခ)၊ အမျိုးသမီး ၅၅ ကီလိုအောက်ပွဲ၌ ခိုင်ခိုင်ထက် (မြန်မာ-ခ) တို့က လည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

ဆုများချီးမြှင့်

ဆုရရှိသူများကို အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် ဦးဇော်ဝင်း၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

နိုင်ငံရေးသမားနှင့် မီဒီယာ

မင်းဗထူး

လွန်ခဲ့သော ဆယ်စုနှစ်ကာလအတွင်းက ဖြစ်ပါသည်။ ကျွန်တော်၏ လုပ်ဆောင်ချက်တစ်ရပ်အပေါ် အဝေဖန်ခံနေရစဉ် အစည်းအဝေးတစ်ခု မစတင်မီ အချိန်ပိုင်းကလေး၌ နောင်တော်ကြီးတစ်ဦးက ကျွန်တော့်ကို စေတနာဖြင့် အလွတ်သဘော အကြံတစ်ခုပေးခဲ့ပါတယ်။ "မင်းကဒီနေရာမှာ ရန်ဖြစ်လိုက်ရမှာကွ"၊ ကျွန်တော်ချက်ချင်း မေးခွန်းထုတ်မိလိုက်ပါတယ်။ "ကျွန်တော်ငယ်ငယ်ကတည်းက တစ်ခါမျှ ရန်မဖြစ်ခဲ့ဖူးဘူး၊ အခုအသက် ၆၀ ကျော်မှ ဘယ်လိုလုပ် ရန်ဖြစ်ရမှာလဲ" နိုင်ငံ့ဝန်ထမ်းတစ်ဦးအဖြစ် ကိုယ့်ကိုယ်ကိုယ်ခံယူထားစဉ်ကာလက ကိုယ့်အယူအဆမှန်တယ်၊ သူ့အယူအဆမှားတယ်လို့ပြောရမှာ ကျွန်တော်အလွန်ဝန်လေးပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ လုပ်နေသောအလုပ်၊ ရေးနေသောစာ၊ ပြောနေသော စကားအများစုတို့သည် မဖောက်မပြန် အမြဲမှန်ကန်နေသော သဘောတရား၊ ပရမတ္ထတရားများ မဟုတ်ကြသောကြောင့် ဖြစ်ပါသည်။

သို့ရာတွင် ၂၀၁၀ ရွေးကောက်ပွဲမှ စတင်၍ ကျွန်တော်သည် ပါတီစုံခေတ်ကို မျှော်မှန်းလျက် ကိုယ့်ကိုယ်ကိုယ် နိုင်ငံရေးသမားတစ်ယောက်ရဲ့ စိတ်အနေအထားရရှိအောင် ကြိုးစားပြုပြင်ခဲ့ပါတယ်။ နိုင်ငံရေးသမားတစ်ယောက်ဖြစ်လာလျှင် နိုင်ငံရေးရည်မှန်းချက်ရှိရမယ်၊ ဒီရည်မှန်းချက်ဟာ မဲဆန္ဒရှင်များရဲ့ လိုလားချက်နဲ့ကိုက်ညီမှ မဲရနိုင်လိမ့်မယ်လို့ ရိုးရှင်းစွာစဉ်းစားခဲ့ပြီး ကျွန်တော်အရွေးချယ်ခံမည့် မြို့နယ်အတွင်းမှာ ကျွန်တော်၏ နိုင်ငံရေးရည်မှန်းချက်ကို ထုတ်ပြန်ကြေညာခဲ့ပါတယ်။ "ပြည်သူလူထု ပထမ"ဟု ကြွေးကြော်လျက် အိမ်တိုင်ရာရောက် မဲဆွယ်စည်းရုံးမှုများကို တစ်လမ်းဝင်တစ်လမ်းထွက် လုပ်ခဲ့ပါတယ်။ မရေရာ မသေချာမှုများရှိနေလင့်ကစား ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုကတော့ အပြည့်အဝရရှိခဲ့ပါတယ်။ မဲပေးရမည့်ရက် နီးကပ်လာချိန်တွင် အခြားကိုယ်စားလှယ်လောင်းတစ်ဦးက သတင်းဌာနကြီးတစ်ခုကို ပြောကြားချက်များဟာ သတင်းအမှားတစ်ခုနဲ့ကျွန်တော့်ကို ပုဂ္ဂိုလ်ရေးတိုက်ခိုက်သလို ဖြစ်သွားခဲ့ပါတယ်။ ကျွန်တော်လည်း စဉ်းစားချိန်က သိပ်မရ၊ ရွေးကောက်ပွဲရက်က ကပ်နေပြီ၊ မဲဆန္ဒရှင်များဘက်က ဘယ်လောက်ခံနိုင်ရည်ရှိမလဲ၊ ကျွန်တော့်အပေါ် ယုံကြည်မှုဘယ်လောက်ဆုံးရှုံးသွားမလဲဟူ၍ သောက များခဲ့ရပါတယ်။ ဒါ့ကြောင့် အဖြစ်မှန်ကို ကျွန်တော့်ရဲ့ ကိုယ်ပိုင်ဘလောဂ်တွင် ဖွင့်ချခဲ့မိပါတယ်။ စာဖြင့် ရန်ဖြစ်သည့်ပုံစံဖြစ်သွားခဲ့သော ကျွန်တော်၏တုံ့ပြန်မှုသည် မဲပေးသည့်နေ့မရောက်မီ တစ်ရက်အလိုတွင်မှ သတင်းဌာနတချို့နှင့် ပြည်တွင်းဂျာနယ်တစ်ခုတွင်သာ ဖော်ပြခဲ့တာတွေ့ရပါတယ်။ ဒီလိုလုပ်ဆောင်ခြင်းဖြင့် ကျွန်တော်ရဲ့ ထောက်ခံမဲမည်မျှကို ဆယ်တင်နိုင်ခဲ့သည်မှာ မသေချာသော်လည်း မဲဆန္ဒရှင်များရဲ့ရင်ထဲက မရှင်းမလင်းဖြစ်စေသည့် ကိစ္စကိုမူ အထိုက်အလျောက် ပြေပျောက်သွားစေလိမ့်မယ်လို့တော့ ယုံကြည်ပါတယ်။

နိုင်ငံ့ဝန်ထမ်းစိတ်အနေအထား ထားရှိခဲ့စဉ်က "ကိုယ်ကောင်းလျှင် ကိုယ့်ခေါင်းဘယ်မရွေ့"ဆိုသည့် ခံယူချက်၊ ကိုယ်တစ်ဦးတည်းအတွက် ခံနိုင်ရည်စိတ်ထားရှိနိုင်သော်လည်း နိုင်ငံရေးသမားတစ်ယောက်ရဲ့စိတ်အနေအထားဖြင့် စဉ်းစားရာတွင်မူ ကိုယ်ပိုင်ခံစားချက်ထက် လူထုဆက်သွယ်ရေး အကျိုးသက်ရောက်မှုကို ဦးစားပေးခဲ့ရပြီး လူထုအမြင်ပုံလွှာမှာ လွဲမှားမှုမရှိစေရေးအတွက် အလေးထားပြီး တုံ့ပြန်ခဲ့ရခြင်းသာဖြစ်ပါတယ်။ စိတ်ပညာရှင် ဘရန်ဒမ်၏ မိမိကိုယ်မိမိ တန်ဖိုးထားခြင်းနှင့်ဆိုင်သော စာအုပ်များကို နှစ်ခြိုက်စွာ ဖတ်ရှုခဲ့သူတစ်ဦးအနေဖြင့် အခြားလူများအပေါ် လေးစားမှု၊ ကြင်နာမှုနှင့် ရက်ရောမှုများသည် မိမိကိုယ်မိမိ တန်ဖိုးထားခြင်းနှင့် ဆက်စပ်နေသည့် အကြောင်းအရာကို ကောင်းစွာနားလည်ထားပါတယ်။ ဒါကြောင့်လည်း တစ်ဖက်သား မထိခိုက်ရေးအတွက်တော့ ဂရုစိုက်ရေးသားခဲ့ပါတယ်။

ရွေးကောက်ပွဲတွင် ကျွန်တော်က လွတ်လွတ်လပ်လပ် အနိုင်ရခဲ့ပါတယ်။ ဒါပေမယ့် ရွေးကောက်ပွဲရက် နီးကပ်ချိန် ကျွန်တော့်ရဲ့ မီဒီယာအသုံးပြု တုံ့ပြန်မှုသည် တရားမျှတမှုရှိရဲ့လား၊ အခြားရွေးချယ်စရာနည်းလမ်း အမှန်တကယ်မရှိတော့ဘူးလား၊ သံဝရတရား ကျိုးပေါက်ခဲ့တာလား၊ အဖန်ဖန်အထပ်ထပ် စဉ်းစားရင်းဖြင့် စာနယ်ဇင်းသမားများရဲ့ ကျင့်ဝတ်များကို စတင်လေ့လာမိလျက်သား ဖြစ်ခဲ့ရပါတယ်။ ကမ္ဘာအရပ်ရပ်တွင် စာနယ်ဇင်းသမားထောင်ပေါင်းများစွာတို့သည် မိမိတို့ရဲ့ဆန္ဒအရ ဂုဏ်သိက္ခာကြီးမားသော အပြည်ပြည်ဆိုင်ရာ စာနယ်ဇင်းအတတ်ပညာရှင်အသင်းကြီး (အက်စ်ပီဂျေ)ရဲ့ ကျင့်ဝတ်များကို စံပြုအပ်သော လမ်းညွှန်ချက်များအဖြစ် ကျယ်ပြန့်စွာ ကျင့်သုံးလျက်ရှိနေကြတာတွေ့ရပါတယ်။ ဒီအသင်းကြီးက ကြေညာထားသော ကျင့်ဝတ်များတွင် ပင်မအချက်ကြီး (၄)ချက်သာရှိပြီး အချက်ငယ်(၃၇)ချက် ပါဝင်ပါတယ်။ "အမှန်တရား ရှာဖွေတင်ပြပါ"ဟူသော အချက်ကြီး၏ အောက်၌"မှားယွင်းသည့် စွပ်စွဲချက်များအား တုံ့ပြန်နိုင်မည့် အခွင့်အရေးပေးရမည်"ဟူသော ဖော်ပြချက်အရ ကျွန်တော်ရဲ့ ပြီးခဲ့သောအပြုအမူသည် ကျွန်တော့်အတွက်ရရှိသော အခွင့်အရေးတစ်ရပ်သာဖြစ်ကြောင်း သိရှိခဲ့ရပါတယ်။ အလျဉ်းသင့်၍ ကျန်အချက်ကြီး သုံးချက်ကိုလည်း စာဖတ်သူများအတွက် စကားလက်ဆောင် ပေးလိုပါတယ်။ ဒီအချက်များကတော့"အခြားလူများကို ထိခိုက်နစ်နာမှုအနည်းဆုံးဖြစ်ပါစေ"၊ "အခြားအကျိုးစီးပွားအတွက် မဟုတ်သော အများပြည်သူသိရှိခွင့်အတွက် လွတ်လပ်စွာပြုမူဆောင်ရွက်ပါ"၊ "တာဝန်ယူမှုရှိပါစေ"ဟူ၍ ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ မီဒီယာကျင့်ဝတ်သည် ဘယ်လောက်များ တရားမျှတ သိက္ခာရှိလိုက်ပါသလဲ၊ ကျန်အချက်ငယ်များကို ကြုံကြိုက်သည့်အခါတွင် ဖော်ပြပေးသွားပါမယ်။

ကျွန်တော်သည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကာလတွင် နေရာဌာနအမျိုးမျိုး၌ပြောင်းလဲထမ်းဆောင်ခဲ့ရသော်လည်း နိုင်ငံတော်အစိုးရရဲ့ မူဝါဒက ပြည်သူဗဟိုပြုသောမူဝါဒ ဖြစ်သည့်အတွက် ကျွန်တော်ရဲ့ မူလနိုင်ငံရေး ရည်မှန်းချက်ကို ပိုမိုခိုင်မာစေခဲ့ပါတယ်။ အများပြည်သူအကျိုးစီးပွားအတွက် ကိုယ်လုပ်နိုင်သော အတိုင်းအတာအတွင်း ဘယ်လိုတာဝန်မျိုးမဆို စွန့်လွှတ်၍ လုပ်ဆောင်တော့မည်ဟု ဆုံးဖြတ်ခဲ့ပြီး ပြီးခဲ့သည့်နှစ်က စတင်၍ မီဒီယာဖွံ့ဖြိုးတိုးတက်ရေး နည်းလမ်းအသွယ်သွယ်ကို ရှုထောင့်အဖုံဖုံမှ ချဉ်းကပ်၍ ဆက်လက် လေ့လာသင်ယူနေခဲ့ပါသည်။ မီဒီယာလုပ်ငန်းများ သင်ယူနေဆဲမှာပင် ကျွန်တော့်ကို မထိခလုတ် ထိခလုတ် ပုံစံမျိုးဖြင့် စတင်တိုက်ခိုက်မှုများ ခံလာရ၍ မကြာခဏလည်း တုံ့ပြန်ဖြေရှင်းနေခဲ့ရပါတယ်။

> **မီဒီယာရှေ့မှောက်တွင် မိမိ၏ နိုင်ငံရေးရည်မှန်းချက်ကို ရဲရဲရင့်ရင့် ချပြရမည့်အစား "ထမင်းရည်ပူလာ၊ လျှာလွှဲ"အမှန်တရားနှင့် ကင်းလွတ်၍ အလိုက်သင့် ဟန်ဆောင်ပြောကြားချက်များသည် နိုင်ငံရေးသမားကောင်း၏ အပြုအမူ မဟုတ်။**

ဒီနေရာတွင် ကျွန်တော်နားလည်သော နိုင်ငံရေးသမားနဲ့ မီဒီယာဆက်ဆံရေးအကြောင်း ဥပစာရတစ်ခုကို အနည်းငယ်ရှင်းလင်းတင်ပြလိုပါတယ်။ နိုင်ငံရေးသမားသည် သင်္ဘောသားနဲ့ တူသည်၊ မီဒီယာသည် ပင်လယ်နှင့် တူသည်၊ သင်္ဘောသားသည် မည်သည့်အခါမျှ ပင်လယ်ကိုမကောင်းမပြောအပ်ပါ။ အဘယ့်ကြောင့်ဆိုသော် ပင်လယ်သည် သူ့သဘာဝအတိုင်း တည်ရှိနေသောကြောင့်ဖြစ်သည်။ ရာသီဥတုဖောက်ပြန်လာ၍ မုန်တိုင်းထန်ရခြင်းအတွက် ပင်လယ်ပြင်၌ တာဝန်မရှိပါ။ အလားတူ နိုင်ငံရေးသမားကလည်း မီဒီယာကို ဘယ်တော့မျှ မကောင်းမပြောရပါဘူး။ သို့ရာတွင် သင်္ဘောသားသည် ပင်လယ်ကို မကြောက်ရသလို နိုင်ငံရေးသမားကလည်း မီဒီယာကို မကြောက်သင့်ပါ။ နိုင်ငံရေးသမား၏ နိုင်ငံရေးရည်မှန်းချက်က သင်္ဘောနှင့် တူသည်။ ဘယ်လောက်လှိုင်းလေထန်ထန်၊ ကျောက်ဆောင်ကျောက်သားတွေ ပေါများသည့် ပင်လယ်ဖြစ်ပါစေ သင်္ဘောသားသည် သင်္ဘောကို လိုရာဆိပ်ကမ်းသို့ရောက်အောင် ကျွမ်းကျင်စွာ ခုတ်မောင်းသွားနိုင်ဖို့လိုသလို နိုင်ငံရေးသမားသည် အများပြည်သူအကျိုးစီးပွားအတွက် နိုင်ငံရေးရည်မှန်းချက်တစ်ခုကို ဘယ်လောက်အခက်အခဲရှိရှိ အောင်မြင်အောင် အကောင်အထည်ဖော်နိုင်စွမ်းရှိရပါမယ်။ "ကြမ်းတမ်းသော ပင်လယ်ပြင်ကသာ ကျွမ်းကျင်သော သင်္ဘောသားကောင်းများကို မွေးထုတ်ပေးနိုင်တယ်" လို့ ဆိုစကားရှိပါတယ်။ ပင်လယ်ပြင်ကို ကြောက်ပြီး သင်္ဘောမတက်ရဲလျှင် သင်္ဘောသားကောင်း မဖြစ်နိုင်ပါ။ ပုဂ္ဂိုလ်အချို့က မီဒီယာရှေ့မှောက်တွင် မိမိ၏နိုင်ငံရေးရည်မှန်းချက်ကို ရဲရဲရင့်ရင့် ချပြရမည့်အစား "ထမင်းရည်ပူလာ၊ လျှာလွှဲ"အမှန်တရားနှင့် ကင်းလွတ်၍ အလိုက်သင့် ဟန်ဆောင်ပြောကြားချက်များသည် နိုင်ငံရေးသမားကောင်း၏ အပြုအမူ မဟုတ်ပါ။ နိုင်ငံရေးသမားသည် လူထုခေါင်းဆောင်တစ်ယောက်လည်း ဖြစ်ပါတယ်။ ခေါင်းဆောင်တစ်ယောက်မှာ ခိုင်မာသောရပ်တည်ချက်မရှိလျှင် သူ့ကို မည်သူက လာအားကိုးနိုင်ပါ့မလဲ။

ကျွန်တော်သည် ၁၉၉၈ ခုနှစ်က "ခေါင်းဆောင်များအတွက် စစ်ဆေးရန်အချက်များ"ဟူသော အမည်ဖြင့် စာအုပ်တစ်အုပ်ကို ရေးသားထုတ်ဝေခဲ့ဖူးပါတယ်။ ထိုစာအုပ်တွင် မီဒီယာနှင့်ဆက်ဆံခြင်းဟူသော ခေါင်းစဉ်အောက်၌ "ကျွန်ုပ်တို့၏ ဟန်ဆောင်မှု၊ အပြောတခြား အလုပ်တခြားဖြစ်မှု၊ စိတ်မပါဘဲ အလိုက်သင့်ပြောဆိုမှုနှင့် မုသာဝါဒကျင့်သုံးမှုတို့သည် ကျွန်ုပ်တို့၏ပုံရိပ်ကို အကျည်းတန်စေပါလိမ့်မည်။ အတွင်းခံစားမှုအစစ်အမှန်နှင့် ပြင်ပဆက်သွယ်မှုပုံစံ တစ်ထပ်တည်းမတူခြင်းသည် လိမ်လည်လှည့်ဖြားခြင်း အပျော့စားတစ်မျိုးဖြစ်သော သူတော်ယောင်ဆောင်မှုပင် ဖြစ်ပါသည်။ ဤအချက်သည် လူအများနှင့်ဆက်ဆံရာ၌ အမြဲအရှုံးနှင့်ရင်ဆိုင်နေရမည့် အပြုအမူလည်း ဖြစ်၏ "ဟု ရေးသားဖော်ပြခဲ့ဖူးပါတယ်။

ယခုအခါ ကျွန်တော်တို့ ဖြတ်သန်းနေသော ပင်လယ်ပြင်သည် ခက်ခဲကြမ်းတမ်းပါတယ်။ ပင်လယ်ပြင်ကို ထွက်မလာခင်ကတည်းက ဒီလိုအခြေအနေမျိုးကို မျှော်လင့်ထားပြီးဖြစ်၍ မထူးဆန်းပါ။ စွန့်လွှတ်စွန့်စားသော စိတ်မရှိလျှင်၊ နဂိုကတည်းက နိုင်ငံရေးရည်မှန်းချက်မရှိလျှင် ပင်လယ်ကို ထွက်လာလိမ့်မည် မဟုတ်ပါ။ အများပြည်သူအကျိုးစီးပွားအတွက် နိုင်ငံရေးရည်မှန်းချက်ကို ခိုင်ခိုင်မာမာ ချမှတ်ထားခဲ့သည့်အတွက်သာ ကျွန်တော်တို့သည် ပင်လယ်ပြင်ကိုဖြတ်သန်းနေရခြင်းဖြစ်ပါတယ်။ ဤသို့ဆိုလျှင် အများပြည်သူအကျိုးစီးပွားဆိုသည်မှာ အဘယ်နည်း။ ။

(ဆက်လက်ဖော်ပြပါမည်)

မြန်မာ-ထိုင်းနိုင်ငံသားများ၊ တတိယနိုင်ငံသားများ ဝင်ထွက်ခွင့်ပြုရန်သတင်းစာရှင်းလင်း

မြဝတီ ဩဂုတ် ၂၉

မြန်မာ- ထိုင်းနိုင်ငံသားများနှင့် တတိယနိုင်ငံသားများအား ဝင်/ထွက်ခွင့်ပြုသည့် သတင်းစာရှင်းလင်းပွဲ အခမ်းအနားကို ကရင်ပြည်နယ် မြဝတီမြို့ အေးချမ်းဖြိုးရိပ်သာတွင် ဩဂုတ် ၂၈ ရက်က ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ ကရင်ပြည်နယ် အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်မြင့်၊ ကရင်ပြည်နယ်အစိုးရ အဖွဲ့ဝင် လူမှုရေးဝန်ကြီး ဦးချစ်လှိုင်တို့ တက်ရောက် ရှင်းလင်းပြောကြားသည်။

မြန်မာ- ထိုင်းနိုင်ငံသားများနှင့် တတိယနိုင်ငံသားများအား ဝင်/ထွက်ခွင့်ပြုသည့်ကိစ္စနှင့် ပတ်သက်၍ အဓိကအချက်များဖြစ်သည့် ဆိုက်ရောက်ဗီဇာကိစ္စ၊ နိုင်ငံခြားသားပိုင်ကားများ ပြည်တွင်းသို့ဝင်ရောက်ရန် ခွင့်ပြုချက်ရှိ/မရှိ၊ လေဆိပ်မှ passport ဖြင့် ထွက်ခွာသူ မြန်မာလူမျိုးများ အနေဖြင့် အကြောင်းတစ်စုံတစ်ရာကြောင့် ပြည်တွင်းသို့ပြန်လည်ဝင်ရောက်ရန်လိုအပ်ခဲ့ပါက ယခုအောက်လမ်းမှ ပြန်လည်ဝင်ရောက်ခွင့်ရှိ/မရှိ၊ ထိုင်း-မြန်မာချစ်ကြည်ရေး တံတားဖွင့်ချိန်ပိတ်ချိန်အား ပြောင်းလဲသတ်မှတ်ရန် ရှိ/မရှိ၊ လောလောဆယ်တွင်မြဝတီမြို့နေ မြို့သူ၊ မြို့သားများအနေဖြင့် တစ်နေ့ခံ Border Pass နှင့် တစ်နှစ်ခံ Border Pass ကိုင်ဆောင်ထားရာအဆိုပါBorder Pass ဖြင့် မဲဆောက်မြို့ရှိ Nok Air လေကြောင်းလိုင်းဖြင့် စီးနင်းပြီး ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လိုကြောင်း စသည်ဖြင့် တက်ရောက်လာကြသူများက မေးမြန်းခဲ့ကြပြီး တာဝန်ရှိသူများက မိမိတို့နိုင်ငံတွင် ခွင့်ပြုဗီဇာခြောက်မျိုး ခွင့်ပြုထားပြီး အိမ်နီးချင်းငါးနိုင်ငံ ဆက်စပ်နေပြီး နယ်စပ်ပေါက် ၁၆ ပေါက်ရှိကြောင်း၊ ယခုအချိန်တွင်လည်း တားမြစ်နယ်မြေမှအပ ကျန်နေရာများကို လွတ်လပ်စွာ သွားလာခွင့်ပေးထားကြောင်း၊ ပြည်ပမှ ပြန်လည်ဝင်ရောက်သော မြန်မာလူမျိုးဆိုလျှင် ဆိုက်ရောက်ဗီဇာဖြင့် ပြန်လည်ဝင်ရောက်ခွင့်ပြုမည်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပါရှိရမည် ဖြစ်ကြောင်း၊ နိုင်ငံခြားသားများ စီးနင်းလာသော ကားများနှင့် ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ယာဉ်စည်းကမ်းစနစ်မှာ လက်ယာကပ်မောင်း စနစ်ဖြစ်ပြီး ညှော်နိုင်ငံများမှာ လက်ဝဲစနစ်ဖြစ်သဖြင့် လောလောဆယ် အနေအထားအရ ခွင့်ပြုနိုင်သေးခြင်း မရှိကြောင်း၊ မြဝတီ မြို့သူမြို့သားများ အနေဖြင့် လောလောဆယ် Border Passဖြင့် လေယာဉ်စီးပြီး ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်ခွင့် မရှိသေးကြောင်းနှင့် အခြားအချက်များကိုလည်း နိုင်ငံတော်က ချမှတ်ထားသော မူများနှင့်အညီ ခွင့်ပြုမည်၊ မပြုမည် ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ကြသည်။

မြတ်ကို(ဒေါနမြေ)



သင်တန်းတက်ရောက်ရန် ဂျပန်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၉

မြန်မာ A.G.T.Iအသင်းနှင့် ဂျပန်နိုင်ငံ Kinden Corporation တို့ပူးပေါင်းစီစဉ်မှုဖြင့် Electrical Training Programme အရ ဂျပန်နိုင်ငံ၌ ၂၀၁၄ ခုနှစ် မတ်လအထိ သင်တန်းတက်ရောက်နိုင်ရန် မြန်မာသင်တန်းသားခြောက်ဦးမှာ ဂျပန်နိုင်ငံ Kinden Corporation သို့ သွားရောက်ပညာသင်ယူကြမည် ဖြစ်ပြီး ဩဂုတ် ၂၆ ရက် နံနက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ အသင်းအမှုဆောင်များ၊ မိသားစုဝင်များက လိုက်ပါပို့ဆောင်ပေးခဲ့ကြသည်။ (ဓာတ်ပုံ)

ထိုသင်တန်း၌ မဟာဓာတ်အားလိုင်းသွယ်တန်းခြင်း၊ ဓာတ်အားခွဲရုံ တပ်ဆင်ခြင်း၊ အဆောက်အအုံအတွင်း လျှပ်စစ်သွယ်တန်းမှုစနစ်များကို စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ကာ ထိုသင်တန်းသားခြောက်ဦးတို့က ပြည်တွင်း၌ဆင့်ပွားသင်ကြားပေးမည်ဖြစ်ပြီး မြန်မာ A.G.T.Iအသင်းနှင့် ဂျပန်နိုင်ငံ Kinden Corporationတို့ ပူးပေါင်းစီစဉ်မှုအရ အခြားသောအသက်မွေးဝမ်းကျောင်း ပညာရပ်များကိုလည်း ၂၀၁၄ ခုနှစ် မေလမှစတင်ကာ အင်းစိန် G.T.I ကျောင်းဝင်းအတွင်း၌ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ပြည်သူတို့၏မျှော်လင့်ချက်များကိုအကောင်အထည်ဖော်ဆောင်ပေးနိုင်သော ပြည်သူ့ကိုယ်စားလှယ်များအဖြစ်ရပ်တည်ဆောင်ရွက်ခြင်းဖြင့် တာဝန်ကျေပွန်မှုပြသ

နေပြည်တော် ဩဂုတ် ၂၉

ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း ရှင်းလင်းတင်ပြသည့် သတ္တမပုံမှန်အစည်းအဝေးဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

ဒီနေ့မကြာမီမှာ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၁၈)ရက်မြောက်နေ့နဲ့ နောက်ဆုံးနေ့အစီအစဉ်များ အောင်မြင်စွာ ပြီးမြောက်တော့မှာဖြစ်ပါတယ်။ ယခုကဲ့သို့ အောင်မြင်စွာ ပြီးမြောက်နိုင်ရေးအတွက် အစည်းအဝေးကျင်းပစဉ် ကာလတစ်လျှောက် တာဝန်ကျေပွန်စွာ ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့ရဲ့ သတ္တမပုံမှန်အစည်းအဝေးများကို၂၀၁၃ ခုနှစ် ဇွန်လ ၂၅ ရက်မှာ စတင်ကျင်းပခဲ့ပြီး ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကိုတော့ ဇူလိုင်လ ၁ ရက်မှာ စတင်ကျင်းပခဲ့တာဖြစ်ပါတယ်။ လွှတ်တော်အသီးသီးရဲ့ အစည်းအဝေးကျင်းပမှု နှစ်လကျော်ကာလအတွင်း ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ၁၈ ရက်ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။

သတ္တမပုံမှန်အစည်းအဝေးရဲ့ အစည်းအဝေးကျင်းပမှု ၁၈ ရက်အတွင်းမှာ ပြည်ထောင်စုလွှတ်တော်သို့ ပြည်တွင်းမှ နိုင်ငံရေးပါတီများ၊ အသင်းအဖွဲ့များ၊ သင်တန်းများ၊ တက္ကသိုလ်၊ ကောလိပ်နဲ့ကျောင်းများ၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားအဖွဲ့များအပါအဝင် အသီးသီးမှ ပြည်သူလူထု ၃၆၀၈ ဦး၊ ပြည်ပဧည့်သည် အဖွဲ့ငါးဖွဲ့မှ ၇၅ ဦး စုစုပေါင်း ၃၆၈၃ ဦး လာရောက်လေ့လာခဲ့တာကို စိစစ်တွေ့ရှိရပါတယ်။ ယခင်အစည်းအဝေး အကြိမ်များကထက် လွှတ်တော်အစည်းအဝေးများကို လာရောက်လေ့လာသူအရေအတွက် များပြားလာပြီး မိမိတို့လွှတ်တော်အပေါ် ပြည်သူလူထု၏ စိတ်ဝင်စားမှု ပိုမိုလာခြင်းသည် နိုင်ငံတော်၏ ဒီမိုကရေစီစနစ်ဖော်ဆောင်မှုအတွက် ကောင်းမွန်တိုးတက်သော လက္ခဏာအဖြစ် သုံးသပ်ခံယူရမှာဖြစ်ပါတယ်။

ဒါ့အပြင် သတ္တမပုံမှန်အစည်းအဝေးကာလအတွင်း လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်ဖြစ်တဲ့ ဥပဒေပြုရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုကို ကြည့်မယ်ဆိုရင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီး ဥပဒေအဖြစ် ထုတ်ပြန်ကြေညာနိုင်ခဲ့တဲ့ ဥပဒေ ၁၆ ခုရှိပါတယ်။ နိုင်ငံတော်သမ္မတထံသို့ ဥပဒေအဖြစ် လက်မှတ်ရေးထိုးထုတ်ပြန်နိုင်ရန် ပေးပို့ထားတဲ့ ဥပဒေကြမ်း (ဆက်သွယ်ရေးဥပဒေကြမ်းအပါအဝင်) (၂)ခုရှိပါတယ်။ ဒါ့အပြင် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှု မရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်နှင့် အလုပ်သမား၊ အလုပ်ရှင် အခွင့်အရေး လေ့လာရေးပူးပေါင်းကော်မရှင်တို့၏ အစီရင်ခံစာများကို ဆွေးနွေးအတည်ပြုခြင်း၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာများကို တင်သွင်းဆွေးနွေးအတည်ပြုခြင်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဆက်လက်ပြီး နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားအတွက် အရေးကြီးဆုံးဖြစ်တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးအတွက် ပူးပေါင်းကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းနိုင်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို လေ့လာသုံးသပ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ အလားတူ **တိုင်းရင်းသားလူမျိုးများ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်း**ရေးဆွဲရေးလုပ်ငန်းကိုလည်း ယခုအစည်းအဝေးကာလအတွင်းမှာ စတင်အကောင်အထည်ဖော် ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံသား ပြည်သူများက ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်သည်နှင့်အညီ **"ပြည်သူ့အသံ၊ လွှတ်တော်အသံ" "ပြည်သူ့ဆန္ဒ၊ လွှတ်တော်ဆန္ဒ" "ပြည်သူတို့ မျှော်လင့်ချက်၊ လွှတ်တော်က ဖော်ဆောင်ရွက်"** ဆိုတဲ့ လွှတ်တော်ကချမှတ်ထားသော ဆောင်ပုဒ်အတိုင်း ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒများကို အလေးအနက်ထား နားထောင်ကြရမှာဖြစ်ပါတယ်။ ပြည်သူတို့၏မျှော်လင့်ချက်များကို အကောင်အထည်ဖော်ဆောင်ပေးနိုင်တဲ့ အရည်အချင်းရှိသော၊ စိတ်ကောင်း စေတနာကောင်းရှိသော ပြည်သူ့ကိုယ်စားလှယ်များအဖြစ် ဆက်လက်ရပ်တည် ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် ကျန်ရှိသော လွှတ်တော်သက်တမ်းအတွင်း ကိုယ်စီတာဝန်ကျေပွန်မှုကို ပြသကြရမှာဖြစ်ပါတယ်။

ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်အစည်းအဝေးများ ရပ်နားထားစဉ်ကာလမှာလည်း မိမိတို့ကို ယုံကြည်အားကိုးစွာဖြင့် ရွေးကောက်တင်မြှောက်လိုက်သည့် နယ်မြေများအရောက် သွားရောက်ပြီး ဒေသခံပြည်သူများ၏အသံ၊ ဆန္ဒများကို နားထောင်ကြပါ။ ဆက်လက်ပြီး မိမိနယ်မြေဒေသအဆင့်မှ နိုင်ငံအကျိုး၊ ပြည်သူလူထုအကျိုးအတွက် ပိုမိုဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းနှင့် ဆောင်ရွက်နိုင်ကြလိမ့်မည်ဟုလည်း ယုံကြည်မျှော်လင့်ပါကြောင်း ပြောကြားလိုပါတယ်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့်ပြည့်စုံကြပြီး ဘေးအန္တရာယ်ကင်းရှင်းကြပါစေကြောင်းနှင့် တစ်လခန့်ရပ်နားပြီး ပြန်လည်ကျင်းပမည့် အဋ္ဌမပုံမှန်အစည်းအဝေးတွင် ကျန်းမာရွှင်လန်းစွာ ပြန်လည်ဆုံတွေ့ကြပါစေကြောင်း ဆုမွန်တောင်းရင်း သတ္တမပုံမှန်အစည်းအဝေးအတွက် နိဂုံးချုပ်အပ်ပါတယ်။

❖ ပြည်ထောင်စုလွှတ်တော်မှ

ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က မြန်မာနိုင်ငံ၏ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲရေးစနစ်ကို ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေရှိစေရန် ပြုပြင်ပြောင်းလဲခြင်းအားဖြင့် ဘဏ္ဍာငွေ အရအသုံးစာရင်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့်ပတ်သက်၍ လွှတ်တော်၏တိုက်တွန်းချက်၊ သုံးသပ်အကြံပြုချက်များနှင့် အညီ ဖော်ဆောင်နိုင်မည် ဖြစ်သည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့၏ စီမံကိန်း ရည်မှန်းချက်များကိုလည်း အောင်မြင်ပြီးမြောက်စေရန် လျင်လျင်မြန်မြန်ဖြင့် သိသာစွာ အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်းဖြင့် တင်ပြခဲ့သည်။

ဆောင်ရွက်သွားမည်

အဆိုပါဝန်ကြီးဌာန အနေဖြင့် ကမ္ဘာ့ဘဏ်ချေးငွေမှ အမေရိကန်ဒေါ်လာ သန်း(၃၀) ကို နှစ်ရှည်ချေးငွေအဖြစ် ရယူမည်ဖြစ်ပြီး ၎င်းချေးငွေဖြင့် အခွန်စနစ် ဖွံ့ဖြိုးတိုးတက်စေရေး၊ ဘတ်ဂျက်ရေးဆွဲတင်ပြသည့်စနစ် ဖွံ့ဖြိုးတိုးတက်စေရေး၊ ဘတ်ဂျက် အကောင်အထည်ဖော်မှု လုပ်ငန်းစဉ် ဖွံ့ဖြိုးတိုးတက်စေရေး၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားစေရေး၊ ဘတ်ဂျက်အပေါ် စိစစ်သုံးသပ်မှုများနှင့် စာရင်းစစ်ဆေးမှု အရည်အသွေး တိုးမြင့်လာစေရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ချေးငွေစည်းကမ်းသတ်မှတ်ချက်အရ ချေးငွေသက်တမ်းကာလအနေဖြင့် ဆိုင်းငံ့ကာလ (၁၀) နှစ် အပါအဝင် စုစုပေါင်းနှစ်(၄၀)ဖြစ်ပြီး အတိုးနှုန်းသတ်မှတ်ထားမှု မရှိကြောင်း၊ တစ်နှစ်လျှင် (၀ ဒသမ ၇၅)ကိုသာ ဝန်ဆောင်ခအဖြစ် ပေးဆောင်ရမည်ဖြစ်ပါကြောင်း၊ ဆိုင်းငံ့ကာလအတွင်း ထုတ်ယူသုံးစွဲမှုအပေါ်မူတည်ပြီး ဝန်ဆောင်ခကျသင့်ငွေကို ပေးဆောင်ရမည်ဖြစ်ပါကြောင်း၊ ဆိုင်းငံ့ကာလကျော်လွန်ပါက အရစ်ကျပြန်လည်ပေးဆပ်ရမည့် အရင်းငွေနှင့်ကျသင့်သောဝန်ဆောင်ခတို့ကို ပေးဆောင်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွက် ကုန်ကျစရိတ်လွန်စွာသက်သာသော ချေးငွေအမျိုးအစားဖြစ်ပြီး ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကိုလည်း အချိန်တိုအတွင်း ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုရရှိရေးအတွက် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း သိရသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ် (၅)ဦးက ဆွေးနွေးခဲ့ကြပြီး ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ (၂၆၁ ဒသမ ၅၀) သန်း ချေးယူဆောင်ရွက်ရန် လွှတ်တော်ကအတည်ပြုဆုံးဖြတ်ခဲ့သည်။

ထို့ပြင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အရေးကြီးသော စစ်ဆေးတွေ့ရှိချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ (၅/၂၀၁၃) နှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ် (၃) ဦးက ဆွေးနွေးခဲ့ကြသည်။

အစီရင်ခံစာအပေါ် **ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ**က "အစီရင်ခံစာကို ထောက်ခံပါတယ်။ အစီရင်ခံစာထဲမှာပါတဲ့ တောင်သူလယ်သမားတွေရဲ့ ကြွေးကျန်ပေါ်နေတာနဲ့ ပတ်သက်ပြီးတော့ (၂)နှစ် ဆိုင်းငံ့ပေးဖို့ တင်ပြချက်အပေါ် အစိုးရအဖွဲ့ကိုတင်ပြပြီး ဆောင်ရွက်ပေးမယ်လို့ သိရတဲ့အတွက် အများကြီးဝမ်းသာရပါတယ်" ဟု ပြောပြခဲ့သည်။

ဆုံးဖြတ်ခဲ့

ယင်းအစီရင်ခံစာနှင့် ပတ်သက်၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြပြီး လွှတ်တော်က သဘောတူလက်ခံရန် ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသူရိန်ဇော်က အဆိုတင်သွင်းခဲ့ရာ လွှတ်တော်က သဘောတူလက်ခံကြောင်း ဆုံးဖြတ်ခဲ့သည်။

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ ပြန်လည်ရှင်းလင်းတင်ပြပြီးနောက် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးသိန်းထိုက်က တင်ပြခဲ့ရာတွင် သက်ဆိုင်ရာဌာနများ၏ ဘဏ္ဍာရေးစည်းမျဉ်းနှင့်မညီသောဆောင်ရွက်မှု၊ လုပ်ထုံးလုပ်နည်းနှင့်အညီ မဆောင်ရွက်မှုတို့ကြောင့် ဖြစ်စဉ်ပေါင်း (၃၇၂) ရှိပါကြောင်း၊ ၎င်းတို့တွင် သာမန်အသုံးစရိတ်မှ ဝန်ထမ်းများ၏ လစာပိုထုတ်ပေးငွေ၊ ပင်စင်လစာပိုထုတ်ပေးငွေ၊ ခရီးစရိတ်ပိုထုတ်ငွေ၊ လုပ်အားခပိုထုတ်ငွေ၊ နှစ်တိုးလစာပိုထုတ်ငွေ၊ ပြင်ဆင်စရိတ်ပိုထုတ်ငွေ၊ အသုံးစရိတ်ပိုထုတ်ငွေ စသည်တို့အတွက် ပြန်လည်ပေးသွင်းရခြင်းသည် အများဆုံးပါဝင်ပါကြောင်း၊ တန်ဖိုးအားဖြင့် နည်းပါးပါကြောင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်မှ သတ်မှတ်ထားသည့် ဒေသပေါက်ဈေးထက် ပိုမိုပေးချေထားခြင်း၊ ခန့်မှန်းခြေစာရင်းထက် ပိုမိုသုံးစွဲထားခြင်းတို့ကြောင့် ပြန်သွင်းရသည့်အရေအတွက်သည် ဒုတိယအများဆုံး ဖြစ်ပါကြောင်း၊ ယင်းဖြစ်စဉ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနများက ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူမှုများကို ပြုလုပ်ခဲ့ကြပြီး အစီရင်ခံစာတွင် ပြည့်စုံစွာ ထည့်သွင်း မဖော်ပြနိုင်ခဲ့ပါကြောင်း၊ နောင်တွင်မူ အရေးယူဆောင်ရွက်မှုများကို အစီရင်ခံစာများ၌ လက်ခံရရှိမှုအရသာ ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

ယနေ့အစည်းအဝေး၌ **တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူကာ မှတ်တမ်းတင်ကြောင်းနှင့်ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

ထို့ပြင် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံသို့ ယနေ့ရက်စွဲဖြင့်ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားခဲ့သည်။

ဆက်လက်၍ လွှတ်တော်နာယကက အစည်းအဝေးဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

(ပြည်ထောင်စု လွှတ်တော်နာယက၏ ရှင်းလင်းတင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။)

ကျင်းပပြီးစီး

အစည်းအဝေးကို မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် ရပ်နားခဲ့ပြီး ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခမ်းအနားကျင်းပရေးနှင့်စပ်လျဉ်း၍ ကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဩဂုတ် ၂၉

၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပရာ ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးဌေးဦးက အဖွင့်အမှာစကား ပြောကြားရာတွင် ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၅ ရက်၌ ကျရောက်မည့် ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အထိမ်းအမှတ် အခမ်းအနားကို အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေးအတွက် လုပ်ငန်းကော်မတီများမှ မိမိတို့ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်းဆောင်ရွက်ပြီးလုပ်ငန်းနှင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရန် မှာကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး ဦးတင်မောင်ဝင်းက အခမ်းအနားကျင်းပရေးအတွက် ကြိုတင်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ လုပ်ငန်းကော်မတီခေါင်းဆောင်မှု ဥက္ကဋ္ဌများက မိမိတို့လုပ်ငန်းကော်မတီအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးဌေးဦးက နိုင်ငံတကာဆောင်ရွက်သည့် အခမ်းအနားဖြစ်ပြီး မိမိတို့လွှတ်တော်ကလည်း ဒီမိုကရေစီကျင့်စဉ်များ၊ အသိပညာများမြှင့်တင်ရန် ရည်မှန်းဆောင်ရွက်ခြင်းဖြစ်၍ ပညာပေးခြင်း အသိမြှင့်တင်ခြင်းကိစ္စရပ်များကို ကျယ်ပြန့်စွာ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း နိဂုံးချုပ် အမှာစကားပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် ဩဂုတ် ၂၉

ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအသင်း (Education Development Association) မှ အသင်းဝင် ၂၂ ဦး၊ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင် (၉၇)ဦး၊ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့မှ အမေ့မေတ္တာပညာဒါနကျောင်းမှ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ (၈၆)ဦး နှင့် MDRI ၏ Centre for Stratgic and International Studies (CSIS) Postgraduate Certificate in Peace, Democracy and Development သင်တန်းမှ သင်တန်းသား သင်တန်းသူ ၁၀၁ ဦးတို့သည် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်သတ္တမပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ ကျင်းပနေပုံများကို လာရောက် လေ့လာကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥပဒေကြမ်း

ဥပဒေကြမ်း

စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်း

စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်း

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၅ ခုနှစ်၊ လ ရက်

(၂၀၁၃ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **စံချိန်စံညွှန်း** ဆိုသည်မှာ နယ်ပယ်တစ်ခုတွင်ရှိသော သက်ဆိုင်ရာ ကဏ္ဍတစ်ခု၌ အနိမ့်ဆုံးသတ်မှတ်ချက် ပြည့်မီစေရန် ရည်ရွယ်၍ စံချိန်စံညွှန်းဆိုင်ရာသက်ဆိုင်သည့် လုပ်ပိုင်ခွင့်ရှိသော အဖွဲ့အစည်းက အများသဘောတူမှု အခြေခံဖြင့် ပြုစုရေးဆွဲအတည်ပြုထားသည့် ယေဘုယျနှင့် အကြိမ်ကြိမ်အသုံးချနိုင်သော စည်းမျဉ်းစည်းကမ်းများ၊ လမ်းညွှန်ချက်များ၊ ဆောင်ရွက်မှုသွင်ပြင်လက္ခဏာများ သို့မဟုတ် ယင်းတို့၏ အကျိုးဆက်များကို ဖွင့်ဆိုရှင်းပြသည့် သတ်မှတ်ချက်များကို ဆိုသည်။

(ခ) **စံချိန်စံညွှန်းသတ်မှတ်ခြင်း** ဆိုသည်မှာ လုပ်ကိုင်ဆောင်ရွက်မည့် ကိစ္စတစ်ခုတွင် ထုတ်လုပ်သူများနှင့် စားသုံးသူများ၏ အကျိုးမျှော်ကိုး၍ လက်တွေ့အသုံးဝင်မှု အခြေအနေနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားပြီး စီးပွားရေးတိုးတက်မြင့်မားစေရန် သက်ဆိုင်ရာ ကျွမ်းကျင်သူများ စုပေါင်းပါဝင်ကာ စံချိန်စံညွှန်း ရေးဆွဲသတ်မှတ်သည့် ဆောင်ရွက်မှုလုပ်ငန်းစဉ်ကို ဆိုသည်။

(ဂ) **မြန်မာနိုင်ငံစံချိန်စံညွှန်း** ဆိုသည်မှာ အမျိုးသားစံချိန်စံညွှန်းကောင်စီက သတ်မှတ်သော အမျိုးသားစံချိန်စံညွှန်းကို ဆိုသည်။

(ဃ) **ပြည်ပနိုင်ငံစံချိန်စံညွှန်း** ဆိုသည်မှာ ပြည်ပနိုင်ငံတစ်ခုခုတွင် ဥပဒေအရ လုပ်ပိုင်ခွင့်ရှိသော အဖွဲ့အစည်းက သတ်မှတ်သော ယင်းနိုင်ငံ၏ အမျိုးသားစံချိန်စံညွှန်းကို ဆိုသည်။

(င) **ဒေသဆိုင်ရာစံချိန်စံညွှန်း** ဆိုသည်မှာ ဒေသဆိုင်ရာစံချိန်စံညွှန်းအဖွဲ့က သတ်မှတ်သော စံချိန်စံညွှန်းကို ဆိုသည်။

(စ) **အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်း** ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်း အဖွဲ့တစ်ခုခုက သတ်မှတ်သော စံချိန်စံညွှန်းကို ဆိုသည်။

(ဆ) **အသိအမှတ်ပြုလွှာ** ဆိုသည်မှာ အရည်အသွေးထောက်ခံချက် ထုတ်ပေးနိုင်ရေးအတွက် နည်းပညာဆိုင်ရာစစ်ဆေးမှု၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုနှင့် လိုအပ်သော အခြားဝန်ဆောင်မှုများကို ဆောင်ရွက်နိုင်စွမ်းရှိကြောင်း အသိအမှတ်ပြုသော ဤဥပဒေအရ ထုတ်ပေးသည့် အထောက်အထားလက်မှတ်ကိုဆိုသည်။

(ဇ) **အရည်အသွေးထောက်ခံချက်** ဆိုသည်မှာ ထုတ်ကုန်၊ ထုတ်လုပ်မှုနည်းစဉ်၊ ဝန်ဆောင်မှုဆိုင်ရာ စံချိန်စံညွှန်းနှင့် ကိုက်ညီကြောင်း ဤဥပဒေအရထုတ်ပေးသည့် ထောက်ခံချက်လက်မှတ်ကို ဆိုသည်။

(ဈ) **စံချိန်စံညွှန်းဆိုင်ရာအမှတ်တံဆိပ်** ဆိုရာတွင် အသိအမှတ်ပြုကြောင်း အမှတ်တံဆိပ်နှင့် အရည်အသွေးအမှတ်တံဆိပ်များဖြစ်သော ထုတ်ကုန်အရည်အသွေးအမှတ်တံဆိပ်၊ ထုတ်လုပ်မှုနည်းစဉ်ဆိုင်ရာ အရည်အသွေးအမှတ်တံဆိပ်နှင့် ဝန်ဆောင်မှုအရည်အသွေးအမှတ်တံဆိပ်တို့ ပါဝင်သည်။

(ည) **ဥပဒေအရတိကျစွာ တိုင်းတာခြင်းနည်းပညာ** ဆိုသည်မှာ တရားဝင်ထိန်းချုပ်ရေး၊ ကုန်သွယ်ရေး၊ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့နှင့် သက်ဆိုင်သော သင့်တင့်လျောက်ပတ်သည့် အရည်အသွေးနှင့် ယုံကြည်စိတ်ချရသော တိုင်းတာမှုများကို ပြည့်စုံတိကျစေရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းကသတ်မှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ၊ ဥပဒေပြုရေးဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အစီအစဉ်တစ်ရပ်လုံးကို ဆိုသည်။

(ဋ) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် အမျိုးသားစံချိန်စံညွှန်းကောင်စီကို ဆိုသည်။

(ဌ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် စံချိန်စံညွှန်းလုပ်ငန်းကော်မတီကို ဆိုသည်။

အခန်း(၂)
ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မြန်မာနိုင်ငံစံချိန်စံညွှန်းများကို သတ်မှတ်နိုင်ရန်၊

(ခ) ကုန်ထုတ်လုပ်မှုဆိုင်ရာအဖွဲ့အစည်းများနှင့် ယင်းတို့၏ ထုတ်ကုန်များ၊ ထုတ်လုပ်မှုနည်းစဉ်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးကိုမြင့်မားစေပြီး ပြည်ပပို့ကုန်မြှင့်တင်ရေး အထောက်အကူပြုနိုင်ရန်၊

(ဂ) သွင်းကုန်များသည် သတ်မှတ်ထားသည့် စံချိန်စံညွှန်းအောက် မနိမ့်ကျကြောင်းနှင့် လုံခြုံမှုရှိပြီး ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းကြောင်း အာမခံခြင်းဖြင့် စားသုံးသူများကို အကာအကွယ်ပေးနိုင်ရန်၊

(ဃ) ထုတ်ကုန်များနှင့်လည်းကောင်း၊ ထုတ်လုပ်မှုနည်းစဉ်များနှင့်လည်းကောင်း၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့်လည်းကောင်း ဆက်စပ်နေသော ပတ်ဝန်းကျင်ကို အန္တရာယ်ကျရောက်ခြင်းမှ ကာကွယ်ရေးနှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို အထောက်အကူပြုနိုင်ရန်၊

(င) သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့် မကိုက်ညီသည့် အရည်အသွေး ပြည့်မီခြင်းမရှိသော ကုန်ပစ္စည်းများ၊ ဘေးဥပဒ်မကင်းသော ကုန်ပစ္စည်းများနှင့် ပတ်ဝန်းကျင်ကို ထိခိုက်နိုင်သော ကုန်ပစ္စည်းများ နိုင်ငံအတွင်းသို့ တင်သွင်းခြင်းမှ ကာကွယ်နိုင်ရန်၊

(စ) အပြည်ပြည်ဆိုင်ရာလွတ်လပ်သော ကုန်သွယ်မှုဒေသများ ထူထောင်ရာတွင် အထောက်အကူဖြစ်စေရန်နှင့် ကုန်သွယ်ရေးဆိုင်ရာ နည်းပညာအတားအဆီးများကို လျှော့ချနိုင်ရန်။

အခန်း(၃)
အမျိုးသားစံချိန်စံညွှန်းကောင်စီဖွဲ့စည်းခြင်းနှင့် ယင်းကောင်စီ၏လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သည်-

(က) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများမှ အကြီးအကဲများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူ ပညာရှင်များနှင့် ငွေကြေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက အဖွဲ့ဝင်များအဖြစ် လည်းကောင်း၊ မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သည့် အမျိုးသားစံချိန်စံညွှန်းကောင်စီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ကောင်စီဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်နိုင်သည်။

(ဂ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသောကောင်စီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့သည် အစိုးရဝန်ထမ်းမဟုတ်သောကောင်စီဝင် ခံစားရမည့် ချီးမြှင့်ငွေကို သတ်မှတ်နိုင်သည်။

၆။ ကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေ၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မူဝါဒချမှတ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(ခ) အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများ၊ ဒေသဆိုင်ရာစံချိန်စံညွှန်းများနှင့် ပြည်ပနိုင်ငံစံချိန်စံညွှန်းများအနက် သင့်လျော်သော စံချိန်စံညွှန်းများကို လက်ခံ၍ဖြစ်စေ၊ မြန်မာနိုင်ငံ၏ အခြေအနေနှင့်အညီ ပြောင်းလဲ၍ဖြစ်စေ အမျိုးသားစံချိန်စံညွှန်းကို သတ်မှတ်ခြင်း၊

(ဂ) ကုန်ကြမ်းပစ္စည်း၊ စက်ကိရိယာတန်ဆာပလာ၊ ထုတ်ကုန်၊ ထုတ်လုပ်မှုနည်းစဉ်၊ စမ်းသပ်စစ်ဆေးနည်းများ၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် အမျိုးသားစံချိန်စံညွှန်းကို သတ်မှတ်ခြင်း၊

(ဃ) သွင်းကုန်ပစ္စည်းနှင့် ပို့ကုန်ပစ္စည်းများအတွက် အမျိုးသားစံချိန်စံညွှန်းကို သတ်မှတ်ခြင်း၊

(င) မြန်မာနိုင်ငံ စံချိန်စံညွှန်းများတွင် မဖြစ်မနေလိုက်နာရမည့် စံချိန်စံညွှန်းများကို သတ်မှတ်ခြင်း၊

(စ) မြန်မာနိုင်ငံ စံချိန်စံညွှန်းများကို သက်ဆိုင်ရာကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများက လက်ခံကျင့်သုံးရေးအတွက် ဆောင်ရွက်ခြင်း၊

(ဆ) စံချိန်စံညွှန်းဆိုင်ရာ အမှတ်တံဆိပ်သုံးစွဲခွင့်ရယူထားသောဌာန၊ အဖွဲ့အစည်းက သက်ဆိုင်ရာ စံချိန်စံညွှန်းပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှု ရှိမရှိ စမ်းသပ်စစ်ဆေးရန် ကော်မတီသို့ အခါအားလျော်စွာ ညွှန်ကြားခြင်း၊

(ဇ) အသိအမှတ်ပြုလွှာနှင့် အရည်အသွေးထောက်ခံချက်များ ထုတ်ပေးခြင်းဆိုင်ရာ စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(ဈ) အသိအမှတ်ပြုလွှာနှင့် အရည်အသွေးထောက်ခံချက်များနှင့် စပ်လျဉ်း၍ ကော်မတီ၏ တင်ပြချက်ကို အဆုံးအဖြတ်ပေးခြင်း၊

(ည) အသိအမှတ်ပြုလွှာရရှိသော ဌာန၊ အဖွဲ့အစည်းက ထုတ်ပေးမည့် အရည်အသွေးထောက်ခံချက် အမျိုးအစားတစ်ခုစီ၏ စံချိန်စံညွှန်းဆိုင်ရာ အမှတ်တံဆိပ်များကို အတည်ပြုခြင်း၊

(ဋ) ဥပဒေအရ တိကျစွာ တိုင်းတာခြင်းနည်းပညာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန် ကော်မတီသို့ လိုအပ်သလို ညွှန်ကြားခြင်း၊

(ဌ) အသိအမှတ်ပြုလွှာပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်းစစ်ဆေးတွေ့ရှိလျှင် အသိအမှတ်ပြုလွှာရရှိသော သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား သတိပေးခြင်း၊ အသိအမှတ်ပြုလွှာကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

အခန်း(၄)
စံချိန်စံညွှန်းလုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့်ယင်းကော်မတီ၏လုပ်ငန်းတာဝန်များ

၇။ ကောင်စီသည်-

(က) မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သိပ္ပံနှင့်အင်ဂျင်နီယာဆိုင်ရာ ပညာရှင်များနှင့် ဥပဒေပညာရှင်များက အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်သည့် စံချိန်စံညွှန်းလုပ်ငန်းကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းရာတွင် အတွင်းရေးမှူးကို သတ်မှတ်တာဝန်ပေးအပ်ပြီး လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်နိုင်သည်။

(ဂ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော ကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ ကောင်စီသည် အစိုးရဝန်ထမ်းမဟုတ်သော ကော်မတီဝင် ခံစားရမည့် ချီးမြှင့်ငွေကို သတ်မှတ်နိုင်သည်။

၉။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာနိုင်ငံ စံချိန်စံညွှန်းများကိုရေးဆွဲ၍ ကောင်စီသို့ တင်ပြခြင်း၊

(ခ) စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် ထုတ်ကုန်များထုတ်လုပ်နိုင်ရန် လိုအပ်သည့် သင့်လျော်သော နည်းပညာ၊ ထုတ်လုပ်မှုနည်းစဉ်နှင့် စက်ကိရိယာတန်ဆာပလာများကို သတ်မှတ်ခြင်း၊

(ဂ) ထုတ်ကုန်များကို အခါအားလျော်စွာ စစ်ဆေး၍ မဖြစ်မနေလိုက်နာရမည့် မြန်မာနိုင်ငံ စံချိန်စံညွှန်းနှင့်ကိုက်ညီမှု ရှိ၊ မရှိ ဆုံးဖြတ်ခြင်း၊

(ဃ) သွင်းကုန်ပစ္စည်းနှင့် ပို့ကုန်ပစ္စည်းများသည် မြန်မာနိုင်ငံစံချိန်စံညွှန်းနှင့် ကိုက်ညီခြင်း ရှိ၊ မရှိ စစ်ဆေးနိုင်ရန် ညှိနှိုင်းစီစဉ်ပေးခြင်း၊

(င) အသိအမှတ်ပြုလွှာထုတ်ပေးရန် သင့်၊ မသင့် အသိအမှတ်ပြုလွှာ သက်တမ်းတိုးမြှင့်ပေးရန် သင့်၊ မသင့်နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ထပ်ဆင့်စိစစ်၍ ကောင်စီသို့တင်ပြခြင်း၊

(စ) ဥပဒေအရ တိကျစွာတိုင်းတာခြင်းနည်းပညာများနှင့်စပ်လျဉ်း၍ ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်နိုင်ရန် ကောင်စီသို့တင်ပြခြင်းနှင့် ကောင်စီ၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ဆ) ထုတ်ကုန်၊ အသုံးပြုသော ကုန်ကြမ်းပစ္စည်း၊ နည်းပညာ၊ ထုတ်လုပ်မှုနည်းစဉ်နှင့် စက်ကိရိယာတန်ဆာပလာများသည် သက်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီခြင်း ရှိ၊ မရှိ သိရှိနိုင်ရန် အရည်အသွေး ထောက်ခံချက်ရရှိသူ၏ လုပ်ငန်းခွင်သို့ အခါအားလျော်စွာ ဝင်ရောက်စစ်ဆေးခြင်းနှင့် စစ်ဆေးစေခြင်း၊

(ဇ) စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ သင်တန်းများ၊ ဆွေးနွေးပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊

(ဈ) မြန်မာနိုင်ငံစံချိန်စံညွှန်းကို ဈေးကွက်နှင့် အခြားအခြေအနေများအရ လိုအပ်ပါက ပြင်ဆင်နိုင်ရန် ကောင်စီသို့ အကြံပြုတင်ပြခြင်း၊

(ည) မြန်မာနိုင်ငံစံချိန်စံညွှန်းများကိုရေးဆွဲ၍ မဖြစ်မနေလိုက်နာရမည့် စံချိန်စံညွှန်းနှင့် ဆန္ဒအလျောက် လိုက်နာနိုင်သည့် စံချိန်စံညွှန်းများကို အကြံပြုချက်ဖြင့် ကောင်စီသို့ ခွဲခြားတင်ပြခြင်း၊

(ဋ) ကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် နည်းပညာဆပ်ကော်မတီများဖွဲ့စည်းခြင်းနှင့် ယင်းဆပ်ကော်မတီများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဌ) ကောင်စီက အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၀။ ကော်မတီသည်-

(က) မူဝါဒနှင့်သက်ဆိုင်သော အရေးကြီးသည့်ကိစ္စများကို ကောင်စီသို့ တင်ပြ၍ အဆုံးအဖြတ် ခံယူဆောင်ရွက်ရမည်။

(ခ) မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ တင်ပြရမည်။

အခန်း(၅)
အသိအမှတ်ပြုလွှာလျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၁၁။ အရည်အသွေးထောက်ခံချက် ထုတ်ပေးခွင့်ရရှိလိုသော ပြည်တွင်း၊ ပြည်ပမှ ဌာန၊ အဖွဲ့အစည်းတစ်ခုခုသည် လည်းကောင်း၊ အရည်အသွေးထောက်ခံချက် ထုတ်ပေးခွင့်ရှိသည့် ဌာန၊ အဖွဲ့အစည်းတစ်ခုခုနှင့်ဆက်နွယ်သည့် လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်လိုသော ပုဂ္ဂိုလ်တစ်ဦးဦးသည် လည်းကောင်း အသိအမှတ်ပြုလွှာ ရရှိရန် သတ်မှတ်ချက်များနှင့်အညီ မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာနသို့ လျှောက်ထားရမည်။

၁၂။ မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာနသည် အသိအမှတ်ပြုလွှာ ရရှိရန် ပုဒ်မ ၁၁ အရ လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ လျှောက်ထားသော ဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များက နည်းပညာဆိုင်ရာစစ်ဆေးမှုများ၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများနှင့် အခြားလိုအပ်သော ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်စွမ်း ရှိ၊ မရှိ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ကော်မတီမှတစ်ဆင့် ကောင်စီသို့ တင်ပြရမည်။

၁၃။ ကောင်စီသည် ပုဒ်မ ၁၂ အရ တင်ပြချက်ကိုစိစစ်ပြီး စည်းကမ်းချက်များ ပါရှိသည့် အသိအမှတ်ပြုလွှာ ထုတ်ပေးခြင်း သို့မဟုတ် အသိအမှတ်ပြုလွှာ ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ဌာန၊ အဖွဲ့အစည်းတစ်ခုခုအား အသိအမှတ်ပြုလွှာထုတ်ပေးခြင်းဖြစ်ပါက အသိအမှတ်ပြုကြောင်း အမှတ်တံဆိပ်ကို သုံးစွဲခွင့်ပြုရမည်။

၁၄။ (က) အသိအမှတ်ပြုလွှာရရှိသော ဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များသည် အသိအမှတ်ပြုလွှာကို သက်တမ်းတိုးမြှင့်လိုပါက သတ်မှတ်ချက်များနှင့်အညီ မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာနသို့ လျှောက်ထားရမည်။

(ခ) မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာနသည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ကော်မတီမှတစ်ဆင့် ကောင်စီသို့ တင်ပြရမည်။

၁၅။ ကောင်စီသည် ပုဒ်မ ၁၄ ပုဒ်မခွဲ(ခ)အရ တင်ပြချက်ကို စိစစ်ပြီး အသိအမှတ်ပြုလွှာသက်တမ်း တိုးမြှင့်ပေးခြင်း သို့မဟုတ် အသိအမှတ်ပြုလွှာသက်တမ်း တိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၆။ အသိအမှတ်ပြုလွှာရရှိသောဌာန၊ အဖွဲ့အစည်းသည်-

(က) ထုတ်ပေးနိုင်သည့် အရည်အသွေးထောက်ခံချက် အမျိုးအစားတစ်ခုစီအတွက် စံချိန်စံညွှန်းဆိုင်ရာ အမှတ်တံဆိပ်ကို ကောင်စီ၏ အတည်ပြုချက်ရယူပြီး မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာနတွင် မှတ်ပုံတင်ရမည်။

(ခ) အရည်အသွေးထောက်ခံချက် ထုတ်ပေးသည့် လုပ်ငန်းများစာရင်းကို သတ်မှတ်ချက်များနှင့်အညီ မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာနသို့ တင်ပြရမည်။

အခန်း(၆)
အရည်အသွေးထောက်ခံချက်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၁၇။ အရည်အသွေးထောက်ခံချက် ရရှိလိုသူသည် အသိအမှတ်ပြုလွှာရရှိသော ဌာန၊ အဖွဲ့အစည်းသို့ လျှောက်ထားရမည်။

၁၈။ အသိအမှတ်ပြုလွှာရရှိသောဌာန၊ အဖွဲ့အစည်းသည် သတ်မှတ်ချက်များနှင့်အညီ စမ်းသပ်စစ်ဆေး၍ အောက်ပါ အရည်အသွေးထောက်ခံချက် အမျိုးအစားများကို ထုတ်ပေးခွင့်ရှိသည်-

(က) ထုတ်ကုန်အရည်အသွေးထောက်ခံချက်၊

(ခ) ထုတ်လုပ်မှုနည်းစဉ်အရည်အသွေး ထောက်ခံချက်၊

(ဂ) ဝန်ဆောင်မှုအရည်အသွေး ထောက်ခံချက်။

အခန်း(၇)
စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူခြင်း

၁၉။ ကော်မတီသည် အရည်အသွေးထောက်ခံချက်ရရှိသူက သက်ဆိုင်ရာ ထောက်ခံချက်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို၊ ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိလျှင် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ခုခုကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) အရည်အသွေးထောက်ခံချက်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဂ) အရည်အသွေးထောက်ခံချက်ကို ပယ်ဖျက်ခြင်း။

၂၀။ ကော်မတီသည် အသိအမှတ်ပြုလွှာ ရရှိသူက သက်ဆိုင်ရာ အသိအမှတ်ပြုလွှာပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို၊ ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိလျှင် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ခုခုကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) အသိအမှတ်ပြုလွှာကို ကာလအကန့်အသတ်ဖြင့်ရပ်ဆိုင်းခြင်း၊

(ဂ) အသိအမှတ်ပြုလွှာကို ပယ်ဖျက်ခြင်း။

အခန်း(၈)
အယူခံခြင်း

၂၁။ ကော်မတီက ပုဒ်မ ၁၉ အရ ချမှတ်သော အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ကော်မတီက ချမှတ်သော အခြားဆုံးဖြတ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ အယူခံနိုင်သည်။

၂၂။ ကောင်စီသည် ကော်မတီ၏ အမိန့်ကို သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် ပြန်လည်စိစစ်ရန် ညွှန်ကြားခြင်းပြုနိုင်သည်။

၂၃။ ပုဒ်မ ၂၂ အရ ချမှတ်သောကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

အခန်း(၉)
ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၄။ မည်သူမဆို အသိအမှတ်ပြုလွှာမရရှိဘဲ အရည်အသွေးထောက်ခံချက်ကို ထုတ်ပေးကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၃,၀၀၀,၀၀၀ ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၅။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၃,၀၀၀,၀၀၀ ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) စံချိန်စံညွှန်းဆိုင်ရာ အမှတ်တံဆိပ်တစ်ခုခုကို အတုပြုလုပ်ခြင်း၊

(ခ) ကောင်စီက သုံးစွဲခွင့်ပြုထားခြင်း သို့မဟုတ် အတည်ပြုထားခြင်း မရှိသော စံချိန်စံညွှန်းဆိုင်ရာ အမှတ်တံဆိပ်ကို အသုံးပြုခြင်း၊

(ဂ) မဖြစ်မနေလိုက်နာရမည့် စံချိန်စံညွှန်းနှင့် ကိုက်ညီခြင်း မရှိကြောင်း သိလျက်နှင့်ဖြစ်စေ၊ သိတန်ရာသော အကြောင်းရှိလျက်နှင့်ဖြစ်စေ၊ ထုတ်ကုန်တစ်ခုခုကို ကြော်ငြာခြင်း၊ ရောင်းချခြင်း သို့မဟုတ် ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိခြင်းကိုသော်လည်းကောင်း၊ ဝန်ဆောင်မှုတစ်ခုခုကို ကြော်ငြာခြင်း သို့မဟုတ် ဆောင်ရွက်ခြင်းကိုသော်လည်းကောင်း ပြုခြင်း။

၂၆။ အရည်အသွေးထောက်ခံချက်ရရှိသူ မည်သူမဆို သက်ဆိုင်ရာ စံချိန်စံညွှန်းနှင့် ကိုက်ညီခြင်း မရှိသော ထုတ်ကုန်ပေါ်တွင်ဖြစ်စေ၊ ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ဖြစ်စေ စံချိန်စံညွှန်းဆိုင်ရာ အမှတ်တံဆိပ်ကို အသုံးပြုလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁,၀၀၀,၀၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

အခန်း(၁၀)
အထွေထွေ

၂၇။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် ကောင်စီ၏ ရုံးလုပ်ငန်းများကို လည်းကောင်း၊ မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာနသည် ကော်မတီ၏ ရုံးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ရမည်။

၂၈။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် အသိအမှတ်ပြုလွှာသက်တမ်း၊ အသိအမှတ်ပြုလွှာခနှင့် အသိအမှတ်ပြုလွှာ သက်တမ်းတိုးမြှင့်ခများကို သတ်မှတ်ရမည်။

၂၉။ ပုဒ်မ ၂၆ ပါ ပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၃၀။ ဤဥပဒေအရ တရားစွဲဆိုသော ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် လွယ်ကူခြင်းမရှိပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ခြင်းမပြုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်းကို အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း ပြုနိုင်သည်။

၃၁။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ကောင်စီနှင့် ကော်မတီတို့သည် လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို လည်းကောင်း ထုတ်ပြန်နိုင်သည်။

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

နိုင်ငံတော်အစိုးရ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီနှင့် လူမှုအဖွဲ့အစည်းများ ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်ပါက ကျေးလက်ဒေသများ မလွဲကေန် ဖွံ့ဖြိုးတိုးတက်လာမည်

နေပြည်တော် ဩဂုတ် ၂၉

တိုင်းရင်းသား ညီအစ်ကိုများ နေထိုင်သော ကျေးလက်ဒေသများ ဖွံ့ဖြိုးရန် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှု၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်မှု၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူ ပြုကော်မတီ၏ ပါဝင်ကူညီမှု၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ ပူးပေါင်းပါဝင်မှု၊ INGO,NGO များ ပူးပေါင်းကူညီမှုတို့ဖြင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပါက ကျေးလက်ဒေသများ မလွဲဧကန်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်းကို ယမန်နေ့ နံနက် ၉ နာရီခွဲက ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာ မာန်အောင် သာသနရက္ခိတ ကျောင်းတိုက်ဓမ္မာရုံ၌ ခတ်ချိုကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဝိုင်းမော်မြို့နယ်အတွင်းရှိ မခန္တီး၊ နောင်ဟီး၊ စန်းကားကျေးရွာများရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ဒေသခံကျေးရွာသူ ကျေးရွာသားများအား တွေ့ဆုံ၍ ကျေးရွာများတွင် ကျေးရွာဘဏ်များ ထူထောင်၍ မွေးမြူရေးလုပ်ငန်းများ၊ တစ်နိုင်တစ်ပိုင်လုပ်ကိုင်စေခြင်း၊ မွေးမြူရေးကုမ္ပဏီများနှင့်ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်စေခြင်းများအပြင် အသား၊ ငါး၊ ဥစားသုံးမှု တိုးတက်လာစေရေး၊ ကျောင်းနေအရွယ်ကလေးများ နွားနို့သောက်သုံးမှု အလေ့အကျင့်များရရှိစေရန် ကျေးရွာအတွင်းရှိ စာသင်ကျောင်းများ၌ နို့စားနွားများ မွေးမြူနိုင်ရေး ဆောင်ရွက်ပေးမည့်အခြေအနေများ၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစာစရိတ်သက်သာမှုရှိစေရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသော ထွက်ကုန်ပစ္စည်းများအား အသုံးပြုကာ တိရစ္ဆာန် အစာထုတ်လုပ်သော တိရစ္ဆာန်အာဟာရဗေဒ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနိုင်မှု၊ ဒေသတွင်း ငါးစားသုံးမှု ပြည့်စုံလုံလောက်ပို့လျှံမှုရှိစေရန် ငါးသားဖောက်/မွေးမြူရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးဘီထောဇောင်းနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးအလေးပါးတို့က ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ဒေသခံကျေးရွာသူ ကျေးရွာသားများက ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ကျေးလက်မီးလင်းရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လိုအပ်ချက်များနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ထို့နောက် ဝိုင်းမော်ငါးလုပ်ငန်းစခန်းသို့ရောက်ရှိပြီး ငါးသားဖောက်/ မွေးမြူရေးသင်တန်းသားများ၏ ကန်တွင်းငါးဖမ်းဆီးမှု လက်တွေ့လေ့ကျင့်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ဆက်လက်၍ မိုင်းနားကျေးရွာ ရွှေကျင်ရပ်ကွက်ခန်းမ၌ လဝယန် (ဌာနေ) ပြည်သူ့စစ်ခေါင်းဆောင် ဦးလဆန်အောင်ဝါနှင့် ပြည်သူ့စစ်ခေါင်းဆောင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ကျေးရွာသူ ကျေးရွာသားများအားတွေ့ဆုံကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းပြောကြားပြီး ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆီးဂိမ်းအထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းသစ်များ ရောင်းချ



နေပြည်တော် ဩဂုတ် ၂၉

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအထိမ်းအမှတ် (၁၀၀ ကျပ်)တန် စာပို့တံဆိပ်ခေါင်းသစ် လေးမျိုး၊ (၅၀၀ ကျပ်) တန် စာပို့တံဆိပ်ခေါင်းသစ် လေးမျိုး၊ (၁၀၀ကျပ်နှင့် ၅၀၀ကျပ်) တန် ရှစ်လုံးတွဲ စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုး စုစုပေါင်းအထူးထုတ်စာပို့တံဆိပ်ခေါင်းသစ် ကိုးမျိုးကို စက်တင်ဘာ ၂ ရက် (တနင်္လာနေ့) နံနက် ၉ နာရီမှစတင်၍ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဆက်သွယ်ရေးစခန်း (စာတိုက်)များ၌ ရောင်းချမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် စက်တင်ဘာ ၂ ရက် ဝယ်ယူသောစာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ပါကြောင်း သိရှိရသည်။**(သတင်းစဉ်)**

မိုးလေဝသအခြေအနေ (၂၉-၈-၂၀၁၃)

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။ နေပြည်တော်၊ရန်ကုန်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ပြည်တွင်းသတင်း

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့သို့ ပေးပို့တင်ပြလာသည့် အကြံပြုစာများအပေါ် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ အရေးယူဆောင်ရွက်ချက်များကို ပြည်သူများသိရှိစေရန် ထုတ်ပြန်ကြေညာခြင်း

၁။ ဇီဇဝါဆေးကုမ္ပဏီသည် ပြည်ပမှဆေးများကို တရားဝင်တင်သွင်းရာတွင် အကောက်ခွန်ဌာနမှ အင်တာနက်ဈေးနှုန်းများအပေါ်တွင် မူတည်၍ ၁၀ ရာခိုင်နှုန်း(သို့မဟုတ်)၂၀ ရာခိုင်နှုန်းထပ်တိုး၍ တန်ဖိုးဖြတ်သတ်မှတ်သဖြင့် အင်တာနက်ဈေးနှုန်းများသည် ယေဘုယျအားဖြင့် တည်ငြိမ်မှုမရှိသည့်အတွက် ကုမ္ပဏီ၏ဈေးနှုန်းများကို စုံစမ်း၍ ဆောင်ရွက်ပေးစေလိုကြောင်း၊ ဆေးပစ္စည်းအသစ်တင်သွင်းရန်အတွက် FDA တွင် အစစ်ဆေးခံရာ၌ တစ်နှစ်ခွဲကျော်ကြာမြင့်ခြင်းနှင့်ဆေးဝါးမှတ်ပုံတင်သက်တမ်းတိုးခြင်းပြုလုပ်ရာတွင် (၇)လကျော်ကြာမြင့်သဖြင့် ထိုအတောအတွင်း FDA မှ ထုတ်ပေးထားသည့် ထောက်ခံချက်ကို အသုံးပြု၍ တင်သွင်းခဲ့ရာ အကောက်ခွန်ဌာနမှ လက်မခံမှုများရှိနေသည့်အတွက် FDA ၏ ထောက်ခံချက်ကို အတည်ယူစေချင်ပါကြောင်းနှင့် FDA ၏လုပ်ဆောင်မှုများ ပိုမိုလျင်မြန်စွာဆောင်ရွက်စေလိုပါကြောင်း အကြံပြုချက်နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာနမှ အရေးယူဆောင်ရွက်ချက်များကို အောက်ပါအတိုင်းရှင်းလင်းပြန်ကြားထားပါကြောင်း-

(က) ပြည်ပမှတင်သွင်းလာသော ကုန်ပစ္စည်းများနှင့်ပတ်သက်၍ အကောက်ခွန်တန်ဖိုးသတ်မှတ်ရာတွင် ပင်လယ်ရေကြောင်းအကောက်ခွန် ဥပဒေပုဒ်မ(၃၀)အရ လည်းကောင်း၊ အာဆီယံနိုင်ငံများအတွင်း ကျင့်သုံးသည့် ASEAN Customs Valuation Guide Book အရ လိုက်နာ၍လည်းကောင်း၊ မိမိနိုင်ငံအနေဖြင့် WTO အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ WTO Valuation Agreement အရ လိုက်နာ၍ လည်းကောင်း အကောက်ခွန်တန်ဖိုးအား သတ်မှတ်လျက်ရှိရာ အထွေထွေကုန်ပစ္စည်းများအား အောက်ပါ တန်ဖိုးသတ်မှတ်ခြင်းနည်းလမ်း (၆)ချက်ဖြင့် တန်ဖိုးသတ်မှတ်လျက်ရှိပါကြောင်း-

(၁) မကြာသေးမီက ဆုံးဖြတ်ခဲ့သောဈေးနှုန်း (Previous Recorded Price) ရှိ/မရှိ စိစစ်၍ တန်ဖိုးသတ်မှတ်ခြင်း။

(၂) အချို့သောစက်ပစ္စည်းများအား စက်၏အချက်အလက်များနှင့် နှိုင်းယှဉ်တန်ဖိုးသတ်မှတ်ခြင်း။ (ဥပမာ-အင်ဂျင်ပါဝါ၊ အလေးချိန်၊ Capacity)

(၃) တင်ပြသောလိုင်စင် CIF တန်ဖိုး၊ Invoice Price နှင့် Documents များအား ဆီလျော်မှု ရှိ/မရှိ စိစစ်၍ တန်ဖိုးသတ်မှတ်ခြင်း။(Sale Contract, Proforma Invoice, Commercial Invoice, Insurance Certificate, Tax Invoice စသည်)

(၄) Internet Website ဈေးနှုန်းများကို အခြေခံစိစစ်၍ တန်ဖိုးသတ်မှတ်ခြင်း။

(၅) ပြင်ပပေါက်ဈေးများစုံစမ်း၍ မြန်မာ့အကောက်ခွန် ရာဖြတ်လက်စွဲ (Burma Appraiser Manual) Para 183/245 အရ Deduction Method ဖြင့် တွက်ချက်စိစစ်၍ တန်ဖိုးသတ်မှတ်ခြင်း။

(၆) ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်များကိုအခြေခံ၍ စိစစ်တန်ဖိုးသတ်မှတ်ခြင်း။(Form D,Form E)

(ခ) အထက်ပါတန်ဖိုးသတ်မှတ်သည့်နည်းလမ်းများမှ Internet Website ဈေးနှုန်းများကို အခြေခံစိစစ်၍ တန်ဖိုးသတ်မှတ်ရာတွင် Internet Website ဈေးနှုန်းများမှာ တစ်ဖက်နိုင်ငံ၏ ဈေးနှုန်းများဖြစ်ပြီး အများအားဖြင့် FOB ဈေးနှုန်းများဖြစ်ပါကြောင်း၊မိမိနိုင်ငံအနေဖြင့် ပင်လယ်ရေကြောင်း အကောက်ခွန်ဥပဒေပုဒ်မ (၃၀) အရလည်းကောင်း၊ မြန်မာ့အကောက်ခွန်ရာဖြတ်လက်စွဲ (Burma Appraiser Manual) အရလည်းကောင်း၊ ASEAN သဘောတူညီချက်အရ လည်းကောင်း၊ CIF တန်ဖိုးအပေါ်အခြေခံ၍ အကောက်ခွန်စည်းကြပ်ရမည်ဖြစ်ပါကြောင်းနှင့် Internet Website ဈေးနှုန်းများအရ FOBတန်ဖိုးအား CIFတန်ဖိုးသို့ပြောင်းလဲပါက မြန်မာ့အကောက်ခွန်ရာဖြတ်လက်စွဲ အပိုဒ်(၂၀၀) (Burma Appraiser Manual Para-200) အရ ကုန်းလမ်း၊ ရေကြောင်းလမ်းဖြင့် တင်သွင်းမှုအတွက် FOB တန်ဖိုးအပေါ် ၂၀ ရာခိုင်နှုန်းပေါင်းထည့်၍လည်းကောင်း၊ လေကြောင်းလမ်းဖြင့် တင်သွင်းမှုအတွက် FOB တန်ဖိုးအပေါ် (၅၀၀)ကျပ်ထက်နည်းလျှင်၁၀ ရာခိုင်နှုန်းပေါင်းထည့်၍လည်းကောင်း၊ (၅၀၀)ကျပ်ထက်များလျှင် ၅ ရာခိုင်နှုန်းပေါင်းထည့်၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

(ဂ) အကြံပြုစာအရ ကုမ္ပဏီ၏ ရောင်းဈေးများအား စုံစမ်း၍ အကောက်ခွန်တန်ဖိုးသတ်မှတ်မည်ဆိုပါက ပင်လယ်ရေကြောင်းအကောက်ခွန် ဥပဒေပုဒ်မ (၃၀)(က)အရညီညွတ်မှုရှိပါ၍ ကုမ္ပဏီ၏ရောင်းဈေးများအား မြန်မာ့အကောက်ခွန်ရာဖြတ်လက်စွဲ အပိုဒ် (၁၈၃)၊ (၂၄၅)တို့အရ နုတ်ယူခြင်းနည်းလမ်း (Deduction Method) ဖြင့်တွက်ချက်စိစစ်၍ တန်ဖိုးသတ်မှတ်စေလျက်ရှိပါကြောင်း။

(ဃ) ဆေးဝါးမှတ်ပုံတင်လက်မှတ် (FDA Certificate) သက်တမ်းတိုးစဉ်ကာလအတွင်း ဆေးဝါးများ တင်သွင်းမှုအတွက် အကောက်ခွန်ကိစ္စရပ်များ ဆောင်ရွက်မှုနှင့်ပတ်သက်၍ ဆေးဝါးများတင်သွင်းရာတွင် ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးများကွပ်ကဲရေးဦးစီးဌာန (FDA) မှ ထောက်ခံချက်ရရှိမှသာ ဆေးဝါးများအား ဖြန့်ဖြူးရောင်းချရမည်ဖြစ်ပါကြောင်း၊ သို့သော် ဆေးဝါးမှတ်ပုံတင်လက်မှတ် (FDA Certificate) သက်တမ်းတိုးစဉ်ကာလအတွင်း FDA သက်တမ်းတိုး ဆောင်ရွက်လျက်ရှိကြောင်း၊ ထောက်ခံချက်ပါရှိပါက အကောက်ခွန်ကိစ္စရပ်များ ဆောင်ရွက်စေကာ ကုန်ပစ္စည်းထုတ်ယူခွင့်ပြုပြီး သက်ဆိုင်ရာကုမ္ပဏီ၏ ဂိုဒေါင်တွင် ချိပ်ပိတ်စေလျက် ဆေးဝါးမှတ်ပုံတင်လက်မှတ် (FDA Certificate) ရရှိပါက ချိပ်ဖွင့်ပြီး ဖြန့်ဖြူးရောင်းချခွင့်ပြုစေလျက်ရှိပါကြောင်း။

၂။ အထက်ပါအကြံပြုချက်နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနမှ အောက်ပါအတိုင်းရှင်းလင်းပြန်ကြားထားပါကြောင်း-

(က) ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ဆေးဝါးမှတ်ပုံတင်ခြင်းကိစ္စဆောင်ရွက်ရာတွင် အာဆီယံဒေသအတွင်း စည်းဝါးညှိသဘောတူညီချက်အရ ဆေးဝါး၏ အထောက်အထား စာရွက်စာတမ်း(စီမံခန့်ခွဲရေး၊ ဆေးဝါးထုတ်လုပ်မှုနှင့် အရည်အသွေးဆိုင်ရာ အချက်အလက်များ၊ ဆေးဝါးဗေဒဆိုင်ရာ အချက်အလက်၊ ဆေးပညာဆိုင်ရာစမ်းသပ်မှုများ) ကို စနစ်တကျစိစစ်ခြင်း၊ ဆေးဝါးများကို ဓာတ်ခွဲစမ်းသပ်ခြင်း၊ ဆရာဝန်ညွှန်ကြားချက်ဖြင့် သုံးစွဲရမည့် ဆေးများကို ဆေးဝါးအကြံပေးကော်မတီဝင်များထံသို့ ပေးပို့၍ သဘောထားမှတ်ချက်တောင်းခံခြင်း စသည်ဖြင့် အဆင့်ဆင့်ဆောင်ရွက်ရပါကြောင်း။

(ခ) ဆေးဝါးမှတ်ပုံတင်ခြင်းအတွက် အထောက်အထားပြည့်စုံမှန်ကန်ခြင်း၊ ဓာတ်ခွဲစမ်းသပ်မှုအဖြေ သတ်မှတ်ချက်စံနှင့်ကိုက်ညီခြင်း၊ ဆေးဝါးအကြံပေးကော်မတီဝင်များ၏ သဘောထားမှတ်ချက်ရရှိပါက ဆေးဝါးမှတ်ပုံတင် အတည်ပြုလက်မှတ် ထုတ်ပေးပါကြောင်း၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ဆေးဝါးမှတ်ပုံတင်လျှောက်ထားမှု တစ်လလျှင် ပုံမှန်ဆေးဝါး (၂၅၀)မှ (၃၀၀)မျိုးအထိ ရှိပါကြောင်းနှင့် မှတ်ပုံတင်လျှောက်ထားရာတွင် စာရွက်စာတမ်းများကို စိစစ်လေ့လာရခြင်း၊ ဓာတ်ခွဲရာတွင် မှတ်ပုံတင်လျှောက်ထားသည့်ဆေးများအပြင် ဦးစီးဌာနအနေဖြင့် ဈေးကွက်မှ ဆေးဝါးများကို ကျပန်းဝယ်ယူ၍ ပုံမှန်လစဉ် စစ်ဆေးပေးလျက်ရှိပါကြောင်း။

(ဂ) အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ဈေးကွက်တွင် ဆေးဝါးပြတ်လပ်မှုမရှိစေရန်နှင့် ကုမ္ပဏီများ တင်သွင်းမှုအခက်အခဲမဖြစ်စေရန် ဆေးဝါးမှတ်ပုံတင်သက်တမ်းတိုးခြင်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ သတ်မှတ်ချက်ကိုက်ညီပြီး မှတ်ပုံတင်သက်တမ်းမကုန်မီ သုံးလကြိုတင် လျှောက်ထားသင့်ပါကြောင်းနှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ပုံမှန်စိစစ်သည့် ကာလသည် (၄)လမှ (၆)လအတွင်း လုပ်ငန်းသဘာဝအရ အချိန်ယူဆောင်ရွက်ရပါကြောင်း။

(ဃ) နိုင်ငံတော်တွင် ဆေးဝါးအရေးပေါ်လိုအပ်သဖြင့်လည်းကောင်း၊ ဥရောပ၊ အမေရိကန်၊ ဩစတြေးလျနိုင်ငံများတွင် မှတ်ပုံတင်ရရှိ ဆေးများအတွက်လည်းကောင်း၊ ဆေးဝါးမှတ်ပုံတင်လျှောက်ထားရာတွင် သတ်မှတ်ကာလသည် တစ်နှစ်ခွဲမဟုတ်ဘဲ ခြောက်လမှ ကိုးလအထိသာ အချိန်ယူဆောင်ရွက်ပေးပါကြောင်း။

(င) အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ဆေးပစ္စည်းကိရိယာများဖြစ်သော (Disposable Syringes, Needles, Scalp Vein Set, Infusion Set, Blood Transfusion Set, Blood Donor Set,IV Cannula, Spinal Needle, Needle for Dialysis,Surgical Gloves, Examination Gloves) များအား တင်သွင်းခွင့် လျှောက်ထားလာပါက ဆေးပစ္စည်းများနှင့်ပတ်သက်သော အထောက်အထားစာရွက်စာတမ်းများစိစစ်ခြင်း၊ ဆေးပစ္စည်းနမူနာများကို ဓာတ်ခွဲစစ်ဆေးခြင်း ဆောင်ရွက်၍ သတ်မှတ်ချက်နှင့် ကိုက်ညီပါက တင်သွင်းခွင့် ထောက်ခံချက်လက်မှတ်ကို ထုတ်ပေးပါကြောင်းနှင့်စိစစ်သည့် အချိန်ကာလသည် သုံးလခန့်သာကြာမြင့်ပါကြောင်း။

(စ) Rapid diagnostic Test Kit များ တင်သွင်းခြင်းအတွက် မှတ်တမ်းတင်ရန် လျှောက်ထားလာပါက ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၏ Test Kit များနှင့် ပတ်သက်သော အရည်အသွေးစစ်ဆေးမှု ထောက်ခံချက်၊ Test Kit များနှင့်ပတ်သက်သောအထောက်အထားစာရွက်စာတမ်းများကို စိစစ်၍ ပြည့်စုံမှန်ကန်ပါက ဆေးပစ္စည်းများမှတ်တမ်းတင်ခြင်း ထောက်ခံချက်ကို ထုတ်ပေးပါကြောင်းနှင့် စိစစ်သည့်အချိန်ကာလသည် တစ်လခန့်သာကြာမြင့်ပါကြောင်း။

(ဆ) အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ဦးစီးဌာနတစ်ခုဖွင့်လှစ်၍ ဝန်ထမ်းအင်အားတိုးချဲ့ခန့်ထားခြင်းနှင့် ဆေးဝါးမှတ်ပုံတင်ခြင်း အဆင့်ဆင့်နည်းလမ်းစဉ်များကို ပြန်လည်စိစစ်၍ စတင်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အဓိကဦးစားပေးအနေဖြင့် ပြည်သူများအတွက် အဓိကလိုအပ်သည့် အရည်အသွေး၊ အာနိသင်ပြည့်မီသော ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသည့် ဆေးဝါးများ မှီဝဲသုံးစွဲနိုင်ရေးနှင့် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော အစားအသောက်များကို ပြည်သူများ စားသုံးနိုင်ရေးကိုပါ အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပြန်ကြားချက်များအား ဖော်ပြအပ်ပါသည်။

၃။ သက်ဆိုင်ရာဝန်ကြီးဌာန၏ အရေးယူဆောင်ရွက်မှုအပေါ် မကျေလည်မှုများ၊ မေးမြန်းစုံစမ်းလိုသည်များ ရှိခဲ့ပါက ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့သို့ ထပ်မံပေးပို့အကြောင်းကြားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများစွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့

အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်မှ အလယ်တန်းပြဆရာမ ဒေါ်စိုးစိုးခိုင်၏ကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းခြင်း

၂၇-၈-၂၀၁၃ နေ့ထုတ် စံတော်ချိန်သတင်းစာတွင် "အလယ်တန်းပြဆရာမရာထူးမှ ထုတ်ပယ်ခံခဲ့မှု တက္ကသိုလ် ဆရာ၊ ဆရာမအသင်း ကန့်ကွက်ရှုတ်ချ" ခေါင်းစဉ်ပါ သတင်းအပါအဝင် ပုဂ္ဂလိကသတင်းစာနှင့် စာစောင်အချို့တွင် ဖော်ပြပါရှိခဲ့သော အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်မှ အလယ်တန်းပြဆရာမ ဒေါ်စိုးစိုးခိုင်၏ကိစ္စနှင့် ပတ်သက်၍ ပညာရေးဝန်ကြီးဌာနက ရှင်းလင်းချက်တစ်ရပ်ထုတ်ပြန်ခဲ့ပါသည်။

ရှင်းလင်းချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

အထက(၅)နေပြည်တော်မှ ဒေါ်စိုးစိုးခိုင်(အလယ်တန်းပြ)သည် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ကျောင်းချိန်နောက်ကျရောက်ရှိခြင်း ၄၃ ရက်ရှိခဲ့ပြီး ခွင့်ယူရက် လေးရက်ရှိခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဇွန်လ ၃ ရက်နေ့တွင်ကျောင်းစတင်ဖွင့်လှစ်ပါသည်။ ဒေါ်စိုးစိုးခိုင်သည် ၁၀-၆-၂၀၁၃ ရက်နေ့၊ ကျောင်းချိန်တွင် အတန်းမှူး ဦးတင်မောင်ဆွေ(အလယ်တန်းပြ)ထံသို့ တယ်လီဖုန်းဖြင့် ခွင့်တိုင်ပါသည်။ အတန်းမှူးမှ မည်သို့မျှပြန်မပြောနိုင်မီ ဖုန်းချသွားပါသည်။ ကျောင်းအုပ်ကြီးနှင့် အတန်းမှူးတို့က ဒေါ်စိုးစိုးခိုင်၏ လက်ကိုင်ဖုန်းသို့ ဆက်သွယ်သော်လည်း ဖုန်းကိုင်ခြင်းမပြုခဲ့ပါ။ ၁၃-၆-၂၀၁၃ ရက်နေ့တွင် ကျောင်းအုပ်ကြီးက ထပ်မံဆက်သွယ်ရာ ဒေါ်စိုးစိုးခိုင်၏မိခင်မှဖုန်းကိုင်ပါသည်။ ဒေါ်စိုးစိုးခိုင်အား ကျောင်းအုပ်ကြီးထံ အဆက်အသွယ်ပြုလုပ်ရန် ပြောကြားသော်လည်း ပြန်လည်ဆက်သွယ်ခြင်းမရှိခဲ့ပါ။

ဒေါ်စိုးစိုးခိုင်သည် ၁၇-၆-၂၀၁၃ ရက်နေ့တွင်မှ ကျောင်းပြန်တက်ခဲ့ပါသည်။ ခွင့်မဲ့ပျက်ကွက်ရက်မှာ ၈-၆-၂၀၁၃ ရက်မှ ၁၆-၆-၂၀၁၃ ရက်နေ့အထိ ကိုးရက်ရှိပါသည်။ အဆိုပါ ခွင့်မဲ့ပျက်ကွက်သည့်ကိစ္စနှင့် ပတ်သက်၍ ခရိုင်ပညာရေးမှူးရုံးမှ ၂၄-၆-၂၀၁၃ တွင် ဌာနတွင်း စစ်ဆေးခဲ့ပါသည်။

ဒေါ်စိုးစိုးခိုင်သည် စစ်ဆေးဆဲ ၂၇-၆-၂၀၁၃ တွင်ခွင့်တင်ခဲ့ပြီး ၂၉-၆-၂၀၁၃ မှ ၁-၇-၂၀၁၃ အထိ သုံးရက်ထပ်မံခွင့်မဲ့ပျက်ကွက်ခဲ့ပါသည်။ ၂-၇-၂၀၁၃ တစ်ရက်၊ ကျောင်းချိန်နောက်ကျ ကျောင်းပြန်တက်ပြီး ၃-၇-၂၀၁၃ နှင့် ၄-၇-၂၀၁၃ နေ့များတွင် ခွင့်မဲ့ပျက်ကွက်ခဲ့ပါသည်။ အထက်ပါဖြစ်စဉ်များတွင် ဌာနတွင်းစစ်ဆေးမှုပြုလုပ်ရန်အတွက် ခရိုင်ပညာရေးမှူးရုံးသို့ ၂၈-၇-၂၀၁၃ မှစ၍ တွဲဖက်အမိန့်ထုတ်ပြန်ခဲ့သော်လည်း လာရောက်ခြင်း၊ ဆက်သွယ်ခြင်းမရှိတော့ပါ။ ခရိုင်ပညာရေးမှူးရုံးမှ ဒေါ်စိုးစိုးခိုင်၏ အိမ်သို့စာဖြင့် လေးကြိမ်သွားရောက်၍ ခရိုင်ရုံးသို့ရုံးတက်ရန် အကြောင်းကြားခဲ့သော်လည်း မလာရောက်ဘဲ အကြောင်းမဲ့(ခွင့်မဲ့)ပျက်ကွက်ခဲ့ပါသည်။

၁-၈-၂၀၁၃ ရက်နေ့တွင် ဒေါ်စိုးစိုးခိုင်မှာ အမှန်တကယ်ဆက်သွယ်ရမည့် ခရိုင်ပညာရေးမှူးရုံးသို့ မဆက်သွယ်ဘဲ အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးသို့ Fax ဖြင့် လစာမဲ့ခွင့်တင်ခဲ့ပါသည်။

စစ်ဆေးချိန်တွင် ခွင့်မဲ့ပျက်ကွက်ရက်များ၌ နေပြည်တော်တွင် အထွေထွေသွေးအားနည်းရောဂါဖြင့် ဆေးကုသနေကြောင်း ပြင်ပဆရာဝန်၏ ဆေးလက်မှတ်တင်ပြလိမ်ညာခဲ့ပါသည်။ စစ်ဆေးရေးအဖွဲ့မှ သေချာစစ်ဆေးမေးမြန်းသောအခါ ရန်ကုန်သို့ ၁၃-၆-၂၀၁၃ ရက်နေ့တွင် သွားရောက်ခဲ့ပြီး ၁၅-၆-၂၀၁၃ နေ့မှသာ ပြန်လည်ရောက်ရှိခဲ့ကြောင်း ၎င်းမှဝန်ခံခဲ့ပါသည်။ ဝန်ထမ်းစည်းမျဉ်းအရ နယ်မြေကျော်လွန်သွားလာခွင့် တင်ပြရမည်ဖြစ်သော်လည်း ခွင့်မတောင်းဘဲ မိမိသဘောဖြင့် ခွင့်မဲ့ပျက်ကွက်၍ သွားရောက်ခဲ့ခြင်းဖြစ်ပါသည်။

ဒေါ်စိုးစိုးခိုင်သည် ဝန်ထမ်းစည်းကမ်းကို အကြိမ်ကြိမ်လိုက်နာမှုမရှိခြင်းကြောင့် အမှတ်(၂)အခြေခံပညာဦးစီးဌာန၏ (၄/၂၀၁၃) EC ဆုံးဖြတ်ချက်အရ ၁၅-၈-၂၀၁၃ ရက်နေ့တွင် မယူမနေရ အငြိမ်းစားပေးရန် ဆုံးဖြတ်ခဲ့ပါသည်။ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများတွင် အလားတူ ခွင့်မဲ့ပျက်ကွက်ခြင်းနှင့် အမိန့်မနာခံခြင်းများကို ဌာနဆိုင်ရာ စစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးပြီး ပြစ်မှုထင်ရှားပါက Removal (သို့မဟုတ်) Dismiss ပြစ်ဒဏ်များချမှတ်ခဲ့ပါသည်။ သို့ဖြစ်၍ ၁၇-၈-၂၀၁၃ နေ့တွင်ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ EC ဆုံးဖြတ်ချက်အရ Removal အမိန့်ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါကြောင်းနှင့် ရှင်းလင်းအပ်ပါသည်။

ပညာရေးဝန်ကြီးဌာန

◆ ရှေ့ဖုံးမှ

ကျွန်တော်တို့ရင်ဆိုင်ရမယ့် စိန်ခေါ်မှုတွေရှိနေပါသေးတယ်။ အဓိကအချက်အလက်တွေဖြစ်တဲ့ နည်းဥပဒေတွေ၊ မူဝါဒအချို့နဲ့ အခြေခံအဆောက်အအုံလိုအပ်ချက်တွေ ရှိနေလို့ ထင်သလောက်မလာရဲကြသေးတာ။ မကြာမီ ရင်းနှီးမြှုပ်နှံမှုတွေ အလုံးအရင်းနဲ့ ဝင်ရောက်လာမှာအသေအချာပါပဲ။ ပြင်သစ်လုပ်ငန်းရှင်အချို့ကလည်း လိုအပ်နေတဲ့ အခြေခံအဆောက်အအုံ လျှပ်စစ်ကဏ္ဍနဲ့ဘဏ်ဝန်ဆောင်မှုတွေစတဲ့ လိုအပ်ချက်တွေရှိနေသေးတဲ့နေရာတွေမှာ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ဖို့ရှိတယ်" ဟု မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံရုံး၏ စီးပွားရေးဆိုင်ရာအကြီးအကဲမစ္စတာဒိုမီမိခ်ကိုစ်က ရှင်းပြသည်။ လက်ရှိမြန်မာနိုင်ငံအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၄၂ ဘီလီယံကျော်အထိ မြင့်တက်လာခဲ့သော်လည်း ယခုပမာဏထက် ပိုမိုဝင်ရောက်လာရန် အလားအလာများမှာ လိုအပ်ချက်များရှိနေသေးခြင်းနှင့် ပြည်ပလုပ်ငန်းရှင်အချို့မြန်မာနိုင်ငံ၏ အပြောင်းအလဲကာလကို စောင့်ကြည့်လိုကြခြင်းများကြောင့် ထင်သလောက်များပြားမှုမရသေးကြောင်း စီးပွားရေးပညာရှင် ဒေါက်တာမြင့်မောင်ကသုံးသပ်သည်။

(ဆက်လက်ဖော်ပြပါမည်)

အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းရှိ လမ်းများအားလုံး ဒီဇင်ဘာအပြီး အဆင့်မြှင့်မည်

သတင်း – ရဲခေါင်၊ မြတ်သန္တာမောင်
ဓာတ်ပုံ – ဖိုးထောင်

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်မြို့ အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းရှိ လမ်းများ အဆင့်မြှင့်တင်ခြင်းကို ယခုနှစ်ကုန်ပိုင်းအမီ ဒီဇင်ဘာလတွင် ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(အခွန်ဌာန)မှ သိရသည်။

အဆိုပါ အဝေးပြေးယာဉ်ရပ်နားဝင်းရှိ လမ်းပေါင်း ၂၀ အနက် ယခုနှစ်ဩဂုတ်လနောက်ဆုံးပတ်အထိ လမ်းပေါင်းခုနစ်လမ်းကို အဆင့်မြှင့်တင်မှု ဆောင်ရွက်နိုင်ခဲ့ပြီး ကျန်လမ်းများအား ရာသီဥတုကောင်းမွန်ပါက ယခုနှစ်ကုန်ပိုင်းတွင် ပြီးစီးအောင်ဆောင်ရွက်နိုင်မည်ဟု ၄င်းယာဉ်ရပ်နားစခန်းမှ တာဝန်ခံအရာရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာန ဒုတိယဌာနမှူး ဦးညဏ်ထွန်းအောင်က ပြောကြားသည်။

"ထပ်မံချဲ့ထွင်နိုင်မယ့် လမ်းတွေကို ချဲ့မယ်၊ လမ်းချဲ့ဖို့နေရာအခက်အခဲရှိတဲ့လမ်းတွေကို ပြင်ဆင်မယ်၊ ဒီဇင်ဘာမှာ လမ်း ၂၀ လုံးကို ပြီးအောင်ကြိုးစားသွားမယ်၊ မမျှော်လင့်ထားတဲ့ ရာသီဥတုလို အခက်အခဲမျိုးရှိခဲ့ရင်ကလွဲလို့ အမြန်ဆုံးပြီးစီးအောင် လုပ်ဆောင်သွားမှာပါ" ဟု ၄င်းက ဆက်လက်ပြောကြားသည်။

လက်ရှိလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများတွင် မူလက ၂၂ ပေအကျယ်ရှိ အောင်မင်္ဂလာလမ်းကို မြို့တော်ဝန်၏ ညွှန်ကြားမှုဖြင့် ၇၂ ပေ အကျယ် ခြောက်လမ်းသွားလမ်းမကြီးအဖြစ် အဆင့်မြှင့်တင်မှုများ ဆောင်ရွက်လျက်ရှိသည်။ လမ်းများအားလုံးပြီးစီးသွားပါက ယခုတစ်လမ်းမောင်း သတ်မှတ်ထားသောလမ်းများတွင် အဝင်အထွက်နှစ်လမ်းမောင်း

စနစ်ပြောင်းလဲအသုံးပြုနိုင်မည်ဖြစ်ပြီး လက်ရှိကြုံတွေ့နေရသော ယာဉ်ကြောပိတ်ဆို့မှုကြောင့် ခရီးသွားပြည်သူများ အချိန်ကြန့်ကြာခြင်းမရှိအောင် ဖြေရှင်းပေးနိုင်မည့် နည်းလမ်းတစ်ခုပင်ဖြစ်ကြောင်း အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းတာဝန်ခံအရာရှိရုံးမှသိရသည်။

အောင်မင်္ဂလာ အဝေးပြေးဝင်းအတွင်းတွင် တစ်နိုင်ငံလုံးရှိ ခရီးသည်တင်အဝေးပြေးယာဉ်များ ဆိုက်ရောက်သည့် နံနက် ၃ နာရီခွဲမှ ၇ နာရီအတွင်း အဝေးပြေးယာဉ်များ ပြန်လည်ထွက်ခွာသည့် မွန်းလွဲ ၂ နာရီခွဲမှ ည ၇ နာရီ အချိန်များသည် ယာဉ်ကြောပိတ်ဆို့မှုအများဆုံး အချိန်များဖြစ်ကြောင်း သိရပြီး "အခုလောလောဆယ်ကားတွေပိတ်နေသေးတယ်ဆိုတာက လမ်းကိစ္စတွေလည်းပါတယ်၊ လမ်းတွေအကုန်လုံးကို မြန်မြန်ပြီးချင်ဇောနဲ့ အားလုံးတစ်ပြိုင်နက်တည်း ပြုပြင်နေတယ်။ လမ်း၊ ဘယ်၊ ညာတွေကို တူးထားတော့ ကားတွေက မြေသားအမာခံမရှိဘဲ ဘေးချမောင်းလို့ မရဘူးဖြစ်နေတာပေါ့။ ပြီးသွားရင်တော့ ချောမွေ့သွားမှာပါ" ဟု ဦးညဏ်ထွန်းအောင်က ပြောကြားသည်။ အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းတွင် ဩဂုတ် ၁၉ ရက်မှ စတင်ကာ အဝေးပြေးခရီးသည်တင်ယာဉ် ဆိုက်ရောက်ကွင်း (Arrival) ကို စမ်းသပ်ဖွင့်လှစ်နိုင်ခဲ့ပြီး ရန်ကုန်မြို့တော်ဝန်က ခရီးသည်တင်ယာဉ်ထွက်ခွာကွင်း(Departure)ကိုပါ တည်ဆောက်သွားနိုင်ရန် အစီအမံများချမှတ်ထားရှိကြောင်း သိရသည်။

အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းတွင် အဝေးပြေးခရီးသည်တင်ယာဉ်ဆိုက်ရောက်ကွင်း(Arrival) ကို ဖွင့်လှစ်နိုင်ခဲ့ပြီး လမ်းအဆင့်မြှင့်တင်မှုများလည်း ပြုလုပ်လျက်ရှိသည်။

ယင်းသို့ အဆင့်မြှင့်တင်မှုများပြုလုပ်ရာတွင် ဆိုက်ရောက်ကွင်းသာမက ထွက်ခွာကွင်း(Departure) ကိုပါ တည်ဆောက်နိုင်မည်ဆိုပါက ယာဉ်ကြောပိတ်ဆို့မှုများ လျော့နည်းစေရုံသာမကဘဲ မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့်မီ ယာဉ်ရပ်နားစခန်းတစ်ခု ဖြစ်လာနိုင်ကြောင်း အဆိုပါယာဉ်ရပ်နားဝင်းအတွင်းရှိ အဆင့်မြင့်ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများက ပြောကြားသည်။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ပြည်သူများသိရှိနိုင်ပါရန်

လူဦးရေစာရင်းများ မှန်ကန်မှ
အနာဂတ်လူနေမှုဘဝတိုးတက်မြင့်မားမည်

၂၀၁၄ ခုနှစ်
လူဦးရေနှင့်
အိမ်အကြောင်းအရာ
သန်းခေါင်စာရင်း

၂၀၁၄ခုနှစ်
မတ်လ (၃၀)ရက်နေ့မှ ဧပြီလ (၁၀)ရက်နေ့
အထိ သန်းခေါင်စာရင်း ကောက်ယူမည်

ပြည်သူများက

စာရင်းကောက်မှ မေးမြန်းသော မေးခွန်းများကို မှန်ကန် ပြည့်စုံစွာ ဖြေဆိုကြပါ။
သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။

ရှုပါဝေထော်ဗီမင်၏ ဆုကြီးထိထုတ်ခွင့်များစာရင်း

SUPER

BH, BK, BL, BM, CA, MK, DA, DB, DE ... SMS ... (၁) ...

(၃၀ . ၅ . ၂၀၁၃) အထိ

TOYOTA BELTA ကံထူးရှင်	new iPad (၅) ဆု
BM 1123257	BM 1027515 BM 1124603 BM 1126069 BM 1129936 BM 1152205

Galaxy SIII ဖုန်း (၅) ဆု	GSM ဖုန်းကတ် (၂၁) ဆု
BH 4013780 BM 1033440 BM 1079072 DB 1512829 DE 2592594	BK 1238191 BM 1053144 BM 1069345 BM 1073604 BM 1086547 BM 1089210 BM 1107952 BM 1116107 BM 1122959 BM 1131692 BM 1159045 CA 2526545 CA 3185258 CA 3216481 CA 3389980 CA 5123342 DE 1486521 DE 2338940 DE 2418366 DE 2468109

ကျပ် (၁) သိန်းဆု ကံထူးသူများ (၆၀) ဆု

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

ပြည်တွင်းသတင်း

ရန်ကုန်ကားဈေးကွက် မြို့တွင်းလမ်းပိတ်ဆို့မှုများကြောင့် မီနီထရပ်များ ဝယ်ရောင်းလိုက်လာ

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်ကားဈေးကွက်တွင် မြို့တွင်းကားလမ်းပိတ်ဆို့မှုများကို ရှောင်ရှားမောင်းနိုင်မည့် (ဆူဇူကီးကယ်ရီ) ကဲ့သို့သော ကားငယ်များ အရောင်းအဝယ်ဖြစ်ကြောင်း သီရိမင်္ဂလာဈေးဟောင်းရှိ ကားဝယ်ရောင်းများထံမှ သိရသည်။ ရန်ကုန်ကားဈေးကွက်တွင် ယခင်နှစ်များကဲ့သို့ ဇိမ်ခံကား၊ ပွိုင့်သရီးကားများဝယ်ယူမှုထက် သွားလာရလွယ်ကူသော ကားငယ်လေးများ၊ မီးပွိုင့်တိုးရလွယ်ကူသော ကားသေးသေးလေးများကို ပိုမိုဝယ်ယူလာကြပြီး ယင်းအမျိုးအစား ကားများကို မြို့တွင်းကုန်ပစ္စည်းသယ်ယူသည့် နေရာများတွင်လည်း သုံးစွဲလာကြသည်။

"အခုနောက်ပိုင်း ပွိုင့်သရီးကားတွေထက် အရောင်းအဝယ်ပိုသွက်တယ်။ တစ်ပတ်အတွင်းမှာဆို လေး၊ ငါး၊ ခြောက်စီးလောက် အရောင်းအဝယ်ဖြစ်တယ်"ဟု မင်းရဲကျော်စွာ ကားဈေးကွက်မှ ကားဝယ်ရောင်းကိုသီဟက ပြောသည်။

ယခုကဲ့သို့ ဖြစ်လာရခြင်းမှာ ရန်ကုန်မြို့ပြ၌ ကားအစီးရေများပြားလာခြင်း၊ ခုံကျော်တံတားတည်ဆောက်ရာနေရာများတွင် လမ်းပျက်စီးမှုများခြင်း၊ ပတ်ရှောင်လမ်းများမှ မောင်းနှင်ရခြင်း၊ မီးပွိုင့်တိုးရလွယ်ကူခြင်းတို့ကြောင့်ယခုကဲ့သို့ ကားသေးသေးလေးများကို ပိုမိုဝယ်လာခြင်းဖြစ်သည်။ ယင်းမီနီပစ်ကပ် အမျိုးအစားများတွင် ပြည်တွင်း၌ ဝင်ရောက်လာသောကားများမှာဆူဇူကီးကယ်ရီ(Suzuki Carry Truck)၊ ဒိုင်ဟတ်ဆု(ဟိုက်ဂျက်)၊ မစ်ဆူဘီရှီ (Mazda Scrum Truck) စသည် ကားအမည်များဖြင့် ဝင်ရောက်လျက်ရှိပြီး ကားဈေးနှုန်းမှာ Mazda Scrum Truck ကျပ် ၆၂ သိန်းခွဲ၊ Suzuki Carry Truck 2003 ကျပ် ၆၄ သိန်းခွဲစသည်ဖြင့် ဈေးရှိကြပြီး (Cool Box)ပါသည့် အမျိုးအစားများလည်း ဝင်ရောက်သည်။ ထိုကားများအပြင် အခြားအမျိုးအစားများမှာ Subaru Sambar၊ Daihasu Hi Jet၊ Mitsubishi Minicab စသည်တို့ဖြစ်ပြီး မြို့တွင်း ကုန်ပစ္စည်းသယ်ယူရေး၊ အထက်တန်းနှင့် မူလတန်းကျောင်းကားများအဖြစ် အသုံးပြုခြင်းများ ရန်ကုန်တွင်ခေတ်စားလာကြသည်။

"ဒီလိုကားမျိုးက ဈေးလည်းသက်သာတယ်။ ပျက်ရင်စိတ်ချလက်ချထားခဲ့ရဲတယ်။ နောက် မီးပွိုင့်တွေကျပ်လည်း ခပ်လွယ်လွယ်တိုးလို့ရတယ်"ဟု ယင်းကားစီးနင်းသူတစ်ဦးက ပြောပြသည်။ ထိုကားအမျိုးအစားမျိုးကို ဂျပန်နိုင်ငံတွင် KEI Truckဟုခေါ်ပြီး မီနီထရပ်မှာ ပြည်တွင်းအခေါ်အဝေါ်ဖြစ်သည်။ မီနီထရပ်အဖြစ်သတ်မှတ်ခြင်းမှာ အင်ဂျင်ပါဝါ ၆၆၀ စီစီရှိရမည်ဖြစ်ပြီး အလျား ၃ ဒသမ ၄ မီတာ (၁၃၄ လက်မ)၊ အနံ ၁ ဒသမ ၄၈ မီတာ (၅၈ လက်မ)၊ အမြင့် ၂ ဒသမ ၀ မီတာ (၇၉ လက်မ) ရှိရမည်ဖြစ်သည်။

ကြည်(ရန်ကင်း)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂၉-၈-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၇၂၅၀၀၀-၆၈၂၄၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၇၂၅၄၀၀-၆၈၂၆၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၅ - ၉၈၅	ကျပ်
ဥရောပ	တစ်ယူရို	၁၂၉၀ - ၁၃၀၃	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၅၅ - ၇၆၀	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၁ - ၃၀. ၇	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၆ - ၁၆	ကျပ်
တရုတ်	တစ်ယွမ်	၁၅၃ - ၁၅၈. ၉၆	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၂ - ၂၉၇	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၉၃၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၀၀၀-၆၀၀၀	ကျပ်
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၁၀၀-၃၇၀၀	ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	၃၅၀၀-၆၅၀၀	ကျပ်
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၂၀၀၀	ကျပ်
၇။	ငါးသလောက်	တစ်ပိဿာ	၇၅၀၀-၂၀၀၀၀	ကျပ်
၈။	ကြက်	တစ်ပိဿာ	၄၅၀၀-၁၂၀၀၀	ကျပ်
၉။	ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။	အမဲ	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၁၁။	ဆိတ်	တစ်ပိဿာ	၁၁၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နွေဆန်	တစ်အိတ်	၁၈၃၀၀
၂။	ပေါ်ကွဲ	တစ်အိတ်	၂၃၀၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၅၀၀၀-၃၀၀၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၇၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၅၁၅
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၆၆၀-၇၈၀
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၈၀၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၅၀-၁၀၇၅
၉။	အာလူး(အောင်ပန်း)	တစ်ပိဿာ	၃၅၀-၄၃၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၂၅၀၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀
၁၂။	သကြား	တစ်ပိဿာ	၉၇၅-၁၁၆၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

နေပြည်တော် ဩဂုတ် ၂၉

သဘာဝငါးမွေးကန်အတွင်း ငါးမျိုးစိုက်ထည့်

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးခင်မောင်မော်သည်လယ်ဝေးမြို့နယ်နှင့် ပျဉ်းမနားမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးများ လိုက်ပါလျက် ဩဂုတ် ၂၈ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ဇလောရွာမကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးလက်ပြည်သူများနှင့် တွေ့ဆုံကာ ငါးသယံဇာတများ ပြုန်းတီးမှုမရှိစေရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားရမည့် အခြေအနေများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် တောင်သူ ဦးအောင်ကျော်ဦး၏ နှစ်ဧကခန့်ရှိ တစ်ပိုင်တစ်နိုင် သဘာဝငါးမွေးကန်အတွင်းသို့ သုံးလက်မအရွယ် ငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးသိုင်း စသည့် ငါးသားပေါက်ကောင်ရေ ၂၀၀၀ ခန့်ကို တက်ရောက်လာသူများနှင့်အတူ အခမဲ့မျိုးစိုက်ထည့်ပေးခဲ့သည်။ အလားတူ ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်ကျေးရွာအုပ်စု ကံဦး ကျေးရွာရှိ ကျေးရွာပိုင်စုပေါင်း ၄ဒသမ ၅ ဧက ငါးမွေးကန်အတွင်းသို့ ငါးခုံးမ၊ ငွေရောင်ငါးကြင်း၊ ငါးမြစ်ချင်းနှင့် ငါးသိုင်းစသည့် ငါးသားပေါက်ကောင်ရေ ၁၂၀၀ ခန့်ကို အခမဲ့မျိုးစိုက်ထည့်သွင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



သတိပေးကြေညာချက်

ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်မှ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မလှိုင်ဘဏ်ခွဲ အဆောက်အအုံသစ်နှင့် ငါန်းဇွန်ဘဏ်ခွဲ အဆောက်အအုံသစ်ဆောက်လုပ်ရန်အတွက် ၂၆-၇-၂၀၁၃ရက် မြန်မာ့အလင်းသတင်းစာနှင့် ၆-၈-၂၀၁၃ ရက် ကြေးမုံသတင်းစာတို့တွင် ၂၆-၈-၂၀၁၃ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ကြော်ငြာခေါ်ယူခဲ့ပါသည်။

အဆိုပါလုပ်ငန်းများအတွက် တင်ဒါတင်သွင်းလွှာနှင့် အာမခံကြေးများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ ဆက်သွယ်၍ ပေးသွင်းကြရန် ၂၀-၈-၂၀၁၃ ရက် ကြေးမုံသတင်းစာတွင် မြန်မာ့စီးပွားရေးဘဏ်မှ အသိပေးကြေညာထားပါသည်။

သို့ပါ၍ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို ယခင်ကြေညာထားသည့် ၂၆-၈-၂၀၁၃ ရက်အစား ၆-၉-၂၀၁၃ ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တိုင်းဒေသကြီးမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ် (တိုင်းဒေသကြီးရုံး)၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ အမှတ် ၁၈၆၊ ၈၃ လမ်း၊ ၂၅ လမ်းနှင့် ၂၆ လမ်းကြားသို့ အိတ်ဖွင့်တင်ဒါတင်သွင်းရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုသည့်အချက်များကို ဖုန်း-၀၂-၃၅၆၄၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း

အကြောင်းကြားစာ

အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၃ ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၅၉
ကွယ်လွန်သူ ဒေါ်စန်းစန်းရီကျန်ရစ်သော ပစ္စည်းများအကြောင်း။

ဦးသန်းစိုး(ခ)ဦးသန်းဝင်း
အမှတ် ၇၅၄၊ အလယ်ခိုင်ရွှေဝါလမ်း၊ ၇ အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး
လျှောက်သူ

အထက်ဖော်ပြပါနေရပ်လိပ်စာနေ ဦးသန်းစိုး(ခ)ဦးသန်းဝင်းက ကွယ်လွန်သူ ဒေါ်စန်းစန်းရီ၏ မောင်အရင်းဖြစ်သည်ဟူ၍ ကွယ်လွန်သူဒေါ်စန်းစန်းရီတွင် မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်ခွဲ(၃)၊ ရန်ကုန်မြို့၌ စုဆောင်းကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသော ကြွေးမြီများကိုကောက်ခံရန် အမွေဆက်ခံခွင့်သက်သေခံလက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်စန်းစန်းရီ ကျန်ရစ်သော ပစ္စည်းများအပေါ် ရရန်ရှိသူလူဟူသမျှ တို့သည် ဤရုံးသို့ ၂၀၁၃ခုနှစ် စက်တင်ဘာ ၂၅ ရက် (၁၃၇၅ ခုနှစ် တော်သလင်းလပြည့်ကျော် ၆ ရက်) နံနက် ၁၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဦးသန်းစိုး(ခ)ဦးသန်းဝင်း၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ ခုနှစ် ဩဂုတ် ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ခင်သစ်ဆွေ
ဒုတိယခရိုင်တရားသူကြီး(၈)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

တစ်ဦးတည်းဖြစ်ပါကြောင်း

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကော့သပ်ကျေးရွာအုပ်စု၊ ကော့သပ်ကျေးရွာနေ ဦးကပ်၏သမီး ဒေါ်ဒေဝီ ၁၀/ကမရ(နိုင်)၀၄၅၃၄၉နှင့် မိဒွေတင်မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်ဒေဝီ(ခ)မိဒွေတင်

ပျောက်ဆုံးကြောင်း

နော်စံကျော့ယဉ်၏ နိုင်ငံကူးလက်မှတ်အမှတ် M-၀၉၅၀၇၇ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၀၀၅၉၀၃

ဦးထင်အောင်ကျော်(ခ)ADACHI JOHN ၁၂/မဂတ(နိုင်)၀၈၄၆၉၉ အား အနူးအညွတ်ဝန်ချတောင်းပန်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ဂျပန်နိုင်ငံတွင်နေထိုင်သော နိုင်ငံကူးလက်မှတ်အမှတ် TK-8007582 ကိုင်ဆောင်သူ Mr.Terai Kazuhiro ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးထင်အောင်ကျော်(ခ)ADACHI JOHN ၁၂/မဂတ(နိုင်)၀၈၄၆၉၉ အား အနူးအညွတ် ဝန်ချတောင်းပန်ပါကြောင်း အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

၁။ Mr. Terai Kazuhiro သည် ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ ခရေရိပ်သာ၊ အမှတ်၁၂၈ တွင် ရုံးခန်းဖွင့်လှစ်လျက် Pann Kaba Myanmar Services Co.,Ltd. နှင့် Pann Kaba Co.,Ltd.(Japan) အမည်ဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ဦးထင်အောင်ကျော်(ခ)ADACHI JOHN ၏ ကူညီစောင့်ရှောက်မှုဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့ရခြင်း ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံရှိ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အဖွဲ့အစည်းများရှေ့မှောက်တွင် ဦးထင်အောင်ကျော်(ခ)ADACHI JOHN ၏ ဂုဏ်သိက္ခာညှိုးနွမ်းထိခိုက်စေရန်အတွက် Mr.Terai Kazuhiro က မဟုတ်မမှန် လိမ်လည်စွပ်စွဲပြောဆိုခဲ့မိပါသည်။

၃။ Mr. Terai Kazuhiro ၏ ဦးထင်အောင်ကျော်(ခ)ADACHI JOHN အပေါ် မဟုတ်မမှန် လိမ်လည်စွပ်စွဲပြောဆိုခဲ့မှုများကြောင့် မြန်မာနိုင်ငံ၏ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ စီးပွားရေးကုမ္ပဏီများ၊ လူမှုရေးအဖွဲ့အစည်းများအနေဖြင့် ဦးထင်အောင်ကျော်(ခ)ADACHI JOHN အား အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်ခဲ့ရပါသည်။

၄။ ထို့ကြောင့် Mr.Terai Kazuhiro မှ ဦးထင်အောင်ကျော်(ခ)ADACHI JOHN နှင့်တကွ Pann Kaba Myanmar Services Co.,Ltd. နှင့် Pann Kaba Co.,Ltd. (Japan) တို့အား မိမိ၏အမှားများအတွက် အနူးညွတ် ဝန်ချတောင်းပန်အပ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းနု(ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၂၁၉)
အမှတ်-၅၆၁၊ ပထမထပ်၊ အခန်း-၄၊ M.A.C Tower ၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
Mr.Terai Kazuhiro ၏ တရားလွှတ်တော်ရှေ့နေ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂(ဘီ)၊ မြေကွက်အမှတ် ၁၇၄၊ ဧရိယာ ၀ ဒသမ ၅၀၀ ဧကရှိ နှစ် ၆၀ ဂရန်မြေအမျိုးအစားမြေကွက်ကို မြို့မြေစာရင်းတွင် ဦးတင်ဦး ISN-၂၂၉၉၇၃ အမည်ဖြင့် မှတ်တမ်းတင်ထားပြီး ဒေါ်သန္တာအုန်း ၁၂/အစန(နိုင်)၀၈၂၄၄၈ သည် မင်္ဂလာဒုံမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၂၁/၂၀၁၂ တွင် ချမှတ်ထားသည့် ဒီကရီအရ လက်ရှိပိုင်ဆိုင်သူဖြစ်ပါသည်။

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂(ဘီ)၊မြေကွက်အမှတ် ၁၇၃၊ ဧရိယာ ၀ ဒသမ ၄၅၉ ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်ကို ဒေါ်မြင့်မြင့်ဝင်း ၁၂/မရက(နိုင်)၀၀၇၂၃၅ နှင့် ဒေါ်သန္တာအုန်း ၁၂/အစန(နိုင်)၀၈၂၄၄၈တို့အမည်ဖြင့် မြို့မြေစာရင်း၌ မှတ်သားထားရှိပါသည်။

ကျွန်ုပ်၏အမှုသည်က အထက်ပါမြေကွက်အမှတ် ၁၇၄ တစ်ခုလုံးနှင့် မြေကွက်အမှတ် ၁၇၃ ၏ အရှေ့ဘက်ခြမ်း ထက်ဝက်တိတိတို့ကို အပြီးအပိုင်ဝယ်ယူရန် ဒေါ်သန္တာအုန်းအား ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ပိုင်ရေးပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ မည်သူမဆို ခုနစ်ရက်အတွင်း ခိုင်မာသောစာရွက်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက် ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါသည်။

ဦးဇော်မင်းစိန်
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၀၃)
၅၆၁ (ပ-ထပ်)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၄၅၄၀၀၊ ၅၀၀၀၄၃၊ ၀၉-၅၁၇၅၁၁၇

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၄၉၊ ၁/၂၊ မြေကွက်တည်နေရာအမှတ် ၄၉၊ ကျော်သူ ၂၅ လမ်း၊ ၉ ရပ်ကွက်၊ တောင်ဥက္ကလာပ ဒေါ်သက်တင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်သက်တင်၊ ခင်ပွန်း-ဦးသန်းစိန်၊ သား-ဦးသူရတို့ အသီးသီးကွယ်လွန်သဖြင့် ဒေါ်ခင်သက်ဦး ၁၂/ဥကတ(နိုင်)၀၁၀၅၅၇၊ ဒေါ်အမာကြည် ၇/အဖန(နိုင်)၀၃၀၃၅၈၊ ဒေါ်အေးစန္ဒာ ၁၂/ ဥကတ(နိုင်)၀၂၁၄၄၃ တို့က သမီးနှင့် ချွေးမများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရေကြောင်းပညာတက္ကသိုလ်နှင့် ဂျပန်ရေကြောင်းတက္ကသိုလ်တို့ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာရေးထိုး

ရန်ကုန် ဩဂုတ် ၂၉

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် Tokyo University of Marine Science and Technology တို့အကြား ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၁၀ နာရီက မြန်မာနိုင်ငံ ရေကြောင်းပညာ Tokyo တက္ကသိုလ် သန်လျင်၌ ကျင်းပရာ University of Marine Science and Technology က Vice-President Dr.Tomoji TAKAMASA နှင့် မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မြတ်လွင်တို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြသည်။ **(အောက်ပုံ)**

နားလည်မှု စာချွန်လွှာအတွင်း တက္ကသိုလ် နှစ်ခုအကြား ဌာနများ၊ ဆရာ ဆရာမများအချင်းချင်း သုတေသနလုပ်ငန်းများ၊စာတမ်းများနှင့်ပညာရပ်ဆိုင်ရာအစီအစဉ်များ ပူးတွဲဆောင်ရွက်ရန်၊ ကျောင်းသားများအချင်းချင်း ဖလှယ်၍ လေ့လာရေးအစီအစဉ်များ ညှိနှိုင်းဆောင်ရွက်သွားရန်၊ တက္ကသိုလ်အချင်းချင်းပူးတွဲ၍ သုတေသနလုပ်ငန်းများဆောင်ရွက်သွားရန်နှင့် ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ပညာရေး၊ သင်ကြားရေးသင်တန်းများနှင့် သုတေသနကိစ္စရပ်များအတွက် သတင်းအချက်အလက်များဖလှယ်၍ ဆောင်ရွက်သွားရန်တို့ ပါဝင်သည်။

မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်အနေဖြင့် ဆရာမနှစ်ဦးကို ဂျပန်နိုင်ငံ Tokyo University of Marine Science and Technology တွင် ပညာရပ်ဆိုင်ရာသင်တန်းများတက်ရောက်ရန်အတွက် စေလွှတ်ပေးနိုင်ခဲ့ပြီး ယခုလက်မှတ်ရေးထိုးသည့် နားလည်မှုစာချွန်လွှာအရ သင်တန်းသားများကို ထပ်မံစေလွှတ်ပေးသွားနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

စစ်တောင်း(မုပ္ပလင်)တံတားမဖြတ်လျှင် တံတားကြေးလည်းမပေးလို

ပဲခူး ဩဂုတ် ၂၉

ရန်ကုန်-မော်လမြိုင် လမ်းပိုင်း ဘုရားကြီးမြို့ရှိ ရွှေသံလွင်တိုးဂိတ်မှ လမ်းအသုံးပြုခကောက်ခံမှုနှင့် ပတ်သက်၍ သတင်းစာနှင့် အင်တာနက် အပါအဝင် မီဒီယာများက ဝေဖန်ရေးသားမှုများဖော်ပြခဲ့ပြီးနောက် ငွေကြေးကောက်ခံသည့်စနစ် ပြောင်းလဲခဲ့ပြီး ယခင်မော်လမြိုင်လမ်းသို့ လမ်းအသုံးပြုခကောက်ခံရာတွင် ပြေစာပါကျသင့်ငွေ ၉၂၅ ကျပ်ဖြစ်သော်လည်း ငွေကျပ် ၁၀၀၀ ကောက်ခံနေရခြင်းမှ ယခုအခါ စနိုးတာဝါတစ်ခု ပြန်လည်ပေးအပ်သည့်စနစ်ကို ကျင့်သုံးနေပြီဖြစ်ရာ စနိုးတာဝါတစ်ခု၏တန်ဖိုးမှာ ၇၅ကျပ်ဖြစ်သဖြင့် ပိုငွေကောက်ခံမှုမရှိတော့ကြောင်း လမ်းအသုံးပြုသူ ကျိုက်ထိုမြို့သားတစ်ဦးကပြောကြားသည်။ လမ်းအသုံးပြုသူ ပြည်သူအများ၏ဆန္ဒမှာမူ ပဲခူးမြို့မှ ဝေါမြို့သို့သွားရာ၌ ပဲခူးမြို့ ဝင်ကြေး ထည့်သွင်းကောက်ခံခြင်း၊ စစ်တောင်းတံတား(မုပ္ပလင်)ကို ဖြတ်သန်းခြင်းမပြုဘဲ ထည့်သွင်းကောက်ခံနေခြင်းများအပေါ် တာဝန်ရှိသူများက စနစ်တကျပြန်လည်စိစစ်ပေးရန် လိုလားလျက်ရှိကြောင်း သိရသည်။

သန့်စင်

လမ်းပြုပြင်မှု စံနှုန်းမမီက ပြန်လည်ပြင်ဆင်ရမည်

ကလေး ဩဂုတ် ၂၉

မုံရွာ-ယာကြီးလမ်းပိုင်းသည် အရှည်မိုင် ၄၀ ရှိပြီး မုံရွာအုပ်စု ဆောက်လုပ်ရေးကုမ္ပဏီမှ BOT စနစ်ဖြင့် လမ်းတံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ၂၀၁၂ ခုနှစ် ဧပြီက မူလမိုင် ၂၀ ကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်းနှင့် ကျန်ရှိသည့် လမ်းပိုင်းမိုင် ၂၀ ကို ၂၀၁၄ ခုနှစ် ဇူလိုင်အပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ လမ်းပိုင်းများကို ဆောင်ရွက်ရာတွင် လမ်းလွှာပုံစံဒီဇိုင်းအတိုင်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီဆောင်ရွက်ရန် BOT ကုမ္ပဏီတွင် QC အဖွဲ့များထားရှိပြီး ဆောင်ရွက်စေရာ သတ်မှတ်စံချိန်စံညွှန်းမပြည့်မီဘဲ လမ်းပျက်စီးမှုများဖြစ်ခဲ့လျှင် ကုမ္ပဏီမှကျခံ၍ ပြန်လည်ပြုပြင်ပေးရမည်ဖြစ်ကြောင်း သိရသည်။

“နိုင်ငံတော်က လမ်းတွေကို ပြင်ဆင်တာတွေ၊ အသစ်ထပ်မံဖောက်လုပ်တာတွေ ပြုလုပ်နေတာကိုတွေ့ရပါတယ်၊ဒီလို ပြင်ဆင်ထိန်းသိမ်းတာတွေလုပ်ပေမယ့် တန်ပိုတင်တဲ့ယာဉ်တွေကို စစ်ဆေးအရေးယူမှု ထိရောက်စွာမလုပ်လျှင် လမ်းတွေက မကြာခင်ပျက်စီးသွားမှာပဲ၊ ဒါကြောင့် တန်ပိုယာဉ်တွေကို ထိရောက်စွာစစ်ဆေးသင့်ပါတယ်”ဟု ဒေသခံတစ်ဦးက ပြောကြားသည်။

သျှင်နေမင်း

မူဆယ်တွင် အကောက်ခွန်မဲ့ ဓာတ်မြေသြဇာ အိတ်ပေါင်း ၅၀၀၀ ကျော် ဖမ်းဆီးရမိ

မူဆယ် ဩဂုတ် ၂၉

မူဆယ် ၁၀၅မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်တွင် ဩဂုတ် ၂၁ ရက် ည ၁၀ နာရီခွဲက မူဆယ်မြို့အဝင် မောင်းတံဂိတ်အနီးတွင် ကုန်တင်ယာဉ် ၁၁ စီးကို စရဖ(မူဆယ်)တပ်စုမှူး ဗိုလ်ကြီးစိုင်းထက်ပြည့်အောင် ဦးစီးတပ်ဖွဲ့ဝင်များ၊ မူဆယ်မြို့မရဲစခန်း ၁၀၅ မိုင် ရဲကင်းမှူး ဒုတိယရဲအုပ်ဇေယျာလင်း ဦးစီးတပ်ဖွဲ့ဝင်များ၊ ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်တာဝန်ကျအကောက်ခွန်မှူး ဦးချိုထွန်းတို့ပါဝင်သော ပူးပေါင်းအဖွဲ့က သတင်းအရ စစ်ဆေးရှာဖွေရာ တရားမဝင်အကောက်အခွန်မဲ့ပစ္စည်းဖြစ်သော အမိုနီယမ်နိုက်ထရိတ် ၄၀ ဒသမ ၄ ကီလိုဂရမ်ပါ ဓာတ်မြေသြဇာအိတ်ပေါင်း ၅၀၀၃ အိတ်ကို ရှာဖွေတွေ့ရှိ သိမ်းဆည်းနိုင်ခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ပူးပေါင်းအဖွဲ့က အကောက်အခွန်မဲ့ ဓာတ်မြေသြဇာအိတ်များ ပိုင်ရှင်ဖြစ်သူ ဦးစိုးဝင်း(၃၈ နှစ်)ဥယျာဉ်စုရပ် ပျဉ်းမနားမြို့နေသူနှင့်အတူပါရှိလာသော ငွေကျပ် ၇၅ သိန်း၊ ယာဉ်အမှတ် ၂ခ/. . . တိုယိုတာမတ်တူး အမျိုးအစားယာဉ်တစ်စီးအပါအဝင် ကုန်တင်ယာဉ် ၁၁ စီးနှင့် ယာဉ်မောင်းများဖြစ်သော အိုက်ကျို(ခ)ခိုက်ကျင်ရင်(၃၃နှစ်)၊ စိုင်းလောင်(တိမ်းရှောင်)၊ စိုင်းပြည့်ဖြိုးလွင် (၂၀ နှစ်)၊ နိုင်ဝင်း(၂၅နှစ်)၊ သန်းကျော်ဦး(၂၈နှစ်)၊ ဖိုးလုံး(၃၃နှစ်)၊ ကိုထွန်း(တိမ်းရှောင်)၊ ဝေဖြိုး(၂၇ နှစ်)၊ အောင်မျိုးတင့်(၂၅နှစ်)၊ ကျော်အောင်(၂၇နှစ်)၊ ကျော်ကျော်(တိမ်းရှောင်)တို့အား မူဆယ်မြို့မရဲစခန်းက ပို့ကုန်သွင်းကုန် ပုဒ်မ ၈ ဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

အယ်လ်စိုး(iprd)

Fashion Euphoria
မိုးရာသီအထူးဈေးရောင်းပွဲ

Fashion Euphoria မှာ မိုးရာသီအထူးဈေးရောင်းပွဲအစီအစဉ်အဖြစ် ၃၁-၈-၂၀၁၃ရက် (စနေနေ့) နှင့် ၁-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့)များတွင် Fashion Euphoria ၏ Computer ပန်းထိုးဒီဇိုင်းအမျိုးမျိုး၊ ချိတ်ဒီဇိုင်းအမျိုးမျိုး၊ အရည်အသွေးမြင့်အမှတ်တံဆိပ် ပွဲထိုင်ဇာများ၊ အရောင်အသွေးစုံလင်သော ပိုးထည်များကို ၃၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ အထူးလျှော့ဈေးနှုန်းများဖြင့် ရောင်းချပေးမည်ဖြစ်ပါကြောင်း သတင်းကောင်း ပါးအပ်ပါသည်။ အစဉ်တစိုက် အားပေးခဲ့ကြသော မိတ်ဆွေအပေါင်းနှင့် လာရောက်အားပေးကြမည့် မိတ်ဟောင်းမိတ်သစ်များအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

နေရာ - အမှတ်(110-A)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၅၂၆၃၃
အချိန် - နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ

ဖိတ်ကြားခြင်း

အထက ဒဂုံ(၁)မှ ၂၀၁၂-၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သော ကျောင်းသား ကျောင်းသူများက သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားပေးခဲ့ပါသော ကျေးဇူးရှင် ဆရာ ဆရာမများအား ပူဇော်ကန်တော့မည်ဖြစ်ပါသောကြောင့် အောက်ပါအချိန်အတိုင်း တက်ရောက်ပေးပါရန် ကျောင်းသား ကျောင်းသူများအားလုံးကို ဖိတ်ကြားအပ်ပါသည်။

ကျလလင်းပမည့်ရက် - ၈-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉နာရီ
ကျင်းပမည့်နေရာ - ဒဂုံသီရိခန်းမ

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂ အိုင်၊ မြေကွက်အမှတ် ပဥ္စမတန်းစား ၃၊ မြေကွက်တည်နေရာအမှတ် ၁၁၄၊ မန္တလေးလမ်း၊ ကန်/ရှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် မဟာမက်မူဆာ အမည်ပေါက် တစ်နှစ်ယာယီလိုင်စင်မြေအား အမည်ပေါက် မဟာမက်မူဆာ ကွယ်လွန်သဖြင့် ဒေါ်ကြည်ကြည်ဝင်း(ခ)ဖာမီသာဆန်နူး ၁၂/မဂတ(နိုင်)၀၇၉၇၂၈က မွေးစာဖြင့် အိုင်ပေး စာချုပ် (၉-၂-၂၀၀၉)အရပ်ကတိစာချုပ် တင်ပြ၍ ဒေါ်ကြည်ကြည်ဝင်း(ခ)ဖာမီသာဆန်နူးတစ်ဦးတည်းမှ တစ်နှစ်ယာယီလိုင်စင် လျှောက်ထားခြင်းအား မောင်ဖြစ်သူ မောင်မောင်(ခ)အသဲ၏ သဘောတူညီချက်အရ တစ်နှစ် ယာယီလိုင်စင် လျှောက်ထားလာရာ ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်

ကျွန်ုပ်၏အမှုသည် ယာစမင်း(ခ)မဒါလီစိမ်း ၇/ရတန(နိုင်)၀၅၁၁၆၆ (ဘ)ဦးခင်မောင်မြင့် အမှတ် (၃၂၇)၊ ကံ့ကော်မြိုင်လမ်း၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ယာစမင်း(ခ)မဒါလီစိမ်းသည် ၂၁-၈-၂၀၁၃ ရက်က အစ္စလာမ်ခုံသမာဓိလူကြီးများရှေ့မှောက်တွင် မောင်မောင်ထိန်ဝင်း ၁၂/တမန(နိုင်)၁၀၄၃၇၆ (ဘ)ဦးစန်းဦးနှင့် လင်မယားပြတ်စဲကြောင်း၊ တစ်ဦးနှင့်တစ်ဦး မည်သို့မျှပတ်သက်ခြင်းမရှိကြောင်း၊ သွလာဟ်ကေဗာအင်န်တစ်ကြိမ် မိမိကိုယ်တိုင်မြွက်ဟကြေညာပြီး ယင်းမြွက်ဟကြေညာချက်ကို တင်ပြ၍ ထွက်ဆိုချက်များပေးခဲ့ခြင်းအပေါ် အစ္စလာမ်ခုံသမာဓိလူကြီးများက ယာစမင်း(ခ)မဒါလီစိမ်း၏ သွလာဟ်ကေဗာအင်န်တစ်ကြိမ် မြွက်ဆိုကြေညာချက်ကို အတည်ပြု၍ မောင်မောင်ထိန်ဝင်းနှင့် လင်မယားပြတ်စဲခွင့်ရှိကြောင်းဆုံးဖြတ်ပြီး ယာစမင်း(ခ)မဒါလီစိမ်းသည် အထက်ပါမြွက်ဟကြေညာစာတမ်းကို မောင်မောင်ထိန်ဝင်းနှင့် တရားဝင်လင်မယားကွာရှင်းပြတ်စဲပြီးဖြစ်သည်ဆိုသည်မှာ မှန်ကန်ကြောင်း အတည်ပြုလက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယာစမင်း(ခ)မဒါလီစိမ်းနှင့် မောင်မောင်ထိန်ဝင်းတို့သည် အစ္စလာမ်တရားဥပဒေနှင့်အညီ ၂၁-၈-၂၀၁၃ရက်မှစ၍ တရားဝင်ကွာရှင်းပြီးဖြစ်ပါကြောင်းနှင့် တစ်ဦးနှင့်တစ်ဦး မည်သို့မျှပတ်သက်ခြင်းမရှိပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**
ယာစမင်း(ခ)မဒါလီစိမ်း	**ဒေါ်မြင့်မြင့်ဝင်း**
၇/ရတန(နိုင်)၀၅၁၁၆၆	**တရားလွှတ်တော်ရှေ့နေ**
	(စဉ်-၁၄၁၆)

တိုက်အမှတ်(၆၇-၆၉)၊ (ခုနစ်လွှာ)၊ ဓမ္မာရုံလမ်း၊ စမ်းချောင်းမြောက်ရပ်ကွက် စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ဒေါ်နန်းနွယ်နီသန့် ၁၄/မမန(နိုင်)၁၅၆၅၉၉ လက်ရှိပိုင်ဆိုင်သော (အလျား ၂၂ပေ×အနံပေ ၇၀)အကျယ်ရှိ အထက်ဖော်ပြပါတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးကဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စောဦး(တရားလွှတ်တော်ရှေ့နေ) စဉ်-၆၇၀၂
အမှတ်-၅၆၁၊ MAC Tower၊ အခန်း ၃၀၂၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ် ဝယ်ယူပိုင်ဆိုင်ထားခြင်းကို အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(E/4/၁၂၂)၊ မြေကွက်အမှတ် ၁၅၃ရှိ မြေချပါမစ်တွင် ဦးသန်းတင် အမည်မှတ်သားထားသော ပေ (၄၀×၆၀) မြေကွက်အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်ခင်ဝင်းရီ ၁၂/သဃက(နိုင်)၀၅၇၇၇၁၆နှင့် ဒေါ်စန်းမြင့် ၁၂/ဒပန(နိုင်)၀၄၄၉၇၈တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက မြေကွက်အပြီးအပိုင် အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရောက်လွှဲပြောင်းရရှိထားပြီးဖြစ်ပါသဖြင့် ယင်းမြေကွက်အား ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရရှိဘဲ ပေးကမ်း၊ ပေါင်နှံ၊ ငှားရမ်း၊ ရောင်းချခြင်း၊ အခြားနည်းဖြင့်လွှဲပြောင်းခြင်း၊ ဝင်ရောက်ကျူးကျော်နေထိုင်ခြင်းများ မပြုလုပ်ရန် အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဥမ္မာမြင့် LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၅၁)
အမှတ် ၉၉၉၊ သစ္စာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၇၃၁၇၁၉၂၅၊ ၀၉-၃၁၂၆၁၉၈၀

အများသိစေရန် ကြေညာခြင်း

မှုခင်းသတင်းနှင့်ကြော်ငြာ

သိန်းပေါင်း ၁၃၀၀၀ တန်ဖိုးရှိ မြှုပ်နှံထားသော စိတ်ကြွဆေးပြားများ တူးဖော်တွေ့ရှိ

တာချီလိတ် ဩဂုတ် ၂၉

ဩဂုတ် ၂၈ ရက် နံနက် ၁၀ နာရီခွဲခန့်က တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)ကျေးရွာအုပ်စုတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေလုံခြုံရေးတာဝန်ထမ်းဆောင်နေစဉ် ကျင်းဟောင်းတစ်ခုကို မသင်္ကာဖွယ်တွေ့ရှိရသဖြင့် ရှာဖွေခဲ့ရာ တောင်စောင်းတစ်နေရာတွင် မိုးရေစီး ကျသဖြင့် မြေပြိုကျနေပြီး အပြာရောင်ပလတ်စတစ်ပုံး အဖုံးတစ်ခုကို တွေ့ရှိရသည့်အတွက် တူးဖော်ဖွင့်ဖောက်စစ်ဆေးရာ အဆိုပါပလတ်စတစ်ပုံးအတွင်း မီးသွေးများဖုံးအုပ်ထားပြီး အောက်တွင် တစ်စည်းလျှင် WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၅၀၀၀၀ ပြားစီပါ ၁၃ စည်း စုစုပေါင်း စိတ်ကြွဆေးပြား ၆၅၀၀၀၀ ပြား၊ ကာလတန်ဖိုး တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် စုစုပေါင်းကျပ်သိန်းပေါင်း ၁၃၀၀၀ သိမ်းဆည်းရရှိခဲ့သည်။

ဆောင်ရွက်ထား

အဆိုပါမူးယစ်ဆေးဝါးများသည် လွန်ခဲ့သော တစ်နှစ်ခွဲခန့်က စိုင်းနော်ခမ်းအဖွဲ့က မြေကျင်းတူးကာ မြှုပ်နှံထားခြင်းဖြစ်ကြောင်း သုံးသပ်ရပြီး တာချီလိတ် မူးယစ်(အထူး)အဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဩဂုတ် ၂၉ ရက်က စနစ်တကျ လွှဲပြောင်းလက်ခံသိမ်းဆည်းခဲ့ပြီး အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရှိရသည်။

တွေ့ရှိခဲ့ရ

အလားတူ ဩဂုတ် ၂၉ ရက် ညနေ ၄ နာရီခန့်က တာချီလိတ်မြို့နယ်၊ တာလေမြို့နယ်ခွဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းမှ စခန်းမှူး ရဲအုပ်တင်ဌေးသည် ကျိုင်းလပ်မြို့နယ်ခွဲဘက်မှ တာချီလိတ်ဘက်သို့ မူးယစ်ဆေးဝါးများတင်ဆောင်ထားသည့် ယာဉ်အမှတ် ၉၄/----ထော်လာဂျီသည်(ဒေသအခေါ်အီတန်ယာဉ်) ဖြတ်သန်းမောင်းနှင်သွားကြောင်း သတင်းအရ တာချီလိတ်မြို့နယ်ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဝင်းဇော်ဦး၊ ဒုရဲအုပ်အောင်ကျော်သန်း၊ တာချီလိတ်မူးယစ် (အထူး) အဖွဲ့မှ ရဲအုပ်လှသွင်၊ ရဲအုပ်မြင့်နိုင်ဦး၊ တာလေ (စရဖ)မှ တပ်ကြပ်ကြီးတင်ကိုလှိုင်တို့ဦးစီးသော ပူးပေါင်းအဖွဲ့များနှင့်အတူ ပူးပေါင်းကာ တာချီလိတ်-ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ပိတ်ဆို့ရှာဖွေရာ ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် တာလေမြို့နယ်ခွဲ နားယောင်းကျေးရွာအုပ်စု ရန်ကင်း (၁) ကျေးရွာအရောက်တွင် အဆိုပါယာဉ်ကို တွေ့ရှိရသည့်အတွက် ရပ်တန့်စေကာ သက်သေများနှင့်အတူ ရှာဖွေစစ်ဆေးရာ ယာဉ်နောက်ခန်းတွင် တင်ဆောင်လာသော တစ်အိတ်လျှင် အလေးချိန် ၂၅ ကီလိုခန့်ပါဝင်ပြီး ကဖင်းဟုယူဆရသော အဖြူရောင် အမှုန့် ၃၁ အိတ် စုစုပေါင်း အလေးချိန် ၇၇၅ ကီလိုခန့်၊ တစ်ကီလိုလျှင် ကျပ် ၇၅၀၀၀ နှုန်းဖြင့် တန်ဖိုးငွေကျပ် ၅၈၁၂၅၀၀၀ ရှာဖွေတွေ့ရှိခဲ့ရပြီး မူးယစ်ဆေးဝါးများ သယ်ဆောင်လာသူယာဉ်မောင်း တင်ထွန်းနောင် (၃၀ နှစ်)၊ ရန်ကင်း(၁) ကျေးရွာနေထိုင်သူအား အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိပြီး ကွင်းဆက်ပတ်သက်သူများအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်နေကြောင်း သိရှိရသည်။

(ဝ၆ဝ)

တာချီလိတ်မြို့နယ် စံဖူးကျေး ရွာ အနီး မြေကျင်းအတွင်းမှ သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများ။

မလေးရှားတွင် တရားမဝင်အလုပ်သမားများကို ပိုက်စိပ်တိုက်ရှာဖွေမည်ဟုဆို

ပူထရာဂျာရာ ဩဂုတ် ၂၉

မလေးရှားနိုင်ငံတွင် တရားမဝင်နေထိုင်ကြသော နိုင်ငံခြားသားများ ခန့်မှန်းခြေလူဦးရေငါးသိန်းကိုစက်တင် ဘာ ၁ ရက်တွင် နိုင်ငံအတွင်းနေရာအနှံ့ ပိုက်စိပ်တိုက်ရှာဖွေတော့မည်ဖြစ်ကြောင်း ဩဂုတ် ၂၈ ရက် The Star သတင်းစာ၌ ဖော်ပြထားသည်။

အဆိုပါအစီအစဉ်တွင် ကွာလာလမ်ပူ၊ ဆလန်းဂေါ၊ ပီနန်၊ ဂျိုဟိုးဘာရူး စသည့်မြို့များ၌ရှိသော တရားမဝင်အလုပ်သမားများကို စစ်ဆေးသွားမည်ဖြစ်ပြီး တရားမဝင်နေထိုင်သည့် ဖမ်းဆီးရမိသူများအားလုံးကို ထိန်းသိမ်းရေးစခန်း ၁၂ ခုသို့ တိုက်ရိုက် ပို့ဆောင်သွားမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံလူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ အရာရှိ Datuk Alias Ahmadက အဆိုပါသတင်း၌ ဖြေကြားထားသည်။

တရားမဝင်အလုပ်ပေးထားသည့် အလုပ်ရှင်များကိုလည်း တရားဥပဒေအရ အရေးယူမည့်အပြင် စီမံချက်တွင် တရားမဝင်အလုပ်သမားများ မပါဝင်စေရန် လုံလောက်သော အထောက်အထားများ ထုတ်ပေးထားရန် အလုပ်ရှင်များကို တရားဝင်ကြေညာထားကြောင်း၊ ယခု 6P စီမံချက်အတွင်း တရားဝင်လာရောက်မဆောင်ရွက်သော သူများအားလုံးကို အဓိကထားရှာဖွေမည်ဖြစ်ပြီး တွေ့ရှိပါက မည်သည့်တရားဝင်ဆောင်ရွက်မှုမျိုးမျှ ပေးမည်မဟုတ်ကြောင်းနှင့် တရားဝင်ဆောင်ရွက်ပေးသော အေးဂျင့်များက အဓိက တာဝန်ယူရမည့်အကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

6P စီမံချက်အရ တရားဝင်ဆောင်ရွက်ထားသူ နှစ်သန်းကျော်အနက် ခန့်မှန်းခြေ ၁ ဒသမ ၃ သန်းမှာ စာရွက်စာတမ်း မပြည့်စုံသူများဖြစ်ကြောင်းတွေ့ရှိရကြောင်း၊ ထိုသူများထဲမှ ငါးသိန်းကျော်ကို တရားဝင်ပါမစ်များ ထုတ်ပေးခဲ့ပြီး ကျန်သည့် သုံးသိန်းသုံးသောင်းကျော်မှာ ယနေ့ထိတိုင် တရားဝင်ပါမစ်အတွက် မဆောင်ရွက်သေးကြောင်း၊ ယခုမလေးရှားနိုင်ငံအစိုးရကအခွင့်အရေးများ ပြည့်ဝစွာပေးထားပြီးဖြစ်ခြင်းကြောင့် တရားမဝင်နေထိုင်သူများ အထူးသဖြင့် ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ ဗီယက်နမ်နှင့် နီပေါနိုင်ငံသားများကို ရှာဖွေဖော်ထုတ်မည်ဖြစ်ကြောင်း သိရသည်။

သုံးလခန့် ဆက်တိုက်ပြုလုပ်မည့် အဆိုပါအော်ပရေးရှင်းတွင် မလေးရှားနိုင်ငံမှ တရားမဝင်နေထိုင်သူများ အားလုံးပျောက်ကွယ်ရမည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်မည် ဖြစ်ခြင်းကြောင့် တရားမဝင် နေထိုင်သူများအတွက် ကာကွယ်ပေးသူ၊ အကူအညီပေးသူများအားလုံးကို ဒဏ်ငွေ ၅၀၀၀၀၀နှင့် ထောင်ဒဏ်နှစ် ၂၀အထိ အမြင့်ဆုံးသတ်မှတ်ထားသည့်အတွက် မည်သူမျှ ကာကွယ်မပေးစေလိုကြောင်းနှင့် မလေးရှားနိုင်ငံအတွင်း မည်သည့်တရားမဝင် အလုပ်သမားကိုမျှ ဆက်လက်မထားတော့ရန် အချိန်ရောက်ပြီဖြစ်ကြောင်း မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဒါရိုက်တာ Datuk Alias Ahmad က ပြောကြားကြောင်း ထုတ်ပြန်ထားသည်။

စိုးဝင်း(SP)

Asia Green Development Bank Limited (Public Company)
(Statutory Meeting)
(3rd Annual General Meeting)
Statutory Meeting
3rd Annual General Meeting
Asia Green Development Bank Limited (Public Company)

ကျေးဇူးဆပ်ပါမည်
ကျွန်တော် မောင်အောင်ကျော်မိုး ကိုင်ဆောင်သော မြန်မာနိုင်ငံကူးလက်မှတ်စာအုပ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၃၁၄၂၀၈၃

ကျေးဇူးဆပ်ပါမည်
ကျွန်တော် မောင်ကျော်ဇင်လင်း ကိုင်ဆောင်သော မြန်မာနိုင်ငံကူးလက်မှတ်စာအုပ် M-793398 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၃၁၄၂၀၈၃

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၁၂ယ/၆၉၃၉၈ ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်ဆွေ ၉/တကန(နိုင်)၀၀၇၈၂၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန
ခရိုင်ရုံး(ရမည်းသင်း)



ကန့်ကွက်နိုင်ပါကြောင်း
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉(အေ)၊ မြေကွက်အမှတ် ၂၂၃၊ သုခလမ်းရှိ ပေ ၄၀ × ပေ ၆၀ ပါမစ်မြေအား ကျွန်ုပ်ဦးသော်သော်ထိုက်က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
ဦးသော်သော်ထိုက်
၁၂/တမန(နိုင်)၀၅၈၂၃၃
ဖုန်း-၀၉-၇၃၀၈၁၁၁၂

ခြံရောင်းမည်
09-5302473
09-5300736
09-31680246

ကျေးဇူးဆပ်ပါမည်
ကျွန်တော် ဇာဏီဝင်းနိုင် ၁၂/တမန(နိုင်)၀၉၇၀၆၄၏ ပတ်စပို့စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၃၁၄၀၀၁၅၉

ကန့်ကွက်နိုင်ပါကြောင်း
သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် လေးဒေါင့်ကန်၊ မြေကွက်အမှတ် ၂၂၈၊ မြေကွက်တည်နေရာ အမှတ် ၇၇၊ ကန်တော်လမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်း ဒေါ်ခင်သန္တာ ၁၂/သဃက(နိုင်)၀၉၂၃၅၆ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်သန္တာ(ဇနီး) ကွယ်လွန်သဖြင့် ဦးအေးမောင် ၁၂/မဂဒ(နိုင်)၀၉၄၀၃၃က တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၇ခ/၆၀၅၅ MAM Wagon Mark II, S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးခိုင် ၉/ခအဇ(နိုင်)၀၀၁၅၆၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

ဖခင်အမည်မှန်
ဗိုလ်တထောင်မြို့နယ်၊ အထက-၃၊ တက္ကသိုလ်ဝင်တန်း(ဂ)တွင် ပညာသင်ကြားနေသော မခင်ထားနွယ်၏ ဖခင်အမည်မှန်မှာ ဦးတင့်လွင်ဦး ၅/ဘတလ(နိုင်)၀၆၀၅၈၆ ဖြစ်ပါသည်။

အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှုအကောင်းဆုံးသည် ပညာရေးဖြစ်သည်

မြန်မာနိုင်ငံတွင် စာမတတ်သူပပျောက်ရေးကို အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်နိုင်သောကြောင့် စာတတ်မြောက်သူ ၉၅ ဒသမ ၈ ရာခိုင်နှုန်းကျော်ရှိလာပြီဖြစ်သည်။ စာပေသည် လူတို့ကို အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုး၊ အတွေးအခေါ်နှင့်အယူအဆ၊ အတွေ့အကြုံနှင့် ဗဟုသုတ၊ ခံစားမှုနှင့်သုတစသည်ဖြင့် အသိအမြင်ပေါင်းစုံတို့ကို ပေးစွမ်းနိုင်သည့် အစွမ်းသတ္တိများရှိသည်။ စာပေနယ်သည်ကား ကျယ်ဝန်းလှသည်။ သို့အတွက် မှတ်၍မကုန် ရှာ၍မဆုံးသော အဖိုးတန် အမြုတေဟုဆိုရမည်ဖြစ်သည်။

"ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့" ဆောင်ပုဒ်ကို မကြာခဏမြင်ဖူးကြားဖူးကြမည်ဖြစ်သည်။ ဒီဆောင်ပုဒ်သည် တစ်ဦးတစ်ယောက်အတွက် မဟုတ်ဘဲ နိုင်ငံသားအားလုံးရဲ့ ရှေ့ရေးနှင့် နိုင်ငံတော်ရဲ့ရှေ့ရေးဆိုတာ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် နိုင်ငံသားတိုင်း သိရှိသဘောပေါက် နားလည်ထားဖို့ အထူးလိုအပ်လှပေသည်။

မျက်မှောက်ကာလသည် သိပ္ပံနှင့်နည်းပညာရပ်များ၏ အံ့မခန်း တိုးတက်ဖြစ်ထွန်းမှုများကြောင့် ပညာရေးသည် ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍအားလုံးကို တွင်ကျယ်လွှမ်းမိုးပိုင်းဖြတ်လာနေသည်။ ပညာခေတ်သို့ ရောက်ရှိနေပြီဟု ပညာရှင်အားလုံးက အသိအမှတ်ပြုထားကြပြီဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်နေမှုကို လေ့လာသုံးသပ်ရာတွင် ပညာတတ်မြောက်ခြင်းသည် အဓိကအချက် ဖြစ်နေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ပညာရေးသည် နည်းပညာအသစ်များကို သင်ယူရာတွင်လည်းကောင်း၊ နိုင်ငံသားတို့၏ ကိုယ်ပိုင်အရည်အသွေးကို မြှင့်တင်ရာတွင်လည်းကောင်း အဓိကကျသည့် သော့ချက်ပင်ဖြစ်သည်ဟု သုတေသီတို့က ဆိုပါသည်။

ယနေ့လူငယ်မောင်မယ်များ မူလတန်းမှ အထက်တန်းပညာများ သင်ကြားနေကြသည်။ ရည်ရွယ်ချက်မှာ အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုးတို့ကို အကြောင်းအကျိုးခွဲခြား သိမြင်ပြီး ကြံရည်ဖန်ရည်ရှိသည့် လူချွန်လူကောင်းများဖြစ်ကြစေရန် ဖြစ်ပေသည်။ ကမ္ဘာတွင် ကြံရည်ဖန်ရည်ရှိကြသော ပညာရှင်များ ပေါ်ထွန်းခဲ့ကြောင်း ဗဟုသုတအဖြစ် တင်ပြလိုပါသည်။ အမေရိကန်မှ တီထွင်ပါရဂူ သောမတ်အဲလ်ဗား အက်ဒီဆင် (၁၈၇၄-၁၉၃၁)၊ ဂျာမန်သိပ္ပံပညာရှင်ကြီး အဲလ်ဘတ်အိုင်းစတိုင်း (၁၈၇၉- ၁၉၅၅)၊ ရေနွေးငွေ့စက်ကိုတီထွင်သူ ဗြိတိသျှကဗျာဆရာကြီး ရှယ်လီ(၁၇၉၂-၁၈၂၂)၊ အိုင်ယာလန်နိုင်ငံသား ပြဇာတ်ဆရာကြီး ကမ္ဘာကျော်ပုဂ္ဂိုလ် ဘားနတ်ရှော (၁၈၅၆-၁၉၅၀)၊ စပိန်ပန်းချီဆရာကြီး ပက်ဗလိုပီကာဆို (၁၈၈၁-၁၉၇၀)၊ ပြင်သစ်ပန်းချီဆရာကြီး ပေါလ်ဂေါကင်း(၁၈၄၇-၁၉၀၃)၊ အမေရိကန်စာရေးဆရာကြီး အဂ္ဂါးအယ်လင်ပိုး (၁၈၀၇-၁၈၄၉)စသည့် ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများသည် ကြံရည်ဖန်ရည်ကြီးမားကြသည့်အတွက် ကမ္ဘာ့သမိုင်းတွင် မှတ်တမ်းဝင်အကျော်အမော်များဖြစ်ကြသည်။

မြန်မာနိုင်ငံအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းအား ကြံရည်ဖန်ရည်ရှိသည့် ခေါင်းဆောင်အဖြစ် မြန်မာတွင်သာမက ကမ္ဘာကပါ အသိအမှတ်ပြုခြင်းခံရသကဲ့သို့ ကျောင်းဆရာဘဝမှ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဖြစ်ခဲ့သည့် ဦးသန့်သည် အသိပညာ အတတ်ပညာတို့အပြင် ကြံရည်ဖန်ရည်ရှိသော ခေါင်းဆောင်အဖြစ် ကမ္ဘာ့အလယ်တွင် သမိုင်းဝင်ပုဂ္ဂိုလ်များဖြစ်ခဲ့ကြသည်။ ဤကဲ့သို့ ကြံရည်ဖန်ရည်ရှိကြသည့် ပညာရှင်ကြီးများကို လူငယ်မောင်မယ်များ အားကျအတုယူသင့်သည်။ နိုင်ငံတော်၏အနာဂတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်မောင်မယ်များ ပညာရေး၊ စာပေရေး၊ အနုပညာရေး၊ သိပ္ပံပညာရေး နယ်ပယ်များတွင် ထူးချွန်ထက်မြက်အောင် ကြိုးစားလေ့လာဆည်းပူးကြရမည်ဖြစ်ပေသည်။

လူတို့တွင် အဖိုးတန်ဆုံးအရာသည် အသိပညာဖြစ်သည်။ အသိပညာကို အတွေ့အကြုံနှင့်စာပေမှရရှိနိုင်သဖြင့် လူတိုင်းစာဖတ်သင့်သည်။ စာပေမြင့်မှ လူမျိုးတင့်နိုင်သည်။ စာပေနှင့်လူမျိုးမှာ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ တစ်ခုနှင့်တစ်ခု အမှီသဟဲပြုနေကြခြင်းကြောင့် စာပေပျောက်လျှင် လူမျိုးပျောက်နိုင်သဖြင့် စာပေဖွံ့ဖြိုးတိုးတက်ရှင်သန်ရေးကို မြေတောင်မြှောက်ရေလောင်းပေးဖို့ လိုအပ်ပေသည်။

အချုပ်ဆိုရသော် အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှုအကောင်းဆုံးသည် ပညာရေးပင်ဖြစ်သည်။ နိုင်ငံအတွင်း နေထိုင်ကြသည့် လူကြီး၊ လူလတ်နှင့် လူငယ်အားလုံးတို့ ပညာရေးအခန်းကဏ္ဍမြင့်မားတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။ ။ **အောင်ဝင်း(ဖျာပုံ)**

လယ်ဝေးမြို့နယ်ရဲတပ်ဖွဲ့ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ

လယ်ဝေး ဩဂုတ် ၂၉

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ရဲတပ်ဖွဲ့မှ မြို့နယ်အတွင်းရှိ အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီက လယ်ဝေးမြို့မရဲစခန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(အပေါ်ပုံ)**

ရှင်းလင်းပြောကြား

အခမ်းအနားတွင် လယ်ဝေးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်သန်းက အမှာစကားပြောကြားပြီး လယ်ဝေးမြို့မရဲစခန်းမှူး ဒုရဲမှူးစိုးမင်းသိန်းက ရဲတပ်ဖွဲ့အနေဖြင့် ဆောင်ရွက်ထားရှိမှုများကို ပြည်သူလူထုသိသာရန် ရှင်းလင်းတင်ပြပြီး ဒုရဲအုပ်အောင်ဝင်းက မူခင်းကျဆင်းရေး ဆောင်ရန်၊ ရှောင်ရန်များကို ပြည်သူလူထုနားလည်သဘောပေါက်စေရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော မြို့ပေါ်ခြောက်ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ဂေါပကအဖွဲ့ဝင်များ၊ NGO များနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းစဉ်များ ဆွေးနွေးခဲ့ကြောင်းသိရသည်။

(၁၅၄)

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
စက်ရုံ(၂)ရုံနှင့် စက်ရုံခွဲ(၁)ရုံအား ပုဂ္ဂလိကသို့ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း

ငှားရမ်းခြင်းအတွက် တင်ဒါဖိတ်ခေါ်ခြင်း

စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ အောက်ဖော်ပြပါ စက်ရုံ(၂)နှင့် စက်ရုံခွဲ(၁)ရုံတို့အား အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း/ငှားရမ်းခြင်းအတွက် စိတ်ပါဝင်စားသူ ပုဂ္ဂလိကပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များမှ ၂၅-၉-၂၀၁၃ရက် ၁၆း၀၀ နာရီနောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

(၁) အမှတ်(၅) အထည်စက်ရုံခွဲ(မြင်းခြံ)
(၂) အမှတ်(၉) အထည်စက်ရုံ(ကျောက်ဆည်)
(၃) အမှတ်(၁၀) အထည်စက်ရုံ(တောင်သာ)

ဆက်သွယ်ရမည့်လိပ်စာ - **ညွှန်ကြားရေးမှူး၊ ပစ္စည်းစီမံရေးဌာန၊**
အပြည့်အစုံ **အထည်အလိပ်လုပ်ငန်း၊**
ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ စက်မှုဝန်ကြီးဌာန
ဖုန်း-၀၆၇-၄၀၈၃၃၈၊ ၀၆၇-၄၀၈၁၈၅

ဘိလပ်မြေ၊ သံချောင်း၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မွန်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ သထုံခရိုင်၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်နယ်/ပြည်ထောင်စု ရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်လျက်ရှိသော-

ဘိလပ်မြေ(ကြွတ်တံဆိပ်) - ၆၀ တန်
သံချောင်းရှယ်စုံ - ၁၀ တန်

ဝယ်ယူလိုပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာရယူနိုင်သည့်ရက်** - ၃၀-၈-၂၀၁၃ ရက် (သောကြာနေ့)
နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ သထုံခရိုင်-သထုံမြို့။
(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၈-၉-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
တင်ဒါလျှောက်လွှာ ဖွင့်မည့်ရက်/အချိန် - ၁၃-၉-၂၀၁၃ ရက် (သောကြာနေ့)
နေရာ - ခရိုင်အင်ဂျင်နီယာမှူး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ သထုံခရိုင်-သထုံမြို့။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၅၇-၄၀၀၄၆

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အစိုးရစက်မှုလက်မှုသိပ္ပံ(သရက်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ အစိုးရစက်မှုလက်မှုသိပ္ပံ (သရက်)အတွက် ဓာတ်ခွဲခန်းသုံးစားပွဲ (၈'×၄'×၃.၅') ၁၂ လုံးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၉-၈-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရစက်မှုလက်မှုသိပ္ပံ (သရက်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၃၀-၈-၂၀၁၃ ရက် (၁၆း၃၀)နာရီနောက်ဆုံးထား တင်ဒါများတင်သွင်းရမည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၉-၈၆၉၀၁၁၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အစိုးရစက်မှုလက်မှုသိပ္ပံ (သရက်)

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

(၈/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-069(2013-2014)	Plastic Valve Cups and Plastic Seating Cup	(8)Items	US$
(၂)	IFB-070(2013-2014)	Spares for National Drive Group (Bearing & Oil Seal)	(5)Items	US$
(၃)	IFB-071(2013-2014)	Spares for National Drive Group (Air Clutch)	(6)Items	US$
(၄)	IFB-072(2013-2014)	Spares for National Drive Group (Rotor Seal & Valve)	(5)Items	US$
(၅)	DMP/L-031(2013-2014)	Sucker Rod Coupling & Change Over Coupling	(4)Items	Kyat
(၆)	DMP/L-032(2013-2014)	Wire Cables for Solar Cell	(3)Items	Kyat
(၇)	Container (2/ 2013)	ရန်ကုန်ဆိပ်ကမ်းများမှ သာကေတရေနံအခြေစိုက်စခန်း(အသွား/အပြန်)ကွန်တိန်နာသယ်ယူပို့ဆောင်ခြင်းလုပ်ငန်း (၆-လ အတွက်သာ)		Kyat

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၅-၉-၂၀၁၃ ရက် ၁၃း၀၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်း/လုပ်ငန်းအမည်
(၁)	12(T) 9/MR (ML/ISN)	Spare Parts for 60 Ton,40 Ton Diesel Crane and MDCC သံလမ်းပြုပြင်ယာဉ် (347)Items
(၂)	15(T) 5/MR (E)	60 Lb (BS) Fish Plate (1500 -Pairs) နှင့် Fish Bolt & Nut(6000-Nos)
(၃)	15(T) 6/MR (E)	75 Lb Point & Crossing (50 -Sets)
(၄)	၂၃၅/မမ/ CME	Brake Block (၄)မျိုး (39250-Nos)
(၅)	၂၃၆/မမ/ CME	တွဲပြုပြင်မှုပစ္စည်းများ(448 -Items) (Aluminium Composite/ Moulding /Checkered Plate , Ball Bearing, Hard wood Scantling, Twist Drill, Bolt , Nut,Bush, Vee Belt, Pipe & Pipe Connections, Electric Hand Tools, Coach & Wagon Spare Parts)
(၆)	၂၃၇/မမ/ CME	သုတ်ဆေးရောင်စုံ (23000-Gals) နှင့်ဆက်စပ်ပစ္စည်းများ
(၇)	၂၃၈/မမ/ CME	မီးသတ်ဆေး(၆)မျိုး(1558 -Nos)
(၈)	၂၃၉/မမ/ စီးပွား	White Board ဆိုင်းဘုတ် (323-Nos)
(၉)	၂၄၀/မမ/ CE	သံချောင်းလုံးနှင့် 7 Strand Wire များ (402.645) Tons အားရန်ကုန်မှ ကျောက်တော် သို့သယ်ပို့ခြင်း
(၁၀)	၂၄၁/မမ/ CE	သရက်ဘိလပ်မြေစက်ရုံမှ ခင်ဦးမြစ်ငယ်နှင့် ရွှေညောင်ကွန်ကရစ်စလီပါ စက်ရုံများသို့ ဘိလပ်မြေသယ်ပို့ခြင်း
(၁၁)	၂၄၂/မမ/ CME	နေပြည်တော်ဘူတာရုံ အလှမ်းနှင့် အဆောက်အဦးများအတွက် လျှပ်စစ်ပစ္စည်းများ (80)Items
(၁၂)	၂၄၃/မမ/ CME	ရွှေညောင်ကွန်ကရစ်စလီပါ စက်ရုံ Internal Wiring အတွက် လျှပ်စစ်ပစ္စည်းများ(45)Items

တင်ဒါပိတ်မည့်နေ့/အချိန် - ၃၀-၉-၂၀၁၃ (တနင်္လာနေ့)(၁၂၀၀)နာရီမှ
၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၃၀-၈-၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ စုံစမ်းနိုင်ပါသည်။
ဒုတိယအထွေထွေမန်နေဂျာ၊ ဆောက်ပုံဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့် ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း -294352, 291985,291994.

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ခရီးသည်များတိုင်ကြားသော အမှုပေါင်း ၁၄၉ ခုကို လက်ခံဖြေရှင်းဆောင်ရွက်ပြီးဖြစ်

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုဗဟိုကော်မတီ စီမံမှုအောက်ရှိယာဉ်လိုင်းများအား ခရီးသည်များက တိုင်ကြားထားသော ဇန်နဝါရီလမှ ဩဂုတ်လ ၂၀ ရက်အထိ တိုင်ကြားမှုပေါင်း ၁၄၉ ခုကို လက်ခံဖြေရှင်းဆောင်ရွက်ပြီးဖြစ်ကြောင်း မထသ(ဗဟို)မှ စုံစမ်းသိရသည်။

အဆိုပါခရီးသည်များက တိုင်ကြားထားကြရာတွင် အချို့မှာ လူကိုယ်တိုင်သော် လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း၊ ဖုန်းနှင့်ဆက်သွယ်၍သော် လည်းကောင်း၊ မထသ၏ ဝက်ဘ်ဆိုက်များအတွင်းသော်လည်းကောင်း အမျိုးအစားစုံလင်စွာ တိုင်ကြားကြကြောင်း သိရပြီး လက်ရှိ ဇန်နဝါရီလမှ ဩဂုတ်လ ၂၀ ရက်အထိ ခရီးသည်များ တိုင်ကြားမှု အခြေပြဇယားအရ ယာဉ်စီးခပိုတောင်းခြင်း၊ မချေမငံ ဆက်ဆံ/ရိုင်းပျစွာ ဆက်ဆံခြင်း၊ သတ်မှတ် လမ်းကြောင်းများအတွင်း မမောင်းခြင်း၊ သတ်မှတ် မှတ်တိုင်အတွင်း မရပ်ခြင်း၊ အရှိန်ပြင်းမောင်း / ယှဉ်ပြိုင်မောင်းနှင်ခြင်း၊ ဟွန်းတီးမောင်းခြင်း၊ ဝိုင်းဝန်းထိုးကြိတ်ခြင်း၊ ကားအမိုးများမိုးယိုခြင်း၊ မဆင်မခြင်မောင်းနှင်ခြင်း စသည်ဖြင့် အမျိုးအစားစုံလင်စွာရှိနေကြောင်း၊ ဇန်နဝါရီလအတွင်း ၁၂ ခု၊ ဖေဖော်ဝါရီလအတွင်း ၁၅ ခု၊ မတ်လအတွင်း ၂၄ ခု၊ ဧပြီလအတွင်း ၁၃ ခု၊ မေလအတွင်း ၁၁ ခု၊ ဇွန်လအတွင်း ၁၈ ခု၊ ဇူလိုင်လအတွင်း ၃၁ ခု၊ ဩဂုတ်လအတွင်း ၂၅ ခုတို့ရှိနေပြီး စုစုပေါင်း တိုင်ကြားမှုပေါင်း ၁၄၉ ခုရှိနေပြီး အဆိုပါ တိုင်ကြားမှုများအားလုံးကို လက်ခံဖြေရှင်းဆောင်ရွက်ပြီးစီးကြောင်း မထသ(ဗဟို)မှ စုံစမ်းသိရသည်။

စိုးဝင်း(SP)

အပူပိုင်းဒေသ စိမ်းစိုဖို့ သစ်တောသစ်ပင် ထိန်းသိမ်းစို့

သီရိလင်္ကာနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်ပွား တောင်ငူ၌ကိန်းဝပ်

တောင်ငူ ဩဂုတ် ၂၉

တောင်ငူမြို့ မဟာမုနိကေလဇာတိဘုရားတွင် ကိန်းဝပ်ပူဇော်နိုင်ရန် သီရိလင်္ကာနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်ပွားကို ဩဂုတ် ၂၇ ရက် မွန်းလွဲ ၂ နာရီက ပင့်ဆောင်အပူဇော်ခံခဲ့သည်။

မပြောင်းလဲ

ဂေါတမဗုဒ္ဓ မြတ်စွာဘုရား၏ ကြွင်းကျန်ခဲ့သော စွယ်တော်လေးဆူ၊ ညှပ်ရိုးတော်နှစ်ဆူ၊ နဖူးသင်းကျစ်တော်တစ်ဆူ ယင်း ခုနစ်ဆူကုန်သော ဓာတ်တော်တို့သည် မူရင်းပုံစံမပြောင်းလဲဘဲ တည်ရှိခဲ့သည်။

၎င်းတို့အနက်မှ အောက်လက်ဝဲစွယ်တော်သည် သီရိလင်္ကာနိုင်ငံ၌ ပူဇော်ထားရှိပြီ ဗုဒ္ဓစွယ်တော်ပွား အလှူရှင် ဦးခင်မောင်တင်သည် ၂၀၀၇ ခုနှစ်က အလုပ်တာဝန်ဖြင့် သီရိလင်္ကာနိုင်ငံ မာလီဂါဝါဗုဒ္ဓစွယ်တော်တိုက်တွင် နှစ်လကြာ နေထိုင်ခဲ့၍ မြတ်ဗုဒ္ဓစွယ်တော်အစစ်နှင့်အတူ ရင်ငွေ့တော်လှုံခွင့်ရရှိခဲ့သော စွယ်တော်ပွားတစ်ဆူကို မာလီဂါဝါဗုဒ္ဓစွယ်တော်တိုက် ဘုန်းတော်ကြီးထံမှ လက်ခံရရှိခဲ့သည်။

မဟာမုနိ ကေလဇာတိဘုရား ဒါယကာ CB ဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေး ပြုလုပ်မည့် ကေတုမတီ(တောင်ငူ) မြို့တည်နန်းတည် ၅၀၃ နှစ်ပြည့်မြောက် အခမ်းအနားတွင် ကိန်းဝပ်မည့် ဗုဒ္ဓမြတ်စွယ်တော်ပွားကို မြန်မာ့သစ်လုပ်ငန်းမန်နေဂျာ ဦးခင်မောင်တင်က ဩဂုတ် ၂၇ ရက်က ပေးပို့လှူဒါန်းခြင်းဖြစ်သည်။

သူရ(တောင်ငူ)

လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေး

နမ့်ခမ်း ဩဂုတ် ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၀ ရက်က မန့်နားကျေးရွာ၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဟောပြောပွဲအခမ်းအနားသို့ နမ့်ခမ်းမြို့နယ် မန့်နားကျေးရွာ(စိန်သောမတ် လူမှုကယ်ဆယ်ရေးစခန်း)မှ တာဝန်ခံ ဦးဘရန်ဒီး အပါအဝင် ပြည်သူ ၇၅ ဦးခန့် တက်ရောက်ကြသည်။

ကြည်ညွန့်

အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းဖွင့်

မူဆယ် ဩဂုတ် ၂၉

ရှမ်းပြည်နယ် မူဆယ်မြို့ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၃၉)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၃၆)သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီက အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံဦးက တက်ရောက် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပွင့်ဖြူ၌ သီးနှံထုတ်လုပ်မှု ချေးငွေထုတ်ချေး

ပွင့်ဖြူ ဩဂုတ် ၂၉

ပွင့်ဖြူမြို့နယ်၌ ကျေးလက်တောင်သူများ လယ်ယာလုပ်ငန်းခွင် အဆင်ပြေစေရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ဇွန် ၁၇ ရက်က စတင်၍ ကျေးရွာအုပ်စု ၄၈ အုပ်စု၊ တောင်သူအစုအဖွဲ့ပေါင်း ၁၀၁၆ ဖွဲ့နှင့် လူဦးရေ ၉၃၉၁ ဦးတို့ကို နေ့စဉ်ထုတ်ချေးပေးခဲ့ရာ မိုးနှမ်းဧက ၁၀၂၅ ဧကကို တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ကျပ် ၂၀၅ သိန်းနှင့် မိုးစပါးစိုက်ဧက ၄၃၂၉၃ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၄၃၂၉၃ သိန်း တို့ကို ဩဂုတ် ၂၀ ရက်က ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်မန်နေဂျာ ဒေါ်သန်းသန်းအေးက ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ရှမ်းပြည်နယ်အစိုးရအဖွဲ့
တောင်ကြီးမြို့
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် အောက်ဖော်ပြပါတည်ဆောက်ရေး လုပ်ငန်းများအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	လုပ်ငန်းတည်နေရာ	လုပ်ငန်းအမည်
၁	(က) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (နမ့်ဆန်မြို့) (ခ) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (ပင်လောင်းမြို့) (ဂ) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (ပင်းတယမြို့)	၁။ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း (နမ့်ဆန်၊ ပင်လောင်း၊ ပင်းတယ) (က) အုပ်ချုပ်မှုရုံးဆောက်လုပ်ခြင်း (BN တစ်ထပ် ရေ/မီးအပါအဝင်) (ခ) စားရိပ်သာ (မီးဖိုတွဲလျက်) ဆောက်လုပ်ခြင်း (BN တစ်ထပ် ရေ/မီးအပါအဝင်) (ဂ) တစ်ထပ်အိပ်ဆောင်နှစ်လုံး ဆောက်လုပ်ခြင်း (BN တစ်ထပ် အတွင်း မီးအပါအဝင်) (ဃ) ရေချိုးခန်းနှင့် ခြောက်ခန်းတွဲ အိမ်သာနှစ်လုံး ဆောက်လုပ်ခြင်း (BN တစ်ထပ် ရေ/မီးအပါအဝင်) (င) ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း (BN တစ်ထပ် ရေ/မီးအပါအဝင်) (စ) ဂါလန် ၅၀၀၀ဆံ့ ရေလှောင်ကန်၊ ဂါလန် ၁၆၀၀ ဆံ့ သစ်သားရေစင်နှင့် ကျောင်းတွင်း ရေသွယ်တန်းခြင်းလုပ်ငန်း (ဆ) ကျောင်းတွင်းလုံခြုံရေး မီးသွယ်တန်းခြင်းလုပ်ငန်း (ဇ) (၄×၄)လက်မ ကွန်ကရစ်တိုင်ဖြင့် သွပ်ဆူးကြိုး ၁၂တန်း ကာရံခြင်းလုပ်ငန်း (ဈ) ကျောင်းတွင်း ကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်း
၂	ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (လောက်ကိုင်မြို့)	၂။ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (လောက်ကိုင်) (က) အုပ်ချုပ်မှုရုံး ဆောက်လုပ်ခြင်း (BN တစ်ထပ် ရေ/မီးအပါအဝင်) (ခ) နည်းပြဆောင် ဆောက်လုပ်ခြင်း (BN တစ်ထပ် ရေ/မီးအပါအဝင်) (ဂ) (၄×၄)လက်မ ကွန်ကရစ်တိုင်၊ Chain Link ဖြင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း (ဃ) ကျောင်းတွင်း ကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၂၉-၈-၂၀၁၃ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး ၂၂-၉-၂၀၁၃ရက် ၀၉း၀၀နာရီနောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်လိပ်စာမှာ ရှမ်းပြည်နယ်ဒေသ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး အေးသာယာမြို့ ဖြစ်ပါသည်။
၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၈၁-၂၀၈၅၂၃၊ ၀၉-၅၂၁၄၃၅၄၊ ၀၉-၄၂၈၃၂၀၀၁၃တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

လက်မှတ်ရအဆင့်မြင့်မြေတိုင်းသင်တန်းဖွင့်မည်

Concordia Int'l Co.,Ltd. မှ လက်မှတ်ရ အဆင့်မြင့်မြေတိုင်းသင်တန်း (၃၆/၂၀၁၃)ကို ၂၀၁၃ခုနှစ် စက်တင်ဘာ ၂ရက်မှ စက်တင်ဘာ ၂၅ရက်အထိ နေ့စဉ် မွန်းလွဲ ၁၃း၀၀နာရီမှ ညနေ ၅း၀၀နာရီအထိ နေပြည်တော်ရှိ Concordia ရုံးခွဲတွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ အဆိုပါသင်တန်းတွင် GPS အခြေခံသီအိုရီနှင့် လက်တွေ့တိုင်းတာခြင်းများ၊ Mapsource Software, Topcon Link Software, Civil CAD Software များဖြင့် Downloading နှင့် Processing ပြုလုပ်ခြင်းများ၊ Google Earth Software အသုံးပြုခြင်းနှင့် မြေပုံတိုင်းတာခြင်းများ၊ ခေတ်မီ Instrument များဖြစ်သော DGPS, Total Station များဖြင့် မြေတိုင်းတာခြင်းများကို ကျွမ်းကျင်ပညာရှင်နည်းပြများမှ စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး အစိုးရဝန်ထမ်းများအတွက်လည်း အထူးအစီအစဉ်အနေဖြင့် စီစဉ်ထားရှိကြောင်း အသေးစိတ်သိရှိလိုပါက Concordia Int'l Co., Ltd. အမှတ် ၁၄၄၊ သီရိရတနာအဆင့်မြင့်ဈေး၊ နေပြည်တော် ဖုန်း-၀၆၇-၄၂၁၃၆၂၊ ၄၂၀၈၁၉၊ ၀၉-၄၃၁၁၅၃၁၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အစိုးရနည်းပညာအထက်တန်းကျောင်း(ထားဝယ်)

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း(ထားဝယ်)အတွက် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	မှန်ဗီရို(၆'×၃'×၁'-၆")	၆ လုံး
၂။	သစ်သားကုလားထိုင်(လက်တန်းမပါ၊ ပုံမှန် size)	၁၇ လုံး
၃။	ပလတ်စတစ်ထိုင်ခုံ (လက်တန်းပါ)	၃၀ လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရနည်းပညာအထက်တန်းကျောင်း(ထားဝယ်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၂-၉-၂၀၁၃ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရမည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အစိုးရနည်းပညာအထက်တန်းကျောင်း (ထားဝယ်) ဖုန်း-၀၅၉-၂၁၂၇၅၊ ၀၅၉-၂၁၀၄၉၊ ၀၉-၄၅၀၉၉၀၇၅၉တို့တွင် စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
အစိုးရနည်းပညာအထက်တန်းကျောင်း(ထားဝယ်)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၄ဃ/၅၉၃၅ Toyota mark II SL 4×2 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းဝင်းဆွေ ၁၂/အစန(နိုင်)၀၁၄၄၆၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့

အမည်ပြောင်း

ပဲခူးမြို့၊ ဇိုင်းဂနိုင်းတောင်ပိုင်းနေ ဦးမောင်မောင်ခိုင်၏သားများဖြစ်ကြသော မောင်ထွဋ်အောင်ရှိုင်း ၇/ပခန(နိုင်)၃၁၄၃၉၃ အား စည်သူလွင်(ခ)ဇော်ဝင်းနှင့် မောင်ထက်အောင်ရှိုင်း ၇/ပခန(နိုင်)၃၁၄၃၇၃ အား မောင်စည်သူလင်း(ခ)ဘဏ်ဝင်းဟု ပြောင်းလဲခေါ်ပါရန်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ဗဟိုဆေးသိုလှောင်ရေးဌာနသည် တစ်နိုင်ငံလုံးရှိ ဆေးရုံများသို့ ဆေးပစ္စည်းများပို့ဆောင်ရန် မော်တော်ယာဉ်ငှားရမ်းလိုပါသဖြင့် (က)စင်းလုံးငှားစနစ်၊ (ခ)လုံးကောက်စနစ်ဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များကို ဒုတိယညွှန်ကြားရေးမှူး(ဆေးပစ္စည်း)၊ ဗဟိုဆေးသိုလှောင်ရေးဌာနရုံးခန်း၊ အမှတ် ၅၇၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက် - ၂၈-၈-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၇-၉-၂၀၁၃ရက် မွန်းလွဲ ၂း၀၀နာရီ
ဆက်သွယ်ရန်ဖုန်း-၃၇၁၂၈၄၊ ၃၇၂၃၆၂

ဗဟိုဆေးသိုလှောင်ရေးဌာန
ကျန်းမာရေးဦးစီးဌာန

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
မန္တလေးကွန်ပျူတာတက္ကသိုလ်
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနလက်အောက်ရှိ မန္တလေးကွန်ပျူတာတက္ကသိုလ်အတွက် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	အစည်းအဝေးစားပွဲ(ဘဲဥပုံ၊ လူဦးရေ ၄၀ဦးစာ)	၁ စုံ
၂။	လက်တန်းပါ၊ နောက်မှီဆိုဖာကုလားထိုင်(ကျွန်း)	၄၀ လုံး
၃။	လက်တန်းပါကုလားထိုင်(ကျွန်း)	၃၀ လုံး
၄။	စတီးစာအုပ်စင် (အမြင့် ၆ပေ၊ အရှည် ၇ပေ၊ အကျယ် ၂ပေ)	၄ လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၉-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း မန္တလေးကွန်ပျူတာတက္ကသိုလ်တွင် လာရောက်ဝယ်ယူနိုင်ပြီး ၆-၉-၂၀၁၃ရက် ၁၅း၃၀နာရီနောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရမည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို မန္တလေးကွန်ပျူတာတက္ကသိုလ် ဖုန်း-၀၉-၆၅၀၂၁၁၅တို့တွင် စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မန္တလေးကွန်ပျူတာတက္ကသိုလ်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၆၅၁၂၄၊ ANGBO, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင် ၅/ဆလက(နိုင်)၀၈၄၄၆၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာမြို့)

သတင်းဆောင်းပါးနှင့်နယ်သတင်း

ဆီးဂိမ်း၌အောင်မြင်ရေး မြန်မာစစ်တုရင်ကစားသမားများလေ့ကျင့်နေ

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၉

အတွေးအခေါ်အားကောင်းမှု၊ ဉာဏ်ရည်မြင့်မားမှုဖြတ်ထိုးဉာဏ်နှင့် အကွက်မြင်တတ်မှု၊ စိတ်တည်ငြိမ်မှုများဖြင့် ပေါင်းစပ်ကာ အတွေ့အကြုံများ၊ နည်းစနစ်များဖြင့် အနိုင်ယူကစားရသည့် စစ်တုရင်အားကစားပြိုင်ပွဲဝင်များကား (၂၇) ကြိမ်မြောက် ဆီးဂိမ်းအတွက် ကြိုတင်ပြင်ဆင် လေ့ကျင့်မှုများ ပြုလုပ်နေကြပြီ ဖြစ်သည်။

မကြာမီ ကျင်းပတော့မည့် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာစစ်တုရင်အားကစားသမားပေါင်း ၁၉ ဦးကို ရွေးချယ်ထားပြီး လေ့ကျင့်မှုများ၊ အကြိုပြိုင်ပွဲဝင်မှုများ၊ စခန်းသွင်းလေ့ကျင့်မှုများနှင့် ပြည်ပအတွေ့အကြုံများရရှိရန်စေလွှတ်ကာ ပြင်ဆင်မှုများ ပြုလုပ်နေကြောင်း မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်မှ ရုံးအဖွဲ့မှူးတစ်ဦးဖြစ်သူ ဦးမျိုးဇော်မင်းက ပြောကြားသည်။

"ဆီးဂိမ်းပြိုင်ပွဲအတွက် ကစားသမား ၁၉ ဦးကို ရွေးချယ်ထားပြီး ၂၀၁၂ ခုနှစ်ကတည်းကရွေးချယ်ပြီး လေ့ကျင့်စေခဲ့တာပါ။ အဲဒီ အားကစားသမားတွေထဲမှာ အမျိုးသား ၁၃ ဦးနဲ့ အမျိုးသမီးခြောက်ဦးတို့ ပါဝင်ပြီး ပြည်တွင်း နည်းပြနှစ်ဦးနဲ့ လေ့ကျင့်နေခဲ့တာ ဖြစ်ပါတယ်" ဟုလည်း ၎င်းကပြောပြသည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ရွေးချယ်ထားသည့် စစ်တုရင်အားကစားသမား မောင်မယ်များကို ၂၀၁၂ ခုနှစ် မြန်မာနိုင်ငံ အိုးပင်းစစ်တုရင်ပြိုင်ပွဲမှ အောင်မြင်မှုရရှိခဲ့သော အားကစားသမားများကို အခြေခံပြီး ရွေးချယ်ထားခြင်း ဖြစ်ကြောင်း သိရသည်။

ဆီးဂိမ်းအတွက်ရွေးချယ်လေ့ကျင့်နေသော စစ်တုရင်အားကစားသမားများမှာ ဝင်းဇော်ထွန်း၊ ဇော်ဝင်း၊ ဝင်းထွန်း၊ နေဦးကျော်ထွန်း၊ အောင်မျိုးလှိုင်၊ ကျော်လင်းနိုင်၊ ဇော်ဦး၊ မြင့်ဟန်၊ မောင်မောင်လတ်၊ မျိုးနိုင်၊ ငြိမ်းချမ်း၊ အုံးကျော်နှင့်အောင်နိုင်တို့ဖြစ်ကြသည်။ အမျိုးသမီး စစ်တုရင်အားကစားမယ်များမှာ မေစုလွင်၊ မေဆက်လွင်၊ မေနုသွယ်၊ စုစုလှိုင်၊ ဥမ္မာစိုးနှင့် စိုးမိုးခိုင်တို့ဖြစ်ကြသည်။ ယင်းအားကစားသမားမောင်မယ်များမှာ ၂၀၁၂ ခုနှစ် အမျိုးသမီးတံခွန်စိုက်ပြိုင်ပွဲနှင့်၂၀၁၂ ခုနှစ် မြန်မာ့ရိုးရာတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲတို့မှ အောင်မြင်မှုရရှိခဲ့သူများ ဖြစ်သည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အပြည်ပြည်ဆိုင်ရာ စစ်တုရင်အားကစားနည်း ခုနစ်မျိုး၊ အာဆီယံ စစ်တုရင် အားကစားနည်း ငါးမျိုးနှင့် ရိုးရာစစ်တုရင်အားကစားနည်း ခြောက်မျိုးတို့ကို ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

"ကျွန်တော်တို့ စစ်တုရင် အားကစားမောင်မယ်တွေအနေနဲ့အပြည်ပြည်ဆိုင်ရာ စစ်တုရင်ပြိုင်ပွဲမှာ အဓိကယှဉ်ပြိုင်ရမှာက ဗီယက်နမ်၊ အင်ဒိုနီးရှားနဲ့ ဖိလစ်ပိုင်နိုင်ငံမှ စစ်တုရင်ကစားသမားတွေဖြစ်ပါတယ်။ အာဆီယံစစ်တုရင် အားကစားပြိုင်ပွဲမှာတော့ အဓိကပြိုင်ဘက်တွေအဖြစ် ထိုင်း၊ မြန်မာ၊ ကမ္ဘောဒီးယားနိုင်ငံတွေဖြစ်ပြီး ရိုးရာစစ်တုရင်ပြိုင်ပွဲမှာတော့ ထိုင်းစစ်တုရင်သမားတွေက အဓိကပြိုင်ဘက်တွေဖြစ်မယ်လို့ ခန့်မှန်းထားပါတယ်"ဟု ဦးမျိုးဇော်မင်းက ပြောကြားသည်။

မြန်မာနိုင်ငံမှ ဆီးဂိမ်းအတွက် ရွေးချယ်ထားသော စစ်တုရင် ကစားသမားများအနက် မျိုးနိုင်သည် ပူးတွဲလေ့ကျင့်မှုများပြုလုပ်ရန် လာအိုနိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။ ယင်းပူးတွဲ လေ့ကျင့်မှုမှာ လာမည့် စက်တင်ဘာ ၄ ရက်မှ ၃၀ ရက်အထိဖြစ်သည်။ ဆီးဂိမ်းအတွက်ရွေးချယ်ထားသော မြန်မာစစ်ဘုရင် ကစားသမားများကို ပြည်တွင်း နည်းပြနှစ်ဦးဖြစ်သည့် ဦးမျိုးဇော်မင်းနှင့် ဦးကျော်ကျော်စိုးတို့က တာဝန်ယူ လေ့ကျင့်ပေးလျက်ရှိသည်။

ဆီးဂိမ်းအတွက် ရွေးချယ်ထားသောမြန်မာစစ်တုရင် အားကစားသမားများသည် ဩဂုတ် ၂၇ ရက်မှ စတင်ကျင်းပလျက်ရှိသော ၂၀၁၃ ခုနှစ် မြန်မာအိုးပင်းစစ်တုရင်ပြိုင်ပွဲ၌ ပါဝင်ဆင်နွှဲလျက်ရှိသည်။ယခုကျင်းပလျက်ရှိသည့် မြန်မာအိုးပင်းစစ်တုရင်ပြိုင်ပွဲသို့ တစ်နိုင်ငံလုံးမှ ပြိုင်ပွဲဝင် ၁၁၃ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး အမျိုးသမီးပြိုင်ပွဲဝင်ခြောက်ဦးပါဝင်လျက်ရှိသည်။

ယခုပြိုင်ပွဲသည် ဆီးဂိမ်း ပြိုင်ပွဲဝင်များအတွက် အတွေ့အကြုံရရှိစေသော အောင်မြင်မှုရရှိရန် စွမ်းဆောင်စိတ်မြင့်မားမှု ရှိစေမည်ဖြစ်သော ပြိုင်ပွဲအဖြစ် ဝင်ရောက်ယှဉ်ပြိုင်လျက် ရှိနေကြပြီ ဖြစ်သည်။ ။

အရန်သားဖွားသင်တန်းဖွင့်

မြို့သစ် ဩဂုတ် ၂၉

မြို့သစ်မြို့နယ်တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်ပံ့ပိုးမှုဖြင့်ဆောင်ရွက်ပေးသည့် အရန်သားဖွားသင်တန်း ၂/၂၀၁၃ ဖွင့်ပွဲအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းက သင်တန်းကာလအတွင်း ကြိုးကြိုးစားစားနှင့် စိတ်ဝင်စားစွာ သင်ယူသွားကြရန်နှင့် မြို့နယ်လက်ထောက်ဆရာဝန် ဒေါက်တာခင်ဇာခြည်နွေးက အရန်သားဖွားခြင်းနှင့် ပတ်သက်သော အကြောင်းအရာ အချက်အလက်များကို ရှင်းလင်းဆွေးနွေးပေးပြီး သင်တန်းသူ ၂၄ ဦးကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(မြို့နယ် ပြန်/ဆက်)

ငြင်းချက်ထုတ်ရန်သမ္မာန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀)

ပုသိမ်ခရိုင်တရားရုံးတော်၌

၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၀

၁။ ဒေါ်ခင်စန်းဝင်း	နှင့်	၁။ ဦးကျော်ကျော်
၂။ မသွယ်သွယ်ဦး		၂။ ဒေါက်တာချမ်းအေး
၃။ မောင်ဝင်းခိုင်ထူး		၃။ ဒေါ်ခင်နွဲ့အေး
၄။ ဦးတင်ဝင်း		၄။ ဒေါ်ဝေဝေအုန်း
၅။ ဦးကြည်ဝင်း		၅။ ဒေါ်ခင်ဆွေအေး
၆။ ဦးအောင်သန်း		
၇။ ဦးညွှန့်ဝင်း		
၈။ ဒေါ်လှလှမြေ		
တရားလိုများ		**တရားပြိုင်များ**

ပုသိမ်မြို့၊ အမှတ် ၁၁၊ ပန်းတည်းတန်းလမ်းနေ (၁) ဦးကျော်ကျော်၊ (၂) ဒေါက်တာချမ်းအေး၊ (၃) ဒေါ်ခင်နွဲ့အေး၊ (၄) ဦးဇော်ဝင်း(ကွယ်လွန်)၏ဇနီး ဒေါ်ဝေဝေအုန်း (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်ခင်စန်းဝင်းပါ ၈ ဦးက ပုသိမ်မြို့ အမှတ်(၂)ရပ်ကွက် နိဗ္ဗာနလမ်းရှိ ဦးပိုင်အမှတ် ၁၉၊ ၂၀၊ ၂၁ မြေကွက်များအား ဒေါ်အေးကြည်၏သားသမီးများကသာ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ(သို့တည်းမဟုတ်)၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေပါ၍ဖြစ်စေ ၂၀၁၃ခုနှစ် စက်တင်ဘာ ၁၁ရက် (၁၃၇၅ ခုနှစ် တော်သလင်းလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည် (သို့တည်းမဟုတ်)သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဩဂုတ် ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်မောင်အေး)
ခရိုင်တရားသူကြီး
ပုသိမ်ခရိုင်တရားရုံး

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃-သုဝဏ္ဏ)၊ မြေကွက်အမှတ်(၆၁/က)၊ မြေအကျယ်အဝန်းပေ(၂၀×၆၀)၊ မြေဧရိယာ ၀ဒသမ ၀၂၇၅ဧက၊ စတုရန်းပေ ၁၂၀၀ ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချခွင့်ရှိသူထံမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား၊ စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မော်မော်ခင်	**ဒေါ်ဖြူစင်သန့်**	**ဦးခင်မောင်ထူး**
LL.B, D.I.L	**LL.B**	**LL.B**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**
(စဉ်-၇၃၃၆)	**(စဉ်-၄၀၁၄၄)**	**(စဉ်-၃၉၆၉၅)**

အမှတ် ၅၀၊ ဘဏ်လမ်း၊ ပထမထပ်၊ အခန်း-အီး(၉)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၂၉၉၅၈၊ ၀၉-၅၀၇၃၇၀၄၊ ၀၉-၄၂၁၀၉၁၀၃၀

[illegible] သူ့ရ (၅၆) တွေ့ဆုံပွဲဖိတ်ကြားခြင်း

[illegible] သူ့ရ (၅၆) [illegible] (၃)နှစ်ပြည့် တွေ့ဆုံပွဲကို အောက်ပါအတိုင်းကျင်းပမည်ဖြစ်ပါသဖြင့် [illegible]

နေ့ရက် ။ ၁. ၉. ၂၀၁၃ (တနင်္ဂနွေနေ့)

အချိန် ။ ၁၉:၀၀ နာရီ

နေရာ ။ Sport Bar [illegible]

[illegible]

ရောင်းရန်ရှိသည်

၁။ ပဲခူး-ဘုရားကြီး-မော်လမြိုင် လမ်းမပေါ် ပေ(၅၀×၂၅၀)

၂။ ပဲခူး-မဂ္ဂတစ်တိုက်ခန်း၊ လမ်းမတန်း၊ မြေညီထပ်။

ဖုန်း-၀၉-၅၀၅၃၅၁၁၊ ၀၉-၅၀၅၉၉၈၉

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းလယ်ရပ်ကွက်၊ မြောင်းမြလမ်း၊ တိုက်အမှတ် ၂၇ ဟုခေါ်တွင်သော မြေပေါ်ရှိ နှစ်ခန်းတွဲ ခြောက်ထပ်တိုက်၏ မြေညီထပ်(ခေါင်းရင်းခြမ်း)၊ အကျယ်(၁၂½'×၅၀')ရှိ တိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း မြေရှင်ဖြစ်သူ ဦးရဲမြင့် ၁၂/စခန(နိုင်)၀၁၂၄၀၃က ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းဦး	**ဦးသန့်ဇော်**
အထက်တန်းရှေ့နေ(စဉ်-၃၂၃၃၅)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**

အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အများသိစေရန် သတိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ညိမ်း (ဘ)ဦးဟန်စော ၁၂/တမန(နိုင်)၀၂၃၃၇၀၊ အမှတ်(၁၄)၊ မြို့သစ် ၃လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေသူ၏ ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ-

ဒေါ်ခင်ညိမ်းသည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ ကွင်း/အကွက်အမှတ် ၆၇၂၊ ကျောင်းကုန်းအနောက်၊ ဦးပိုင်အမှတ် N-၃ နှင့် N-၄ ရှိ စုစုပေါင်းဧရိယာ ၀ဒသမ ၂၀ဧကရှိ ခြံမြေအား ၉-၆-၁၉၉၈ခုနှစ်ကတည်းက အမည်ပေါက်ဒေါ်ဥမ္မာလွင်မှ တစ်ဆင့် ဒေါ်မြနုထံမှ ဆက်စပ်စာချုပ်များအရ ဝယ်ယူလက်ရှိပိုင်ဆိုင်ခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါ အထက်ပါခြံမြေတို့ကို ဒေါ်ခင်ညိမ်းအား အသိပေး အကြောင်းကြားခြင်းမရှိဘဲ တစ်ပါးသူများမှတစ်ဆင့် ရောင်းဝယ်ခြင်းများပြုလုပ်ပြီး ကျောက်တိုင်စိုက်ထားခြင်းများ တွေ့ရှိရပါသည်။ သို့ပါ၍ အထက်ပါ ကျွန်ုပ်မိတ်ဆွေပိုင်ဆိုင်သော ခြံမြေတွင် ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရရှိဘဲ ကျူးကျော်ကျောက်တိုင်စိုက်ထားခြင်းအား ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဖယ်ရှားပေးရန် လိုက်နာဆောင်ရွက်မှုမရှိပါက တည်ဆဲတရားဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

လွှဲအပ်သူ	**ဦးထွန်းထွန်းစိုး LL.B**
ဒေါ်ခင်ညိမ်း	**အထက်တန်းရှေ့နေ (စဉ်-၂၃၂၈၅)**
	(၁၃/၉)၊ ဗိုလ်ချုပ်ရွာ၊ သန်လျင်မြို့၊ ဖုန်း-၀၉-၇၃၂၂၁၈၈၄

ယာဉ်မောင်းများခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တွင် ပလက်ဖောင်းထရပ်ယာဉ်များ မောင်းနှင်ရန် လစာနှုန်းကျပ်(၆၁၀၀၀၀-၁၀၀၀၀-၆၆၀၀၀၀) ယာဉ်မောင်းအဆင့်(၂)ရာထူး (၆)နေရာခန့်ထားရန် အောက်ပါအရည်အချင်းနှင့် ကိုက်ညီသူ အမျိုးသားများ လျှောက်ထားနိုင်သည်။

၁။ မြန်မာနိုင်ငံသားဖြစ်ရမည်။

၂။ အသက်(၂၀)မှ (၃၅)နှစ်အတွင်း ဖြစ်ရမည်။

၃။ ပညာအရည်အချင်း ၈ တန်းအောင်မြင်ပြီး ဖြစ်ရမည်။

၄။ ယာဉ်မောင်းကျွမ်းကျင်ပါက ပညာအရည်အချင်းအား လျှော့ပေါ့စဉ်းစားပေးမည်။

၅။ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ ပါရမည်။

၆။ ကျန်းမာကြံ့ခိုင်ရမည်။ မျက်စိမှုန်သူ၊ မျက်မှန်တပ်သူ မဖြစ်စေရ။

၇။ ယာဉ်မောင်းလိုင်စင်ရရှိပြီး အတွေ့အကြုံ(၃)နှစ်အနည်းဆုံး ရှိရမည်။

၈။ ပြစ်မှုကင်းရှင်းကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့၏ ထောက်ခံချက်ပါရှိရမည်။

၉။ အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်းအတွက် သက်ဆိုင်ရာရပ်ကွက် အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်း ပါရှိရမည်။

၁၀။ လျှောက်လွှာထုတ်ယူရမည့်နေရာမှာ မော်တော်ယာဉ်ဌာန၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ ၁၉၇/၁၉၉၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

၁၁။ လျှောက်လွှာပိတ်ရက် ၁၅-၉-၂၀၁၃ ရက်၊ ၁၆:၀၀ နာရီ
စုံစမ်းရန် ဖုန်း-၀၁-၂၁၅၆၄၉၊ ၀၁-၂၁၄၆၄၂

မှတ်ချက်။ လစာအပြင် အပိုထောက်ပံ့ကြေးငွေ ၃၀၀၀၀ိ-ပါ ခံစားရမည်ဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ကြောင်း

ဦးကျင်မောင်၏သမီး မသန်းယု(ခ) မသန်းသန်းယု ၁၂/ဥကတ (နိုင်) ၀၂၃၂၁၁ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ကြောင်း

ဦးမောင်စွမ်း (ခ) ဦးအက်စ်ဗဟာဒူးကန်ချာ၏သမီး မအမီနာဒေဝီ(ခ)မမီနာဒေဝီ ၁၂/တမန(နိုင်)၀၆၇၇၃၃သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

သွားနုတ္တသမီးအဖြစ်အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ ဘုရားကြီးရပ်ကွက်၊ ကန်ပတ်လမ်း၊ အိမ်အမှတ်-၂၇၃ နေ ကျွန်တော် ဦးသန်းရွှေနှင့် ကျွန်မ ဒေါ်ချို၏သမီး မဆန်းဆန်းဦး ၁၄/ဟသတ(နိုင်)၀၄၉၃၅၂ သည် မိဘဆိုဆုံးမမှုကိုမနာခံဘဲ နေအိမ်မှဆင်းသွားပြီး၊ မိဘများဂုဏ်သိက္ခာကျဆင်းစေရန်၊ ပြောဆိုပြုမူမှုများပြုလုပ်ခြင်းဖြင့် ရန်သူသဖွယ်ပြုကျင့်ပါသောကြောင့် သွားနုတ္တသမီးအဖြစ်သတ်မှတ်၍ အမွေစား၊ အမွေခံသမီးအဖြစ်မှ အပြီးအပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝမှာ ကျွန်ုပ်တို့နှင့် သက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသန်းရွှေ-ဒေါ်ချို

မှုခင်းသတင်းနှင့်ကြော်ငြာ

သထုံမြို့နယ်တွင် လိုင်စင်မဲ့ မော်တော်ယာဉ်များ ဖမ်းဆီး

မော်လမြိုင် ဩဂုတ် ၂၉

မွန်ပြည်နယ် သထုံခရိုင် ရဲတပ်ဖွဲ့နှင့် သိမ်ဆိပ်ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သထုံမြို့နယ် သိမ်ဆိပ်ကျေးရွာ မော်လမြိုင်-ရန်ကုန် ကားလမ်းသိမ်ဆိပ်ရဲစခန်းရှေ့တွင် ဩဂုတ် ၂၁ ရက် နံနက် ၁၀ နာရီခွဲက မော်တော်ယာဉ်များကို ရပ်တန့်စစ်ဆေးစဉ် မော်လမြိုင်ဘက်မှ ရန်ကုန်ဘက်သို့ တင်မောင်ဦး (၄၂နှစ်) မောင်းနှင်လာသော တိုယိုတာတောင်းအေ့အမျိုးအစား အဖြူရောင်ယာဉ် အမှတ် ၈ည/ ---- တပ်ဆင်ထားသော မော်တော်ယာဉ်ကို စစ်ဆေးခဲ့ရာ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာပြသနိုင်ခြင်းမရှိ၍ ဖမ်းဆီးခဲ့သည်။

အလားတူ နံနက် ၇ နာရီခွဲတွင် သထုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သထုံမြို့နယ် ပေါ်တော်မူကျေးရွာ မော်လမြိုင်-ရန်ကုန်ကားလမ်းတွင် မော်တော်ယာဉ်များ ရပ်တန့်စစ်ဆေးနေစဉ် မော်လမြိုင်ဘက်မှ ရန်ကုန်မြို့ဘက်သို့ ဝင်းမင်းဇော်(၃၂နှစ်) မောင်းနှင်လာသည့် တိုယိုတာ လိုက်ထရပ်အမျိုးအစား အဖြူရောင်မော်တော်ယာဉ်အမှတ် ၈ဏ/ ---- တပ်ဆင်ထားသောမော်တော်ယာဉ်နှင့်ယာဉ်မောင်းဇော်မျိုးမင်း (၃၉နှစ်) မောင်းနှင်လာသော တိုယိုတာလိုက်ထရပ်အမျိုးအစား အဖြူရောင်မော်တော်ယာဉ် အမှတ် ၈ည/---- တပ်ဆင်ထားသော မော်တော်ယာဉ်နှစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာပြသနိုင်ခြင်းမရှိ၍ ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ (လ/၀၁၂)

ဆင်ခြေထောက်ရောဂါ ကင်းဝေးရေး လူကုန်ဆေးကျွေးခြင်း လုပ်ငန်းစတင်မည်

မော်လမြိုင် ဩဂုတ် ၂၉

မော်လမြိုင်မြို့နယ် ထောင်စုနှစ် ရည်မှန်းချက်များပြည့်မီရေးနှင့် ဆင်ခြေထောက်ရောဂါကင်းဝေးရေးလူကုန်ဆေးကျွေးခြင်းလုပ်ငန်း ပြည်နယ်အဆင့် အသိပေးတင်ပြခြင်း အခမ်းအနားကို ဩဂုတ် ၂၈ ရက်က အထွေထွေရောဂါကုဆေးရုံကြီး၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က အမှာစကားပြောကြားပြီး ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းအောင်က ၂၀၁၃ခုနှစ် မွန်ပြည်နယ် ထောင်စုနှစ် ရည်မှန်းချက်များ ပြည့်မီရေးလုပ်ငန်းစဉ်များ တင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြည်နယ်ငှက်ဖျားဆရာဝန်ကြီး ဒေါက်တာဉာဏ်ဆင့်က ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူကုန်ဆေးကျွေးခြင်း ဆောင်ရွက်မည့်လုပ်ငန်းများရှင်းလင်းတင်ပြပြီး တက်ရောက်သူများက ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်ဒေသခံများ တက်ရောက်ခဲ့ကြပြီး ဆင်ခြေထောက်ရောဂါကင်းဝေးရေးလူကုန်ဆေးကျွေးခြင်းလုပ်ငန်းကို စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ ဆေးတိုက်အဖွဲ့များက အိမ်တိုင်ရာရောက် ဆေးတိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။ (ပြည်နယ် ပြန်/ဆက်)

လားရှိုးမြို့တွင် ယာဉ်မတော်တဆမှုဖြစ်ပွား

လားရှိုး ဩဂုတ် ၂၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် ဩဂုတ် ၂၇ ရက် ညနေ ၅ နာရီ ၄၅ မိနစ်က ဘူတာလမ်း၊ ရုံကြီးလမ်းနှင့်ဗျူဟာလမ်း လမ်းဆုံတွင် ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့သည်။

လိုင်စင်လျှောက်ထားဆဲ ယာဉ်သည် နှစ်လမ်းသွားလမ်းလယ် အုတ်ခုံကို အရှိန်ပြင်းစွာတိုက်မိခဲ့ခြင်းဖြစ်သည်။ ယာဉ်မောင်းသူ(စုံစမ်းဆဲ)ကို ဆေးရုံသို့ ပို့ဆောင်ထားပြီး သတိမရသေးကြောင်းသိရသည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာယာဉ်ထိန်းရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်း သိရသည်။

ဟန်ဋ္ဌေးအောင်

တရားမဝင်လိုင်စင်မဲ့ မော်တော်ယာဉ်စစ်ဆေးဖမ်းဆီးရမိ

တမူး ဩဂုတ် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်ရဲတပ်ဖွဲ့ရုံးမှ ရဲအုပ်ခင်မောင်အေးပါဝင်သော တမူးမြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့သည် ဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီက တမူးမြို့အဝင် သုံးမိုင်နယ်မြေလုံခြုံရေး ရဲကင်းရှေ့ တမူး-ကလေးကားလမ်းပေါ်တွင် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုရှိမရှိ စည်းကမ်းဖောက်ဖျက်သည့်ယာဉ်များကို အရေးယူခြင်းများ ဆောင်ရွက်နေစဉ် တမူးမြို့ စော်ဘွား(၁၁)ရပ်ကွက်နေ အောင်လင်း မောင်းနှင်လာသော ယာဉ်အမှတ် ၆င/--- CRV ယာဉ်အမျိုးအစား အပြာရောင်မော်တော်ယာဉ်ကိုရပ်တန့်စစ်ဆေးခဲ့ရာယာဉ်နှင့်ပတ်သက်သော အထောက်အထား စာရွက်စာတမ်းများပြသနိုင်ခြင်းမရှိ၍မော်တော်ယာဉ်ကို သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ပြီး တရားမဝင်လိုင်စင်မဲ့မော်တော်ယာဉ် လက်ဝယ်ထားရှိသူအောင်လင်း(၂၅နှစ်)စော်ဘွား(၁၁)ရပ်ကွက် တမူးမြို့နေထိုင်သူအား ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ ဖြင့် တမူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဝင်းနိုင်(တမူး)

တန့်ယန်း၌ မီးလောင်မှုဖြစ်ပွား

လားရှိုး ဩဂုတ် ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့တွင် ဩဂုတ် ၂၅ ရက် ည ၇ နာရီက အမှတ်(၆)ရပ်ကွက်အတွင်းရှိ မအေးရှန်၏နေအိမ် ဆိုင်ခန်းအတွင်း ၁၂ ဗို့ဘက်ထရီအိုး ဝိုင်ယာရှော့ခ်ဖြစ်ရာက မီးစတင်လောင်ကျွမ်းခဲ့သည်။

အဆိုပါ ဖြစ်စဉ်ကြောင့် မအေးရှန်၏ ဆိုင်ခန်းအပါအဝင် ကပ်လျက်ဆိုင်ခန်းနှစ်ခန်း ကူးစက်လောင်ကျွမ်းခဲ့ရာ စုစုပေါင်းကာလတန်ဖိုး ငွေကျပ် ၁၀ သိန်းဆုံးရှုံးခဲ့ပြီး လူအသေအပျောက်နှင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မြို့နယ်ရဲတပ်ဖွဲ့များ၊ မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးအောင်စိုးမိုးနှင့်သန္ဓေဝန်ထမ်းခြောက်ဦး၊ အရန်မီးသတ်တပ်ဖွဲ့မှ အင်အား ၂၅ ဦး၊ မီးသတ်စက်ယာဉ် ရေစုပ်စက်နှစ်စီးနှင့် ရပ်ကွက်ပြည်သူများဝိုင်းဝန်းငြိမ်းသတ်ခဲ့သည်။

မီးပေါ့ဆစွာအသုံးပြုသူ မအေးရှန် (၃၈နှစ်)ကို တန့်ယန်းရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (၄၀၃)

ပေါင်းလောင်းအသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးကျင်တီသို့ ကျေးဇူးတင်လွှာ

ချမ်းသာရေရရှိရေးဖောင်ဒေးရှင်းကို တည်ထောင်၍ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ညောင်ခါးရှည်ကျေးရွာ၊ အဗျားငှက်ချေးဝင်းကျေးရွာ၊ အဘားကျေးရွာနှင့် ကရင်စုကျေးရွာတို့အတွက် စက်ရေတွင်း(၄)တွင်း တူးဖော်ပေးခဲ့ခြင်း၊ ဝင်းကဒတ်ကျေးရွာ၊ ညောင်ကိုင်းကျေးရွာ၊ လက်ပံသုံးပင်ကျေးရွာ၊ ထိန်တပင်ကျေးရွာ၊ ကျုံသင်ကျေးရွာ (၅)ရွာအတွက် သောက်ရေလှောင်ကန်များ တူးဖော်လှူဒါန်းခဲ့ခြင်းအတွက် သောက်သုံးရေရှားပါးမှုအခက်အခဲနှင့် ရင်ဆိုင်နေရသော အထက်ဖော်ပြပါ ကျေးရွာနေပြည်သူများနှင့်အတူ ပေါင်းလောင်းအသင်း(ရန်ကုန်) အမှုဆောင်အဖွဲ့မှလည်း ဖောင်ဒေးရှင်းတည်ထောင်လှူဒါန်းသူ ပေါင်းလောင်းအသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးကျင်တီအား အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

အမှုဆောင်အဖွဲ့

ရက်(၆၀) တရားစခန်းဖွင့်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရုံးဟောင်းလမ်း၊ မြို့ကြီးကုန်းရိပ်သာရပ်ကွက်ရှိ မောင်းထောင်မြေဇင်းတောရတိုက်ခွဲ **အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာ** ဆရာတော် **အရှင်ကေလာသ**သည် မောင်းထောင်မြေဇင်းတောရ ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရက်(၆၀) တရားစခန်းကို ၁၃၇၅ခုနှစ် တော်သလင်းလပြည့်နေ့၊ ၁၉-၉-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၈နာရီတွင် ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်ရောက်လိုသည့် ယောဂီများသည် ကြိုတင်စာရင်းပေးကာ ထိုနေ့၊ ထိုအချိန်တွင် လာရောက်ကြပါရန် အသိပေးအပ်ပါသည်။

မှတ်ချက်= ယောဂီဟောင်းများလည်း ပြန်လည်လက်ခံသည်။

ဆက်သွယ်ရန်

အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာ

ဖုန်း-၀၁-၆၂၉၁၅၃၊ ၀၉-၂၀၃၃၃၄၄၊ ၀၉-၇၃၀၃၅၇၅၇၊ ၀၉-၄၂၁၀၅၂၄၂၀

ကျောင်းအလှူ့ဒါန ပါဝင်လှူဒါန်းနိုင်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာရုံကျောင်း ပရိယတ္တိစာသင်တိုက်၌ စာချ/စာသင် သံဃာတော်အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ၇၀×၆၇ပေ အကျယ်အဝန်းရှိ ၃$\frac{1}{2}$ ကျောင်းဆောင်သစ်အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီခွင့်ပြုချက်ဖြင့် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူ့ဒါန ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ

ဓမ္မာရုံပရိယတ္တိစာသင်တိုက်

ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၅၀၉/က၊ မြေကွက်တည်နေရာအမှတ်(၅၀၉/က)၊ ဇာနည်(၁၅)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်အေးသန်းအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်အေးသန်း၊ (ခင်ပွန်း)ဦးဝင်းစိန်၊ (သမီး)ဒေါ်ညွန့်ညွန့်(အပိုကြီးဘဝဖြင့်) အသီးသီးကွယ်လွန်သဖြင့် ဦးမြင့်သိန်း ၁၂/ဥကတ(နိုင်)၁၁၇၃၉၂၊ ဒေါ်ဝင်းဝင်းသန်း ၁၂/သဃက(နိုင်)၀၆၈၆၇၀၊ ဒေါ်စန်းစန်းဋ္ဌေး ၁၂/သဃက(နိုင်)၀၉၅၆၀၄ တို့က သား၊ သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၁၊ မြေကွက်အမှတ် ၁၇၇၊ မြေကွက်တည်နေရာအမှတ်-၁၇၇၊ (၁၅၁)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဦးတင်လှအမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးတင်လှ ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်နှင်းရီ ၁၂/မရက(နိုင်)၀၄၃၃၉၁ က ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်၊ သေစာရင်းတို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်၆၀မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

[illegible]

ကန့်ကွက်နိုင်ပါသည်

[illegible]

ပျောက်ဆုံးကြောင်း

ကျွန်တော် စိုင်းအောင်လှိုင်ဝင်း၏ Passport No. ၅၆၅၂၅၁ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

စိုင်းအောင်လှိုင်ဝင်း ဖုန်း-၀၉-၂၀၆၅၃၇၇

၈-၈-၂၀၁၃ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၂)၊ ၁၃-၈-၂၀၁၃ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(ခ)၊ ၁၈-၈-၂၀၁၃ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၂)တို့၌ NN - International Ltd. မန်နေဂျင်းဒါရိုက်တာ၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးကျော်ငြိမ်း(ဖောင်တော်သီ)၊ ဒေါ်ခင်မေသန်းတို့မှ ကြေညာခဲ့သည့် ဖိုင်ဆဲလ်(ခ)ဦးချစ်လှိုင် S/DGNMTT-၀၀၀၃၇၆ နှင့် အများသိစေရန်ကြေညာချက်များသည် လုံးဝမှန်ကန်မှုမရှိသည့်အတွက် အမြန်ဆုံး ပြန်လည်ရုပ်သိမ်းပေးရန် NN- International Ltd. ၏ မန်နေဂျင်းဒါရိုက်တာနှင့် သက်ဆိုင်သူများအား ထပ်မံသတိပေး၍

အများသိစေရန် ရှင်းလင်းအသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ်(၉၀)နေ ဦးချစ်လှိုင် (S/DGNMTT -၀၀၀၃၇၆)၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း အသိပေးကြေညာအပ်သည်မှာ-

၁၄-၈-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၄)တွင် ၈-၈-၂၀၁၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၂)၌ NN-International Ltd. မန်နေဂျင်းဒါရိုက်တာ၏လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးကျော်ငြိမ်း(ဖောင်တော်သီ)၊ ဒေါ်ခင်မေသန်းတို့မှကြေညာခဲ့သည့် ဖိုင်ဆဲလ်(ခ)ဦးချစ်လှိုင် S/DGNMTT -၀၀၀၃၇၆နှင့် အများသိစေရန်ကြေညာချက်မှာ လုံးဝမှန်ကန်မှုမရှိသည့်အတွက် ပြန်လည်ရုပ်သိမ်းပေးရန်နှင့် အများသိစေရန် ရှင်းလင်းကြေညာခြင်းကို ကျွန်ုပ်တို့မိတ်ဆွေ၏ ညွှန်ကြားချက်အရ ကြော်ငြာခဲ့ပြီး ဖြစ်ပါသည်။ သို့ရာတွင် ပြန်လည်ရုပ်သိမ်းပေးခြင်းမရှိသည့်အပြင် NN-International Ltd. မန်နေဂျင်းဒါရိုက်တာ၏ လွှဲအပ်ညွှန်ကြားချက်အရဟုဆိုကာ ၁၃-၈-၂၀၁၃ရက် မြန်မာ့အလင်းသတင်းစာ၊ ၁၈-၈-၂၀၁၃ရက် မြန်မာ့အလင်းသတင်းစာများတွင် ထပ်မံ၍ ဖိုင်ဆဲလ်(ခ) ဦးချစ်လှိုင်နှင့် သက်ဆိုင်သူများသိစေရန်ဟု ကြေညာချက်များကို မမှန်မကန်ထည့်သွင်းကြေညာခဲ့ပြန်ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေမှာ အမှတ် ၂၆၊ (HONDA SHOW ROOM)ပြည်လမ်း၊ ၇-မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသည့် Uni Trade Yangon Limited နှင့် ဂျပန်နိုင်ငံမှ USE (SECOND HAND) ကားများကို မြန်မာနိုင်ငံသို့တင်သွင်းသည့်လုပ်ငန်းအတွက် အကျိုးတူလုပ်ကိုင်ဆောင်ရွက်နေသူသာဖြစ်ပြီး၊ လုပ်ငန်းများဆောင်ရွက်ဆဲဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေသည် NN-International Ltd. နှင့် မည်သည့်လုပ်ငန်းကိုမျှ မည်သည့်အခါကမှ လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းမရှိသည့်အတွက် ယုံကြည်အပ်နှံမှုကို ဖောက်ဖျက်ခြင်း၊ ငြင်းဆိုခြင်း၊ ပျက်ကွက်အလွဲသုံးစားပြုခြင်းများ လုံးဝမရှိပါ။ ယင်းကဲ့သို့ မရှိပါဘဲနှင့် ကျွန်ုပ်တို့မိတ်ဆွေ၏ ဂုဏ်သိက္ခာထိခိုက်ညှိုးနွမ်းနစ်နာစေရန်နှင့် အများပြည်သူ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်ထည့်သွင်းကြေညာခြင်းများကို NN-International Ltd. မန်နေဂျင်းဒါရိုက်တာအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ရပ်တန့်ရန်နှင့် ထည့်သွင်းကြေညာခဲ့ပြီးသော ၈-၈-၂၀၁၃ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၂)၊ ၁၃-၈-၂၀၁၃ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(ခ)၊ ၁၈-၈-၂၀၁၃ရက်စွဲ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၂)တို့၌ ပါရှိပြီး ကြေညာချက်များအား ဤကြော်ငြာပါသည့်ရက်မှ သုံးရက်အတွင်း သတင်းစာ၌ ကြော်ငြာပြန်လည်ထည့်သွင်း၍ ရုပ်သိမ်းပေးပါရန်၊ ရုပ်သိမ်းပေးခြင်းမရှိပါက ကျွန်ုပ်တို့မိတ်ဆွေ၏ နစ်နာမှုများအတွက် ဥပဒေနှင့်အညီ တရားမကြောင်း၊ ပြစ်မှုကြောင်းတို့အရ အမှုဖွင့် အရေးယူသွားမည်ဖြစ်ကြောင်း NN-International Ltd. မန်နေဂျင်းဒါရိုက်တာနှင့်တကွ သက်ဆိုင်သူများသိစေရန် ထပ်မံသတိပေး၍ အများသိစေရန် ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စုမွန်ဋ္ဌေးဋ္ဌေး LL.M	ဒေါ်နွယ်နီ LL.B	ဒေါ်အေးအေးစန်း LL.B
အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ	တရားလွှတ်တော်ရှေ့နေ
(စဉ်-၃၅၁၀)	(စဉ်-၃၆၁၄၈)	(စဉ်-၇၆၀၆)

ရန်ကင်း(၁)လမ်း၊ ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

နယ်သတင်းနှင့်ကြော်ငြာ

တောင်ညွန့် အလက(၁)တွင် မုန့်စားဆောင်နှင့် လျှောက်လမ်းသစ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် အလက(၁) ယခင်ဖို့မြေကျောင်းမှ ကျောင်းသားကျောင်းသူဟောင်းများ၏ ကျောင်း၏ နှစ်(၅၀)ပြည့်မြောက် ရွှေရတုကြို အထိမ်းအမှတ်အဖြစ် ကျပ်ငွေ ၃၂ သိန်းအကုန်အကျခံကာ စုပေါင်းတည်ဆောက်လှူဒါန်းသော မုန့်စားတန်းဆောင်နှင့် လျှောက်လမ်းသစ်ဖွင့်ပွဲကို ဩဂုတ် ၂၄ ရက် နံနက်က မုန့်စားတန်းနှင့် လျှောက်လမ်းသစ်ရှေ့တွင် အလှူရှင်များနှင့် ကျောင်းအုပ်ဆရာမကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ **(အပေါ်ပုံ)**

၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းတိုက်ခတ်ခံရမှုကြောင့် ချို့ယွင်းပျက်စီးခဲ့ရသော မုန့်စားဆောင်ကို တာဝန်ရှိသူတို့မှ ပြင်ဆင်အသုံးပြုခဲ့သော်လည်း အောက်ခြေမြေကြီး၊ အကာအရန်မရှိ တာရပတ်အမိုးဖြင့် မိုးမလုံရှိခဲ့ရသည်ဆို၏။ ကျောင်းသားကျောင်းသူဟောင်းများ၏ နှစ်ပတ်လည်အစည်းအဝေးတွင် မိမိတို့၏ညီငယ်ညီမငယ် ကျောင်းသား ကျောင်းသူများ မုန့်စားဆင်းချိန် မိုးလုံ နေလုံသန့်ရှင်းစွာမုန့်စားဆင်နိုင်ရေးအတွက် ရည်ရွယ်ပြီး၂၀၁၄ခုနှစ်တွင် အလက(၁)၏ သက်တမ်း(၅၀)ပြည့် ရွှေရတုအကြိုအထိမ်းအမှတ် ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ ကျောင်းသား ကျောင်းသူဟောင်းအလှူရှင်များကိုယ်စား ဒုတိယဥက္ကဋ္ဌ ဒေါ်သီဂီရင်နှင့် ဦးထင်အောင်လင်းတို့က ဆောက်လုပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းပြပြောဆိုပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူညွန့်က ကျေးဇူးတင်ဝမ်းမြောက်စကားပြန်လည်ပြောကြားခဲ့သည်။

ယခု ဆောက်လုပ်လှူဒါန်းသော မုန့်စားဆောင်မှာ အလျား ၂၄ပေ၊ အနံ ၁၈ ပေ အောက်ခြေ ကွန်ကရစ်ခင်းပြီး ဘေးပတ်ပတ်လည် သံဇကာနှင့် ခြင်လုံဇကာများတပ်ကာ ခေတ်မီဆေးသုတ်အမိုးများ မိုးထားသည်။ မုန့်စားတန်းဆောင်သို့သွားရာ အရှည်ပေ ၄၀၊ အကျယ် ၆ ပေကို ကွန်ကရစ်ခင်း အမိုးမိုးပေးထားသဖြင့် ကျောင်းသား ကျောင်းသူ ၇၆၂ယောက်ရှိသော အလက(၁)တွင် ကျောင်းမုန့်စားဆင်းချိန် နေမပူ မိုးမစိုတော့ဟု သိရသည်။

(အောင်သန်း-မင်္ဂလာတောင်ညွန့်)

ဟိုပုံးမြို့ သိရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရားကြီး ပထမအကြိမ် အလှူငွေပေးအပ်

ဟိုပုံး ဩဂုတ် ၂၉

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့၊ သိရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရားကြီး ပထမအကြိမ် အလှူတော်ငွေပေးအပ်ပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ဩဂုတ် ၂၀ ရက် နံနက် ၁၁ နာရီက ဘုရားကြီးအရှေ့ဘက်မုခ်၌ ကျင်းပရာ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌနှင့်ဇနီး၊ ဒေသဦးစီးအဖွဲ့ဝင်များ၊ ဒေသဦးစီးရုံး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးလွင်နှင့်ဇနီး ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့်အလှူရှင်များတက်ရောက်ကြသည်။

နာယူ

မြို့နယ်သံဃ မဟာနာယကဥက္ကဋ္ဌ ဘဒ္ဒန္တ ဦးအာလောကထံမှ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးခွန်စံလွင်အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

သိရိမင်္ဂလာရွှေချမ်းသာ မွေတော်ဘုရားကြီးအား ဘက်စုံပြုပြင်မွမ်းမံရွှေသင်္ကန်းကပ်လှူနိုင်ရန် အလှူတော်ငွေများပေးအပ်ရာတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံအလှူရှင်များ၏ လှူဒါန်းမှုအစုစုမှာ အလှူငွေကျပ် ၇၂ သိန်း ၇ သောင်း ၉ ထောင်နှင့်တောင်ကြီးမြို့ Palace Hotel မှ ဘိလပ်မြေ ၁၄ အိတ် လှူဒါန်းခဲ့ရာ အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မုန်လုံယာဉ်ပေါ်၌ ကျွန်းတံခါးရွက်နှင့် ကုန်းလိပ်အရွယ်စုံ ဖမ်းဆီးရမိ

ဟိုပုံး ဩဂုတ် ၂၉

ရှမ်းပြည်နယ် ဟိုပုံးမြို့နယ် စခန်းမှူး ဒုရဲမှူးဇော်မိုးလှိုင်ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ဦးစန်းဝင်းမောင် ဦးစီးသောဝန်ထမ်းများပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၄ ရက် ညနေ ၅ နာရီ ၁၅ မိနစ်က သက်သေများနှင့်အတူ ဟိုပုံးမြို့ အဝင်၊ အထွက် ဘီးခွန်ကောက်ဂိတ်တွင်မော်တော်ယာဉ်များအား ရှာဖွေစစ်ဆေးနေစဉ် လွိုင်ကော်မှ တောင်ကြီးသို့ထွက်ခွာသော မုန်လုံယာဉ်ပေါ်တွင် ကျွန်းတံခါးရွက်နှင့် ကုန်းလိပ်အရွယ်စုံ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လွိုင်ကော်မှတောင်ကြီးသို့ ထွက်ခွာလာသော ယာဉ်မောင်း ဝင်းနိုင်မောင်းနှင်သည့် အောင်သပြေယာဉ်လိုင်း ၅ခ/------ ပေါ်တွင် ၆ပေခွဲ× ၂ ပေခွဲဆိုဒ်ရှိ ကျွန်းတံခါးရွက် ၂၄ ချပ်၊ ၃ ပေခွဲ× ၁ ပေခွဲဆိုဒ်ရှိ ကျွန်းတံခါးရွက်ခြောက်ချပ်၊ ၄ပေ× ၁ပေခွဲဆိုဒ်ရှိ ကျွန်းတံခါးရွက် ၁၁ ချပ် စုစုပေါင်း ၄၁ ချပ်၊ (သစ်တန်တွက်ချက်မှုနှင့် တန်ဖိုးစိစစ်ဆဲ)နှင့် ကုန်းလိပ်အရွယ်စုံ ၁၀၅ ကောင်တို့ကို ရှာဖွေဖမ်းဆီးရမိခဲ့သဖြင့် သစ်တောရှာဖွေပုံစံဖြင့်သိမ်းဆည်းထားကာ သက်သေခံပစ္စည်းများကို မြို့နယ်သစ်တောရုံးဝင်းအတွင်းထားရှိပြီး တရားမဝင်သယ်ဆောင်သူ ယာဉ်မောင်းဝင်းနိုင်(၄၅နှစ်) ဆီဆိုင်မြို့နေသူကို ဟိုပုံးမြို့မရဲစခန်းက အမှုဖွင့်ဖမ်းဆီးထားပြီး ကျွန်းတံခါးရွက်ပိုင်ရှင်နှင့် ကုန်းလိပ်ပိုင်ရှင်ကို ဖမ်းဆီးဖော်ထုတ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မင်းကွန်းတိပိဋက=နိကာယ သာသနာပြုဥပဒ္ဓာကအဖွဲ့ လှူဒါန်းနိုင်ပါသည်

မြန်မာနိုင်ငံတော်တွင် အဆင့်မြင့် တိပိဋကဓရ ပရိယတ္တိစာပေများကို သင်ကြားပို့ချနေသည့် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋက=နိကာယကျောင်းတိုက်ကြီးများတွင် ဓမ္မာစရိယအောင်မြင်ပြီး တိပိဋက (၁)ပုံအောင်၊ (၂)ပုံအောင် (၃)ပုံဆောင်၊ (၃)ပုံအောင် ဆရာတော် သံဃာတော်များ ပိဋကတ်စာပေများကို ကျက်၊ အံ၊ ကြိ၊ ကြည့်၍ ဓမ္မခန္ဓာပေါင်း ၈၄၀၀၀ တို့ကို နှလုံးအိမ်၌ ကိန်းအောင်းစေလျက် သီတင်းသုံးနေထိုင်တော်မူကြသော သာသနာ့အာဇာနည်အရှင်သူမြတ်အပါး ၁၅၀တို့အား ဆွမ်း၊ ပစ္စည်းလေးပါး မပူမပင် မကြောင့်ကြရလေအောင် တိ=နိအဖွဲ့များမှ ကြိုးပမ်းဆောင်ရွက်တော်မူ၍ ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်း နေ့-ည စတုမဓုအချိုရည်များ ဆက်ကပ်လှူဒါန်း လျက်ရှိပါသည်။

(၁) ဆွမ်းပဒေသာပင် တစ်ပင်လျှင် ကျပ် ၁၀၀၀၀
(၂) ပစ္စည်းလေးပါးပဒေသာပင် တစ်ပင်လျှင် ကျပ် ၂၀၀၀၀
(၃) ရေ၊ မီး၊ ဆေးပဒေသာပင် တစ်ပင်လျှင် ကျပ် ၅၀၀၀
(၄) စာအောင်ဆုနှင်းပဒေသာပင် တစ်ပင်လျှင် ကျပ် ၅၀၀၀
(၅) တစ်နေ့တာ ကျောင်းရှိ သံဃာအကုန် အရုဏ်ဆွမ်း+နေ့ဆွမ်း ကျပ် ၂၀၀၀၀၀
(၆) ကျောင်းရှိ သံဃာအကုန် အရုဏ်ဆွမ်း ကျပ် ၅၀၀၀၀
(၇) ကျောင်းရှိ သံဃာအကုန် နေ့ဆွမ်း ကျပ် ၁၅၀၀၀၀

လှူဒါန်းပြီး အနုဂါမိက ရွှေအိုးကြီးမြှုပ်နှံ၍ ပရိယတ္တိသာသနာတော်ကြီးအား ချီးမြှောက်တော်မူကြရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။ **(ပိတ်ရက်မရှိ လှူဒါန်းနိုင်ပါသည်။)**

ဆွမ်းပဒေသာပင် (၁၀၀၀)ပြည့်တိုင်း မှတ်တမ်းတင်စာအုပ်ရိုက်နှိပ်၍ ရေစက်ချပွဲအခမ်းအနားကို ရန်ကုန်မြို့ တိပိဋကကျောင်းတော်၌ ကျင်းပပြုလုပ်ပေးပါသည်။

ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ

(၁) တိ=နိ ရန်ကုန် တိပိဋကကျောင်းတော် (၁၂)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ် ဖုန်း-၂၂၂၂၇၇၊ ၂၂၂၂၈၈၊ ၂၂၂၂၇၉ ဖက်စ် ၂၂၂၂၇၈။
(၂) တိ=နိ မန္တလေး (၁၉)၊ ၂၆(ဘီ)လမ်း၊ ပိုက်ကျိုးရပ်၊ မန္တလေးမြို့ ဖုန်း-၀၂-၆၀၄၉၅။

စစ်ကိုင်း-ဝါးချက်-မင်းကွန်းကားလမ်း ကတ္တရာလမ်းခင်းရန် အလှူရှင်များသို့ နှိုးဆော်လွှာ

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသဆရာတော်ကြီး တည်ထောင်တော်မူခဲ့သော မင်းကွန်းတိပိဋကနိကာယကျောင်းတိုက်ကြီးများတွင် သီတင်းသုံးနေထိုင်တော်မူကြသည့် ဆရာတော်ကြီး၏ သားတပည့်များဖြစ်ကြသော ရွှေရတုတိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက ဆရာတော် အရှင်သိလက္ခန္ဓာဘိဝံသ ရွှေရတုတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်အရှင်ဝံသပါလာလင်္ကာရ၊ ရွှေစင်တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော်၊ အရှင်ဂန္ဓမာလာလင်္ကာရ (၁၁)ပါးမြောက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် အရှင်ကုန္ဒပါလနှင့်တိပိဋကဓရတိပိဋက ကောဝိဒအရှင်ကုန္ဒာစရိယတို့သည် ကျောင်းပြင်၊ ကျောင်းဆောက်၊ လမ်းဖောက် စသည့်သာသနာပြုပရဟိတကိစ္စများကို ဆရာတော်ကြီး ဆောင်ရွက်ခဲ့သည့်နည်းတူ စစ်ကိုင်း-ဝါးချက် မင်းကွန်းကားလမ်းကို ဓမ္မနာဒကျောင်းတိုက်အထိ ကတ္တရာလမ်းခင်းလျက်ရှိရာ ကလျာဏနွယ်ဝင်သူတော်စင်အပေါင်းတို့သည် ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

(၁) ကတ္တရာ တစ်ပီပါလျှင် - ကျပ် ၇၀၀၀၀/-
(၂) ကျောက်ကြီးတစ်ကျင်းလျှင် - ကျပ် ၈၀၀၀/-
(၃) ကျောက်လတ်တစ်ကျင်းလျှင် - ကျပ် ၈၀၀၀/-
(၄) ကျောက်သေးတစ်ကျင်းလျှင် - ကျပ် ၁၀၀၀၀/-
(၅) မြေတစ်ကျင်းလျှင် - ကျပ် ၄၀၀၀/-

ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ

(၁) တိ=နိ မန္တလေးဌာန ၁၉/၂၆(ဘီ)လမ်း၊ ပိုက်ကျိုးရပ်၊ မန္တလေး ဖုန်း-၀၂-၃၀၁၉၀
(၂) တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းတောင်ရိုး၊ စစ်ကိုင်းမြို့ ဖုန်း-၀၂-၆၀၄၉၅။
တိ=နိ ရန်ကုန်ဌာန (၁၂)စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ဖုန်း-၂၂၂၂၇၇/၇၈/၇၉

အမှုဆောင်အဖွဲ့
တိ=နိ

ကန့်ဘလူ အထက မြတ်ဆရာပူဇော်ပွဲ

အထက (၁) ကန့်ဘလူ (ယခင် အထက) ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအား ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၁ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပြီး အလှူငွေများ ပါဝင်လိုပါက အောက်ဖော်ပြပါပုဂ္ဂိုလ်များနှင့် ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်။

ရန်ကုန်မြို့
ကိုအောင်စံမြင့် ဖုန်း-၀၉-၇၃၁၀၀၀၆၉
ကိုကျော်မင်းဆွေ(The voice) ဖုန်း-၀၉-၅၀၂၆၆၅၀
ကိုဇေယျာထက် ဖုန်း-၀၉-၄၃၀၃၈၉၄၃
မသန်းသန်းဝင်း ဖုန်း-၀၉-၄၉၅၈၆၆၀၇

ထားဝယ်၊ မြိတ်၊ ကော့သောင်း
ကိုစိုးမြင့်(ရာသက်ပန်) ဖုန်း-၀၉-၈၆၂၄၃၅၂

မြစ်ကြီးနားမြို့
မအေးအေးငြိမ်း ဖုန်း-၀၉-၅၀၆၈၄၄၃

မုံရွာမြို့
ကိုမျိုးမင်းထိုက် ဖုန်း-၀၉-၅၀၈၆၂၆၂

တောင်ငူမြို့
ကိုဇော်နိုင်အေး ဖုန်း-၀၉-၅၀၉၆၂၈၅

မန္တလေးမြို့
ကိုချိုး(ခ)ကိုလှမြင့် ဖုန်း-၀၉-၂၀၃၈၅၅၀
ကိုမောင်မောင်ဦး ဖုန်း-၀၉-၂၀၄၄၂၆၃
ကိုခိုင်ဇော်ဝင်း ဖုန်း-၀၉-၄၄၄၀၂၁၆၁၆
ကိုဝေဟင်စိုး ဖုန်း-၀၉-၅၁၅၈၆၂၆

ကန့်ဘလူမြို့
ကိုဉာဏ်မင်းထွန်း ဖုန်း-၀၉-၆၄၆၆၁၀၆
ကိုဇော်လင်းထွန်း ဖုန်း-၀၉-၆၄၆၆၂၃၂
ကိုနွေဦး ဖုန်း-၀၉-၆၄၆၆၄၇၉
ကိုခိုင်ထွန်းအောင် ဖုန်း-၀၉-၄၀၀၄၃၀၀၃၀

ရွှေဘိုမြို့
ကိုတင်ထွန်းဦး(KT) ဖုန်း-၀၉-၂၀၁၀၁၃၇
ကိုအောင်ခန့် ဖုန်း-၀၉-၂၀၁၄၈၇၉

ဖခင် အမည်မှန်

အမရပူရမြို့နယ်၊ ရွှေကြက်ယက် အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်သန်းငွေး ၉/အမရ(နိုင်)၁၅၉၈၈၂၏ဖခင်အမည်မှန်မှာ ဦးစံရီ ဖြစ်ပါသည်။

ဦးစံရီ

သဲအင်းဂူခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းပွဲ

ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားဝင်းအတွင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၅ရက်မှ ၂၂ရက်အထိ ခုနစ်ရက်အဓိဋ္ဌာန်တရားစခန်းပွဲကို မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ ကျင်းပသွားမည်ဖြစ်ပါသည်။ တရားစခန်းပွဲတွင် အဖွဲ့၏ဩဝါဒါစရိယ၊ ကမ္မဋ္ဌာနစရိယဆရာတော် ဦးမုနိန္ဒ(ကျိုက်ဝိုင်း)အရှင်သူမြတ်က သမထဝိပဿနာတရားတော်များကို ချီးမြှင့်ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ စက်တင်ဘာ ၁၄ရက်(စနေနေ့) ညနေ ၅:၀၀ နာရီအရောက် မှတ်ပုံတင်ကတ်ပြားဖြင့် စာရင်းသွင်းရန် နေ့ဆွမ်း၊ အရုဏ်ဆွမ်း လှူဒါန်းလိုသူများနှင့် ဆွမ်းစားဆောင်ပြုပြင်ရန် အလှူရှင်များ ဖုန်း-၀၉-၈၆၂၃၉၉၇သို့ ဆက်သွယ်ပါရန် နှိုးဆော်အပ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် မြို့သစ်(ခ)၊ မြေကွက်အမှတ် ၁၀၂၊ မြေကွက်တည်နေရာအမှတ် ၁၁၅/ခ၊ ၅လမ်း၊ မြို့သစ်(က+ခ)၊ အင်းစိန်မြို့နယ် ဦးထွန်းရှိန် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးထွန်းရှိန်ကွယ်လွန်သဖြင့် ဒေါ်အုန်းကြွယ် ၁၂/အစန(နိုင်)၀၃၈၀၄၈ က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဒေါ်အုန်းကြွယ်ထံမှ ကိုယ်စားလှယ်လွှဲစာအမှတ် ၉၈၆၃ (၁၈-၆-၁၃)ဖြင့် GP ရသူ ဒေါ်တင်တင်ယု ၁၂/အစန(နိုင်)၁၈၉၄၈၈ က အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ အရောင်းအဝယ်နှင့်မြေကွက်ခွဲစိတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ငွေကြေးနှင့်စီးပွားရေးကြော်ငြာ

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်း ငွေဖြင့် ဝယ်ယူလိုပါသည်။

(က)		Engine Generator	(2) Items
	(၁)	35KVA Engine Generator (Open) With ATS (Cummins, Deudz, Perkins, Lister Petter, John Deere)	3-Nos
	(၂)	18 KVA Engine Generator (Open) With ATS (Perkins)	4-Nos
(ခ)		2 Volt Battery 500 AH (VRLA) (Maintenance Free)	2-Nos
(ဂ)	(၁)	10 KVA AVR (1 Phase) (Input-140~260V) (Output-220 V)	2-Nos
	(၂)	Vacuum Cleaner (220V~240V) 50Hz (1200 W~1500W)	2-Nos
	(၃)	De-Humidifier Floor Stand Type (1 Phase) (220V, 50Hz)	5-Nos
(ဃ)		ရုံးသုံးပရိဘောဂ	(3) Items
	(၁)	Cupboard (Leeco) (6' x1' 6"x3') (Model-3084)	14-Nos
	(၂)	Chair (Sofer)	20-Nos
	(၃)	Table (4'x 2'6"x2'6")	25-Nos
(င)	(၁)	Desktop Computer (Lenovo Idea Center 520 or Equivalent) (Intel Core i5 or greater) 1000 GB, SATA 7200 rpm, 4GB DDR 3 or greater	26-Nos
	(၂)	Laser Printer (Canon) LPB 2900 or Equavalent	12-Nos
	(၃)	Inkjet Printer Toner (Epson) L 210	12-Nos
	(၄)	Laptop Computer (Lenovo U 410 or Dell Inspiron 4321 or Asus X 450cc-WX 117D or Equivalent), (Intel Core i5) (4 GB DDR3)	2-Nos
(စ)		Ribbon	(2)Items
	(၁)	For IBM/Rich Infoprint 6500-v15, High Speed, Line Matrix Printer	110-Nos
	(၂)	For Printronix P 7220, High Speed, Line Matrix Printer	40-Nos
(ဆ)		Computer Bill Form	(2)Items
	(၁)	Continuous Computer Stationary (One Ply) (15"x11") (60 gsm) 2000 SheetsBox	12-Boxes
	(၂)	Continuous Computer Stationary (Two Ply) (15"x11") (60 gsm) 2000 Sheets/Box (or) 1000 Sets/Box	350-Boxes
(ဇ)		Rectifier	(2)Items
	(၁)	Rectifier 48 V. 30A, Input Voltage 100~270VAC (47~63 Hz)	1-No
	(၂)	Rectifier 48 V. 15A, Input Voltage 100~270VAC (47~63 Hz)	1-No

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၆-၉-၂၀၁၃ ရက် ၁၃:၀၀ နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။ သတ်မှတ်ထားသည့် အချိန်ထက်ကျော်လွန်ပေးသွင်းသော တင်ဒါများအား လက်ခံမည်မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့်တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ် ၄၃၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၈၀၂၃၁၊ ၀၁-၃၈၄၇၂၂

အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကိုကိုဇော် ၁၂/သခန(နိုင်)၁၀၈၆၆၃၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ သိဒ္ဓိလမ်း၊ အမှတ်(၈/အေ)တွင် လက်ရှိနေထိုင်လျက်ရှိပြီး နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၁၂/သကတ(နိုင်)၀၉၄၉၉၄ ကိုင်ဆောင်သူ ဒေါ်သောင်းမြင့်(ဘ)ဦးထွန်းစိန် တစ်ဦးတည်းပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇-ဘီ၊ မြေကွက်အမှတ် ၄၆ အနက်မှ ၁၂ဒသမ၅ ပေနှင့် ပေ ၄၀ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်အမှတ်(၈/အေ)၊ သိဒ္ဓိလမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ဟုခေါ်တွင်သော နှစ်ထပ်တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ပေးအပ်ထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အဆောက်အအုံကို အရောင်းအဝယ်ပြုသည့်ကိစ္စရပ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိပြီး ၁၅ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံမှန်ကန်သော စာရွက်စာတမ်းများပြည့်ပြည့်စုံစုံတင်ပြပြီး လူကိုယ်တိုင်တရားဝင် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်ပါသည်။

အကယ်၍ သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စရပ်ကို ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် သတ်မှတ်ကာလကျော်လွန်မှ ကန့်ကွက်လာပါလျှင် ယင်းကန့်ကွက်ချက်ကို လက်ခံစဉ်းစားဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဦးအောင်သန်းစိုး B.A(Law), LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၃)
အမှတ်(၁၂)၊ ၁၀၇လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း-၀၁-၂၉၂၂၆၄၊ ၀၉-၅၁၇၁၀၃၁

ပညာရေးဝန်ကြီးဌာန
အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
National Management College (NMC)

Diploma in Business Management (DBM)

အမှတ်စဉ် (၁) သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် နှင့် STI Education တို့ ပူးပေါင်း၍ Diploma in Business Management (DBM) သင်တန်း အမှတ်စဉ်(၁)ကို ဖွင့်လှစ်မည် ဖြစ်ပါသည်။

၁။ အောက်ပါအရည်အချင်းတစ်ခုခုနှင့် ပြည့်စုံသူများတက်ရောက်နိုင်ပါသည်။
(က)တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး Certifcate in Business Management (CBM) အောင်မြင်ထားသူများ
(ခ) စီးပွားရေးစီမံခန့်ခွဲမှုနှင့်သက်ဆိုင်သော ဘွဲ့/ဒီပလိုမာရရှိပြီးသူများ
(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့တစ်ခုခုရရှိပြီး စီမံခန့်ခွဲမှုနှင့်သက်ဆိုင်သော အောင်လက်မှတ်ရရှိပြီးသူများ

၂။ သင်တန်းကာလ (၁)နှစ် ကြာမြင့်ပြီး စက်တင်ဘာလ (၂၁)ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်။

၃။ ဒီပလိုမာသင်တန်း အောင်မြင်ပြီးသူများသည် Advanced Diploma သင်တန်းမှတစ်ဆင့် The Open University of Hong Kong ၏ **Bachelor of Business Administration (BBA) in Management** ဘွဲ့နောက်ဆုံးနှစ်သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်ပါသည်။ Advanced Diploma ၏သင်တန်းကာလမှာ(၁)နှစ် ဖြစ်ပြီး BBA နောက်ဆုံးနှစ်၏ သင်တန်းကာလမှာ(၁)နှစ် ကြာမြင့်ပါမည်။

၄။ **Business Management** သည် စီးပွားရေးစီမံခန့်ခွဲမှု၏ အခြေခံဘာသာရပ်များဖြစ်သည့် စီမံခန့်ခွဲမှု ပြောဆိုဆက်သွယ်မှု လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု ဈေးကွက်ထိုးဖောက်ခြင်း စာရင်းကိုင်ပညာနှင့် IT ပညာတို့ကို သင်ကြားရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက မန်နေဂျာများ စီးပွားရေးလုပ်ငန်းရှင်များ စီမံခန့်ခွဲမှုဆိုင်ရာ အရာရှိများအဖြစ် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ပါသည်။

၅။ ပညာအရည်အချင်းအထောက်အထား (မူရင်းနှင့်မိတ္တူ) နိုင်ငံသားစိစစ်ရေးကဒ်ပြား (မူရင်းနှင့်မိတ္တူ) လိုင်စင်ဓါတ်ပုံ (၃)ပုံ တင်ပြရမည်။

(လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ **STI Education**
ကုန်သည်လမ်း (၅၃-၅၄ လမ်းကြား) ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးအနီး၊ ဗိုလ်တထောင်မြို့နယ်
ဖုန်း - ၃၇၇၉၉၈၈၊ ၀၁၀၃၄၅၀၄၇၅၊ ၀၉၄၂၀၁၃၀၇၃၀၊ ၅၀၁၁၅၁/၅၂ ၅၀၁၀၄၈၊ ၀၉၄၂၀၁၈၃၁၅၅၊ ၀၉၄၂၀၂၅၄၈၃၂

☎:01-512443, 09-73017656
[illegible]
Ks 32000/

ကားရောင်းမည်

Townace Light Truck
ပုဇင်းခေါင်း၊ 2005, ခါတ်ဆီ
Manual
ယာယီ၊ 1 တန်၊ ငွေကျပ် ၁၄၅ သိန်း
ဖုန်း-၀၉-၄၃၀၆၄၆၁၅

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၂၈၂/က၊ မြေကွက်တည်နေရာအမှတ် ၂၈၂/က၊ သီလ ၉လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးမြင့်အောင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမြင့်အောင်နှင့်ဇနီး ဒေါ်နှင်း ကွယ်လွန်သဖြင့် ဒေါ်တင်လှ ၁၂/ဥကတ(နိုင်)၀၃၈၈၄၁၊ ဒေါ်မြအေး ၁၂/ဥကတ (နိုင်)၀၃၈၈၀၈၊ ဦးအောင်ဒွေး ၁၂/ဥကတ(နိုင်)၀၃၈၈၁၁တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် စိုက်မွေး(၃)၊ မြေကွက်အမှတ် ၁၀၅၊ မြေကွက်တည်နေရာအမှတ် (၃၄၆)၊ မြေကွက်အမှတ် (၁၀၅)၊ ငထင်ငယ်လမ်း၊ စိုက်မွေး (၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ဦးတင်စိုး ၁၂/လကန(နိုင်)၁၃၀၆၉၂ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးတင်စိုးကွယ်လွန်သဖြင့် ဒေါ်ချိုချို ၁၂/လကန (နိုင်)၁၃၀၆၃၃ က တစ်ဦးတည်းသောတရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာချက်

မအိဖြူခင် ၁၂/သဃက(နိုင်)၁၇၄၄၀၃၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ၈/မြောက်ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ တိုက်အမှတ် (င/၂၄၈)၊ အခန်းအမှတ် (B-1)၊ မြောက်ဘက်ခြမ်း၊ ခြေရင်းခန်း၊ မြေညီထပ် ကန်ထရိုက်တိုက်ခန်းနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်မှုအရပ်ရပ်အကျိုးခံစားခွင့်အားလုံးတို့ကို အဒေါ်ဖြစ်သူ ဒေါ်ဝင်းတင် ၁၂/သဃက(နိုင်)၀၄၆၁၁၉၊ မကွယ်လွန်မီ ၁-၅-၂၀၁၃ရက်စွဲပါ မေတ္တာစေတနာဖြင့် အပြီးအပိုင်ပေးကမ်းခြင်း၊ ကတိစာချုပ်ဖြင့် ကျွန်ုပ်၏မိတ်ဆွေတူမတော်သူ မအိဖြူခင်ကို အပြီးအပိုင်ပေးကမ်းလက်ခံရရှိခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါနေရပ်လိပ်စာပါရှိ တိုက်ခန်းကို မအိဖြူခင်၏ခွင့်ပြုချက်မရရှိဘဲ တစ်စုံတစ်ရာမျှ ဆောင်ရွက်နိုင်မည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

မအိဖြူခင်၏လွှဲအပ်ညွှန်ကြားချက်အရ-
လမ္ဘတော် ဦးစိန်ဝင်း (၁၂၅၄၃)
ဥပဒေဆိုင်ရာအကြံပြုရှေ့နေကြီး
အမှတ် (၁၁၆၁)၊ ဖေယျာသုခလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၁-၅၅၉၀၈၆၊ ၀၉-၄၃၀၆၇၅၈၁၊ ၀၉-၄၃၁၆၇၄၅၁

အများသိစေရန်ကြေညာချက်

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ -

[illegible]	[illegible]
LL.B, WIPO (Switzerland)	LL.B, WIPO (Switzerland)
အထက်တန်းရှေ့နေ	တရားလွှတ်တော်ရှေ့နေ

RIGHT LAW FIRM

[illegible]

ပျောက်ဆုံးကြောင်းကြေညာခြင်း

ကျွန်တော်၏ မြေချပါမစ် ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်း ၉၀၊ မြေကွက်အမှတ် ၄၉၄ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန် ကြေညာအပ်ပါသည်။ လက်ခံထားပါက ဥပဒေအရအရေးယူဆောင်ရွက်သွားပါမည်။

ဦးကျော်ဇင်စိုး ၁၂/လမတ(နိုင်)၀၂၄၈၆၇
ဖုန်း-၀၉-၅၁၉၂၇၃၉

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)၊ လူနေရပ်ကွက်အမှတ် (၃)၊ မြေကွက်အမှတ် (၁၁၄၉/က)၊ အကျယ်အဝန်းပေ (၂၀×၆၀)၊ ဧရိယာ စတုရန်းပေ ၁၂၀၀ရှိသော နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သာကေတမြို့နယ်၊ အနောက်(၃)ရပ်ကွက်၊ ရန်ပြေ (၁၉)လမ်း၊ အမှတ် (၇)ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက် လက်ဝယ်ရှိပိုင်ဆိုင်သူ ဦးအီစမိုင် ၁၂/သကတ(နိုင်)၁၃၂၅၁၆ ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေအချို့ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါရှိပြီး ခုနစ်ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျင်ငွေ	ဒေါ်ခင်ဝင်းဖြူ	ဒေါ်ဝင်းဝင်းခိုင်
B.A (Eng).,R.L	LL.B.,D.B.L	LL.B
တရားလွှတ်တော်ရှေ့နေ(၂၄၂၅)	အထက်တန်းရှေ့နေ(၂၆၁၃၆)	အထက်တန်းရှေ့နေ(၃၂၀၅၅)

အမှတ် ၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

အင်းစိန်မြို့၊ ဖော့ကန်ရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အိမ်အမှတ်(၁၇၃၉)၊ သုခလမ်းသွယ်ထိပ်၊ ပေ(၂၅×၅၀) မြေပေါ်တွင်ရှိသော နေအိမ်ခြံမြေနှင့်ရေမီးအပြည့်အစုံပါရှိသော နှစ်ထပ်အိမ်နှင့်တကွ အကျိုးခံစားခွင့်အဝဝကို အစဉ်အဆက်နေထိုင်ပိုင်ဆိုင်သူ ဒေါ်သေး(ခ)ဒေါ်သိန်ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည် အထိဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်လှသီတာစန်း: LL.B,DML,DBL,DIL,DIT	ဒေါ်ဇင်ဝေမိုး: LL.B,D.B.L,D.I.L
အထက်တန်းရှေ့နေ(စဉ်-၂၉၉၈၇)	အထက်တန်းရှေ့နေ(စဉ်-၃၉၀၀၄)

ကြော်ငြာ

မြဝတီစာပေဆုရ
အငြိမ်းစားဗိုလ်မှူးကြီး
မျိုးခင်
အတွဲ(၄)
ထွက်ပြီ

အနော်ရထာလမ်းမတန်း မြေကွက်ရောင်းရန်ရှိသည်

အမှတ် ၁၃၃၊ အနော်ရထာလမ်းမကြီးနှင့် ဗိုလ်မြတ်ထွန်းလမ်း (ယခင်ခရစ်လမ်း)ထောင့်၊ ဗိုလ်တထောင်မြို့နယ်ရှိ ဝဒသမဝ၆၈ဇကေ၊ (2970 Sqft) အကျယ်အဝန်းရှိသော လမ်းတစ်ဘလောက်စာရှိမြေကွက် ရောင်းရန်ရှိသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၈၃၀၃၉၉၉၊ ၀၉-၅၀၂၁၅၃၈၊ ၀၉-၈၃၀၂၆၆၆

အများသိစေရန်ကြေညာခြင်း

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ တောင်ရင်းရပ်ကွက်၊ ဟင်္သာတကျောင်းလမ်း၊ အမှတ် ၂၃၂ အကျယ်အဝန်း ပေ (၄၀×၆၀)ရှိ မြေနှင့်ယင်းမြေပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များကို ကျွန်ုပ်၏အမှုသည် ဒေါ်လှအေး ၁၁/ကဖန(နိုင်)၀၀၄၉၃၅က မူလပိုင်ရှင် ဦးခင်သန်း ၁၁/မပတ(နိုင်)၀၁၀၅၇၀ထံမှ အပြီးအပိုင်ဝယ်ယူရရှိခဲ့ပြီး ယနေ့တိုင်လက်ရှိပိုင်ဆိုင်ထားပါသည်။ သို့ဖြစ်၍ ယင်းမြေနှင့် နေအိမ်အဆောက်အအုံကို လက်ရှိထားပိုင်ဆိုင်သူ ဒေါ်လှအေး၏ ခွင့်ပြုချက်မရရှိဘဲ မည်သူမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းစသည့် လွှဲပြောင်းခြင်းတစ်မျိုးမျိုးမပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်ခြင်းခံရမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

ဒေါ်လှအေး၏ညွှန်ကြားချက်အရ-

ဦးကျော်စွာဝင်း LL.B
အထက်တန်းရှေ့နေ

ဦးဝင်းဌေး LL.B,D.B.L, D.M.L
ဒေါ်ပပခင် LL.B
တရားလွှတ်တော်ရှေ့နေများ

အမှတ် ၅၆၁၊ ပထမထပ်၊ MAC Tower၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ဇော်(ဘ)ဦးသိန်းမြင့် ၇/ကပက(နိုင်)၀၆၃၃၄၇၏ယုံမှတ်အပ်နှံညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

၁။ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ စက်တိုင်ကုန်းရပ်ကွက်၊ ရန်ကုန်ပြည်လမ်းမပေါ်ရှိ ဦးပိုင်အမှတ်(၂၇၆^က)ဂရန်မြေကွက်နှင့် ၄င်းမြေကွက်ပေါ်ရှိ အဆောက်အအုံနှင့်

၂။ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ စက်တိုင်ကုန်းရပ်ကွက်၊ အနောက်မြို့ပတ်လမ်း၊ ဦးပိုင်အမှတ် ၁၉၃ ဂရန်မြေကွက်နှင့် ၄င်းမြေကွက်ပေါ်ရှိ အဆောက်အအုံတို့မှာ ကျွန်ုပ်မိတ်ဆွေဦးဇော်ဇော် အမည်ပေါက်ပြီး ဦးဇော်ဇော်မှ ပိုင်ဆိုင်ပါသည်။ ဦးဇော်ဇော်ပိုင် ၄င်းပစ္စည်းများအားကျွန်ုပ်မိတ်ဆွေ သိရှိခြင်းမရှိဘဲ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်းများ လုံးဝမပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။

အကယ်၍ အခြားတစ်ယောက်ယောက်မှ ကျွန်ုပ်မိတ်ဆွေမသိဘဲ စာချုပ်စာတမ်းအတုပြုလုပ်၍ ၄င်းကျွန်ုပ်မိတ်ဆွေ၏ ပိုင်ဆိုင်ခွင့်နှင့် ၄င်းမိသားစု၏ ဂုဏ်သရေကို ထိခိုက်အောင်ပြုမူပြောဆိုလာပါက ဥပဒေနှင့်အညီ တည်ဆဲဥပဒေဖြင့် အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးခင်မောင်လတ်
B.A(Law),LL.B(Advocate)
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၂၈၃)
အမှတ် ၁၀/၁၂(ပ)ထပ်(H)၊ ၃၅ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၀)၊ မြေကွက်အမှတ်(၃၁၄)၊ မြေအကျယ်အဝန်းပေ(၄၅×၆၀)ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၉)၊ ထွန်းသီရိ ၆လမ်း၊ (၃၀)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ဟု ခေါ်တွင်သောနေအိမ် (ရေ၊ မီးအစုံ)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေစာရင်းအမည်ပေါက်သူ ဦးလှမြင့် ၁၂/ဥကမ(နိုင်)၀၃၈၁၇၇ က ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၂၇၆/၁၁)ဖြင့် လွှဲအပ်ပေးထားသဖြင့် တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုသူ (၁) ဒေါ်ဝင်းမြတ်အေး ၁၂/ကမတ(နိုင်)၀၀၅၇၁၅၊ (၂) ဒေါ်သီတာဇော်ညွှန့် ၁၂/ဒဂန(နိုင်)၀၂၃၉၄၅တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏တစ် စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဖြူဖြူဇော်(စဉ်-၃၀၉၃၈)
LL.B,D.I.L, WIPO(Switzerland)
အထက်တန်းရှေ့နေ
အမှတ်(၁၄၃)၊ လေးလွှာ(A)၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၂၂၉၆၆၆၊ ၀၉-၇၃၂၀၀၆၄၆၊ ၀၉-၇၃၂၅၅၂၂၊ ၀၉-၇၃၂၀၈၀၁၇

ဦးမောင်မောင်ဘုန်းမြင့် (ဆရာဘုန်း)၏

ကန့်ကွက်နိုင်ပါသည်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်အမှတ်(၁)၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြေကွက်အမှတ်(၃၁၄/က)ဟု ခေါ်တွင်သော အလျားပေ ၄၀ × အနံပေ ၆၀၊ ဧရိယာ ၀ဒသမ၀၆၂ဧကပေါ်ရှိ ဦးမျိုးသန့် (ဘ) ဦးမင်းလွင် ၁၂/အစန(နိုင်)၀၆၁၂၁၄ ဂရန်အမည်ပေါက်သော အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်မြင့်ကြည် (ဘ) ဦးတင်ငြိမ်း ၇/ပခန(နိုင်)၀၈၀၈၁၀ ထံမှ ဆက်စပ်စာချုပ်များဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား စပ်ဆိုင်သူများနှင့်ပိုင်ရေးဆိုင်ခွင့်ရှိသူများက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသိန်းလွင် LL.B, B.Ed, M.Ed(Q)
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၁၂၂)
အမှတ်(၈၀၅)၊ တကောင်းလမ်း၊ (၁၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၀၄၇၀၆၆

ကန့်ကွက်နိုင်ပါသည်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကန့်ကွက်နိုင်ပါကြောင်း

